# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**

၁၃၇၇ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၉ ရက်    ၂၀၁၅ ခုနှစ်၊ ဇူလိုင် ၂၅ ရက်၊ စနေနေ့၊    အတွဲ [၅၄]၊ အမှတ် [၂၉၃]


## ဝီရိယနှင့် ဆန္ဒအကျိုး

**ဝီရိယဝတော ကိံ နာမ ကမ္မံ န သိဇ္ဈတိ။**

ဝီရိယရှိသော ပုဂ္ဂိုလ်များအတွက် မပြီးမမြောက်နိုင်သည့် အလုပ်ကိစ္စဟူသည် မရှိ။

**ဆန္ဒဝတော ကိံ နာမ ကမ္မံ န သိဇ္ဈတိ။**

ဆန္ဒရှိသော ပုဂ္ဂိုလ်များအတွက် မပြီးမြောက်နိုင်သည့် အလုပ်ကိစ္စဟူသည် မရှိ။

(မူလဋီ၊ ၃၊ ၁၆၉။)

## သတ္တမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့(၄၇)ပါးစုံညီ အငြိမ်အစည်းအဝေး ဒုတိယနေ့ကျင်းပ


စာမျက်နှာ-၈




## နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကိုရီးယားကျေးလက် ဖော်ပိုရေးရှင်းမှ အမှုဆောင်အရာရှိချုပ်ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ


စာမျက်နှာ-၃


# စနစ်ကျနသော ကြိုတင်ပြင်ဆင်မှုများ၊ ပြန်လည်ထူထောင်မှုများဖြင့် သဘာဝဘေးအန္တရာယ်ကို ရင်ဆိုင်ကျော်လွှားကြမည်



စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ရေကြီးရေလျှံမှုဖြစ်ပွားရာ ဒေသခံများမှ ကူညီကယ်ဆယ်မှုများ ပြုလုပ်ပေးနေစဉ်။

ကမ္ဘာတစ်ဝန်း၌ တစ်စတစ်စ ရာသီဥတု ဖောက်ပြန်လာမှုများကြောင့် သဘာဝဘေးအန္တရာယ်များကို လူသားတို့ တစ်နှစ်ထက်တစ်နှစ် ပိုမိုကြုံတွေ့လာနေရသည်။ မြန်မာနိုင်ငံတွင်လည်း အလားတူ ရာသီဥတု ဖောက်ပြန်မှုကြောင့် ဘေးဒုက္ခအန္တရာယ်များနှင့် နှစ်စဉ်ပိုမိုကြုံတွေ့မှုများ ရှိလာခဲ့သည်။

ယခုနှစ်တွင် မြန်မာနိုင်ငံရှိ နေရာဒေသအများအပြား၌ မိုးရေချိန် ပိုမိုရွာသွန်းခဲ့မှုကြောင့် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့ရာ ယင်းဒေသများရှိ ပြည်သူများအား ရေဘေးလွတ်ရာနေရာများသို့ ကူညီကယ်ဆယ်ရွှေ့ပြောင်းမှုများကို သက်ဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံများ၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် လူမှုအဖွဲ့အစည်းများက ဝိုင်းဝန်းကူညီဆောင်ရွက်လျက်ရှိသည်။


စာမျက်နှာ ၆ ကော်လံ ၁ ❍


သတင်းဆောင်းပါး
ဟန်နီဝင်း၊ အောင်သူရ


## မြန်မာနိုင်ငံအတွက် သနပ်ခါးထက် ပိုပြီးကောင်းမွန်တဲ့ နေရောင်ကာ ပစ္စည်းမရှိ



ဒေါ်ဝင်းစုစုထွန်း

ကျွန်မကဒေါ်ဝင်းစုစုထွန်းပါ။ ကျွန်မတို့ရုံးအဖွဲ့ ပိတ်ရက်မှာ ပုဂံ၊ ညောင်ဦး ခရီးသွားခဲ့ကြပါတယ်။ အညာဒေသကလည်း အရမ်းပူတော့ အကျီလွတ်တဲ့နေရာ(လက်တို့၊ ခြေတို့) တွေဆို နေလောင်ဒဏ်ခံခဲ့ရတယ်။ နေလောင်တဲ့ဒဏ်ကြောင့် ကျွန်မမျက်နှာဆိုရင် မဖြူရတဲ့အထဲ မည်းပြာသွားတယ်။ ဒီကြားထဲ အသားတွေယားယံပြီး မိတ်ဖုတွေလည်း ထွက်လာသေးတယ်။ အစ်မတစ်ယောက်ကသူယူလာတဲ့ **ရွှေပြည်နန်းခရေသနပ်ခါး**ကို လာပေးပါတယ်။ လိမ်းကြည့်လိုက်တာ မိတ်ဖုတွေ သက်သာလာခဲ့တယ်။ **ရွှေပြည်နန်းအစိမ်းရောင်သနပ်ခါး**ကို လိမ်းလိုက် နေလောင်ဒဏ်ကာကွယ်တယ်လို့လည်း ပြောပါတယ်။ ခရီးကပြန်ရောက်တော့ အိမ်မှာဆက်ပြီး လိမ်းခဲ့တယ်။ (၁၅)ရက်လောက်ကြာတော့ ကျွန်မအသားအရေ ဝင်းလာတယ်။ မိတ်ဖုတွေကတော့ အရှင်းပျောက်သွားတယ်။ ဝယ်ယူသုံးကြည့်တော့ ရွှေပြည်နန်းအမျိုးအစားတစ်ခုစီမှာ အကျိုးထူးလေးတွေရှိမှန်း သိလိုက်ရတယ်။ အလွန်တစ်ရာမှ ကောင်းမွန်သော နည်းပညာများနဲ့ ဖော်စပ်ထားတဲ့ ရွှေပြည်နန်းသနပ်ခါးကုမ္ပဏီကို ထာဝရအောင်မြင်ပါစေလို့ ဆုတောင်းမေတ္တာပို့သလိုက်ပါတယ်။ **ယုံကြည်စွာနဲ့ အမြဲသုံးစွဲလျက်ပါ။** ကျေးဇူးလည်းတင်ပါတယ် ရွှေပြည်နန်းရယ်...

ဒေါ်ဝင်းစုစုထွန်း (Admin Head, KTN Logistic & Transportation)

ထပ်ဆင့်ထောက်ခံအပ်ပါသည်။ ။ဒေါ်သီတာအောင် (EATON LOGISTIC CO.,LTD.)

(ရွှေပြည်နန်း သနပ်ခါးသုံးစွဲရခြင်းကြောင့် ရရှိသောအကျိုးကျေးဇူးများနှင့် ပတ်သက်၍ ကိုယ်တိုင်ကြုံတွေ့ရသော ဖြစ်ရပ်များကို အခြေခံပြီး (စာမျက်နှာ ကန့်သတ်ချက်မရှိ) နေရပ်လိပ်စာအပြည့်အစုံ၊ ဆက်သွယ်ရန်ဖုန်းနံပါတ်တို့ဖြင့် အမှတ်-၂၈ (H)၊ အင်းယားမြိုင်လမ်း၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူပြီးရေးသား ပေးပို့နိုင်ပါကြောင်း လေးစားစွာဖြင့် ဖိတ်ခေါ်အပ်ပါသည်)

## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

### မဲပေးခွင့်နောက်ဆုံးအခွင့်အရေး

မြန်မာနိုင်ငံတွင် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးကို လာမည့်နိုဝင်ဘာ ၈ ရက်တွင် ကျင်းပတော့မည်ဖြစ်ပါသည်။ ဒီမိုကရေစီစနစ်အရ နိုင်ငံတော်ကို ဦးဆောင်ဦးရွက်ပြုမည့် အရည်အချင်းပြည့်ဝသော လွှတ်တော်ကိုယ်စားလှယ်လောင်းများကို ရွေးချယ်တင်မြှောက်ပေးရန်မှာ ပြည်သူတစ်ရပ်လုံး၏တာဝန်ပင်ဖြစ်ပါသည်။ အသက် ၁၈ နှစ်ပြည့်ပြီး နိုင်ငံသားတိုင်း ဆန္ဒမဲပေးရွေးချယ်ပေးရန် တာဝန်ရှိပါသည်။ သို့သော် ရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ထားသော စည်းကမ်းချက်များနှင့်အညီ မဲပေးနိုင်မည်ဖြစ်ပါသည်။ သို့မဟုတ်ချေက မဲပေးနိုင်ခွင့် အခွင့်အရေးဆုံးရှုံးသွားနိုင်ပါသည်။

ဆန္ဒမဲပေးကြမည့် ပြည်သူများအနေဖြင့် မိမိတို့အမည် အခြေခံမဲစာရင်းတွင် ပါ၊မပါ ရပ်ကွက်နှင့်ကျေးရွာအုပ်စုကော်မရှင်ခွဲရုံးများတွင် ကြိုတင်၍ သွားရောက်ကြည့်ရှုထားရမည်ဖြစ်ပါသည်။ အကယ်၍ အခြေခံမဲဆန္ဒရှင်စာရင်းတွင် မိမိအမည်မပါရှိခဲ့ပါက ပုံစံ(၃)ဖြင့်လည်းကောင်း၊ မဲစာရင်းအချက်အလက် မှားယွင်းနေပါက ပုံစံ(၄-က)ဖြင့်လည်းကောင်း၊ မဲစာရင်းတွင်မပါဝင်သင့်သော ကွယ်လွန်သူများ၊ အကျဉ်းချထားခြင်း ခံရသူများဖြစ်ပါက ပုံစံ(၄)ဖြင့် လည်းကောင်း ပြင်ဆင်ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

ထို့ကြောင့်လည်း ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးက ဇူလိုင် ၂၂ ရက်တွင်ကျင်းပသော သတင်းစာရှင်းလင်းပွဲတွင် "အခြေခံမဲဆန္ဒရှင် မဲစာရင်းအားလုံးကို ဇူလိုင် ၃၀ ရက်အထိ တစ်နိုင်ငံလုံးမှာ အဆင့်လေးဆင့်ခွဲကြေညာပြီးပြီဆိုတာနဲ့ တစ်နိုင်ငံလုံး မဲဆန္ဒရှင်စာရင်းတွေ ကြေညာမယ်။ ဘယ်အချိန်လောက်မှာ တစ်နိုင်ငံလုံးစာရင်းတွေ ကပ်မလဲဆိုရင် ဩဂုတ်လနောက်ဆုံးပတ်လောက် ကပ်ဖြစ်မယ်ထင်ပါတယ်။ အဲဒီအချိန် ၁၄ ရက်ကပ်ပြီးရင်တော့ မဲဆန္ဒရှင်စာရင်းကြေညာပေးတာ နောက်ဆုံး (Final) ပါပဲ။ ဒါကြောင့် ကိုယ့်နာမည်မပါရင် ဖြည့်ပါ။ မှားနေရင်ပြင်ပါ။ မပါသင့်သူတွေပါရင် ပယ်ဖျက်ပါ။ နောက်ဆုံးအဆင့် တစ်နိုင်ငံလုံးအတွက် မဲဆန္ဒရှင်စာရင်းကို ၁၄ ရက်ကြေညာပြီးတာနဲ့ ပြင်ဆင်တာတွေအားလုံး ကျွန်တော်တို့ကော်မရှင်က လုပ်မပေးနိုင်ပါဘူး" ဟူ၍ ပြောကြားခဲ့ပါသည်။

သို့ရာတွင် နောက်ဆုံးအနေဖြင့် မဲစာရင်းတွင် မိမိအမည်ပါဝင်ပြီး အချက်အလက်များမှားယွင်းနေပါက သက်ဆိုင်ရာ မဲရုံမှူး၊ မဲရုံအဖွဲ့ဝင်၊ ရွေးကောက်ပွဲကိုယ်စားလှယ်၊ အုပ်ချုပ်ရေးအဖွဲ့၊ ရပ်ကွက်နှင့်ကျေးရွာ ကော်မရှင်အဖွဲ့များ၏ ထောက်ခံ၊ အာမခံချက်ဖြင့် မဲပေးခွင့်ပြုမည်ဖြစ်သော်လည်း အမည်မပါလာပါက မဲပေးခွင့် ဆုံးရှုံးမည်ဖြစ်ပါသည်။ မဲပေးခွင့်များ မဆုံးရှုံးအောင် မဲစာရင်းကြိုတင်ကြည့်ရှုရန် အရေးကြီးပါသည်။ နှမ်းတစ်စေ့တည်းနှင့် ဆီမဖြစ်နိုင်သော်လည်း နှမ်းစေ့များပေါင်းလိုက်သောအခါ ဆီဖြစ်ပါသည်။ ထို့အတူ ထောက်ခံမဲပြားများ စုပေါင်းလိုက်သောအခါ မိမိတို့တင်မြှောက်လိုသော ကိုယ်စားလှယ်လောင်းကို ရွေးချယ်တင်မြှောက်နိုင်ပါသည်။ သို့ပါ၍ မဲပေးခွင့်နောက်ဆုံးအခွင့်အရေးကို လက်လွှတ်မခံဘဲ မဲစာရင်းများ ကြိုတင်ကြည့်ရှု ပြင်ဆင်မှုများပြုကြရန် ထပ်လောင်း၍ တိုက်တွန်းအပ်ပါကြောင်း။ ။

# အထွေထွေရွေးကောက်ပွဲကို ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပမည်

" မဲစာရင်းမှာအမည်ပါမှ မဲပေးနိုင်ကြောင်း သတိချပ်စေလိုပါသည်။
မဲစာရင်းမှားယွင်းမှုရှိနေသော်လည်း မဲပေးခွင့်မဆုံးရှုံးနိုင်ပါ။
မဲပေးပိုင်ခွင့်ရှိသူ အမှန်ဖြစ်ကြောင်း တာဝန်ခံပြောကြားသူရှိလျှင် ပြင်ဆင်ရေးမှတ်၍ မဲပေးခွင့်ပြုရမည်ဟု
လွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေများ ၅၀ (ဂ)တွင် အတိအလင်း ပြဋ္ဌာန်းထားပါသည်။ "

## အင်းတော်လေးအင်းတွင် ငါးမျိုးသယံဇာတစိုက်ထည့်

**အင်းတော် ဇူလိုင် ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ်ရှိ အင်းတော်လေး အင်းအတွင်း ငါးသယံဇာတပေါများရေး ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကို ဇူလိုင် ၂၂ ရက်က သက်ဆိုင်ရာဌာနဆိုင်ရာများ၊ ဒေသခံများနှင့်ပူးပေါင်း၍ ကသာမြို့နယ်ရှိ ငါးလုပ်ငန်းဦးစီးဌာနမှ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



အဆိုပါ အခမ်းအနားဖြစ်မြောက်စေရန် ကသာမြို့နယ်ရှိ ငါးလုပ်ငန်းဦးစီးမှူးဦးဝင်းတင် ဦးစီး၍ အင်းတော်မြို့နယ် စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့များ၊ NGO လူမှုအဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများ၊ ကသာမြို့ရှိ ငါးလုပ်ငန်းအဖွဲ့ချုပ်အဖွဲ့သားများနှင့် ဒေသခံပြည်သူများ တက်ရောက်၍ ငါးကြင်းမျက်ဆန်နီ၊ ငါးခုံးမ၊ ငါးသိုင်းခေါင်းပွ၊ ရွှေဝါငါးတန်စုစုပေါင်းအကောင်ရေ ရှစ်သောင်းကို အင်းတော်လေးအင်းအတွင်း ငါးမျိုးစိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။

"နှစ်အနည်းငယ်အတွင်းမှာ ငါးဈေးကောင်းလာတော့ အင်းအတွင်းနေ့ည ငါးရှာဖွေသူများ မပြတ်ရှိလာသဖြင့် ငါးမျိုးစိတ်များလျော့နည်းကျဆင်းလာချိန် ငါးမျိုးစိုက်ထည့်ပေးလာတာ အထူးကျေးဇူးတင်ပါတယ်။ ငါးရှာလုပ်သားတွေကိုလည်း စည်းကမ်းရှိဖို့ ဟင်းအိုးကြီးသဖွယ် ရှာဖွေစားသောက်နိုင်စေရန် အသိပညာပေးလုပ်ငန်းပြုလုပ်ပေးပြီး အင်းအတွင်း ငါးသယံဇာတများ ပျောက်ဆုံးမှုမရှိအောင်နှင့် အလုပ်အကိုင်အခွင့်အလမ်းကောင်း ရရှိလာနိုင်အောင် လမ်းညွှန်အသိပေးခြင်း၊ အင်းအနီးရွှေရှာရေးလုပ်ငန်းမှ နွံ့နွံအမှိုက်များ၊ ရေနောက်များ ကျဆင်းမှုမရှိစေရန်လည်း ဆောင်ရွက်ပေးချင်ပါတယ်"ဟု အင်းအနီးသက္ကယ်ချင်းရွာမှ ဒေသခံတစ်ဦးက ပြောကြားသည်။

**ငွေအိုး(ကသာ)**

## ဖီးကုန်း၌ ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေး

**ဖီးကုန်း ဇူလိုင် ၂၄**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ဖီးကုန်းမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ ကြီးမှူးကျင်းပသော ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးသင်တန်း (၁/၂၀၁၅) ဖွင့်ပွဲ အခမ်းအနားကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဇူလိုင် ၂၃ ရက် နံနက် ၉ နာရီက ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးကျော်မြင့်လှိုင်က အမှာစကားပြောကြားပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးကျော်မိုးဦးက သင်တန်းဖွင့်လှစ်ထားရှိမှု အခြေအနေကို ရှင်းလင်းပြောကြားသည်။

ဇူလိုင် ၂၃ ရက်မှ ၂၄ ရက်အထိ ဖွင့်လှစ်သည့် သင်တန်းကာလ၌ လွှတ်တော်ဖွဲ့ခန်းပုံအဆင့်ဆင့်၊ ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်၊ ဖွဲ့စည်းပုံနှင့်တာဝန်၊ လုပ်ပိုင်ခွင့်များ၊ မဲစာရင်းပြုစုခြင်း၊ မဲဆန္ဒနယ်များကြေညာခြင်း၊ မဲရုံအဖွဲ့ဝင်များ လုပ်ငန်းလမ်းညွှန်၊ ရွေးကောက်ပွဲဆိုင်ရာ ပြစ်မှုပြစ်ဒဏ်များ၊ တရားမဲ့ပြုကျင့်မှုများနှင့် ပတ်သက်၍ ရှင်းလင်းပို့ချခဲ့သည်။

**ကိုသက်(ဖီးကုန်း)**




## လူကုန်ကူးမှုတားဆီးရေး ဝိုင်းဝန်းကူညီဆောင်ရွက်ပေး

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း

၂၄-၇-၂၀၁၅

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၃၄၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၈၇၁၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၃၄၇၀၀ |

**စက်သုံးဆီဈေးနှုန်း(စက်သုံးဆီအသင်း)**

| | | |
|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ကျပ် ၇၁၀ |
| ဒီဇယ် | တစ်လီတာ | ကျပ် ၆၉၀ |
| အောက်တိန်း ၉၂ | တစ်လီတာ | ကျပ် ၇၃၀ |
| အောက်တိန်း ၉၅ | တစ်လီတာ | ကျပ် ၈၀၀ - ၈၁၀ |
| ပရီမီယံဒီဇယ် | တစ်လီတာ | ကျပ် ၇၃၀ |

**သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)**

| | | | |
|---|---|---|---|
| ၁။ | ငါးကြင်း | တစ်ပိဿာ | ၄၅၀၀ - ၆၀၀၀ |
| ၂။ | ငါးမြစ်ချင်း | တစ်ပိဿာ | ၄၀၀၀ - ၄၅၀၀ |
| ၃။ | ငါးရံ့ | တစ်ပိဿာ | ၆၅၀၀ - ၇၅၀၀ |
| ၄။ | ငါးဖယ် | တစ်ပိဿာ | ၆၅၀၀ - ၁၂၀၀၀ |
| ၅။ | ပုစွန် (ကျော့) | တစ်ပိဿာ | ၇၀၀၀ - ၁၀၀၀၀ |
| ၆။ | ပုစွန်တုပ် | တစ်ပိဿာ | ၁၀၀၀၀ - ၂၇၀၀၀ |
| ၇။ | ငါးသလောက် | တစ်ပိဿာ | ၇၅၀၀ - ၁၂၀၀၀ |
| ၈။ | ကြက် | တစ်ပိဿာ | ၅၀၀၀ - ၁၂၀၀၀ |
| ၉။ | ဝက် | တစ်ပိဿာ | ၅၀၀၀ - ၉၀၀၀ |
| ၁၀။ | အမဲ | တစ်ပိဿာ | ၇၀၀၀ - ၉၀၀၀ |
| ၁၁။ | ဆိတ် | တစ်ပိဿာ | ၁၃၀၀၀ - ၁၇၀၀၀ |
| ၁၂။ | ဘဲ | တစ်ပိဿာ | ၆၀၀၀ - ၁၃၀၀၀ |

**နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၂၂၀ |
| ဥရောပ | တစ်ယူရို | ၁၃၂၇ |
| စင်ကာပူ | တစ်ဒေါ်လာ | ၈၉၂.၅၃ |
| ထိုင်း | တစ်ဘတ် | ၃၅.၆၇၃ |
| အိန္ဒိယ | တစ်ရူပီး | ၁၉.၂၀၇ |
| တရုတ် | တစ်ယွမ် | ၁၉၆.၄၇ |
| မလေးရှား | တစ်ရင်းဂစ် | ၃၂၀.၃၆ |

ခင်ရတနာ-စုစည်းသည်။

# အဆင့်မြင့်လယ်ယာမြေဖော်ထုတ်ရေး၊ ပန်းလှိုင်မြစ်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး ကိစ္စရပ်များဆွေးနွေး

**နေပြည်တော် ဇူလိုင် ၂၄**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ကိုရီးယားကျေးလက်ကော်ပိုရေးရှင်းမှ အမှုဆောင်အရာရှိချုပ် မစ္စတာ အီစန်မူ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

တွေ့ဆုံစဉ် အဆင့်မြင့်လယ်ယာမြေဖော်ထုတ်ရေး၊ ပန်းလှိုင်မြစ်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး၊ ဆင်းရဲမှုလျှော့ချရေးနှင့် ကျေးလက်ဒေသများဖွံ့ဖြိုးရေး၊ လယ်ယာသားငါးကဏ္ဍဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ဦးမြင့်လှိုင်၊ ဦးအုန်းမြင့်၊ ဒေါက်တာကံဇော်၊ ရန်ကုန်မြို့တော်ဝန် ဦးလှမြင့်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**



# နိုင်ငံတော်သမ္မတ၏ ပညာတော်သင်ဆုစေလွှတ်မည့် ဒုတိယအသုတ် အမည်စာရင်း

| စဉ် | အမည် | ခုံအမှတ် | အဆင့် | အထူးပြု | တက်ရောက်ခွင့်ပြုသောတက္ကသိုလ် | နိုင်ငံ |
|---|---|---|---|---|---|---|
| ၁ | မအိမွန်ဖြိုး | Ygn-PGM-0099 | မဟာဘွဲ့ | Clinical Nutrition | University of Glasgow | ဗြိတိန် |
| ၂ | မသီရိလွင် | Ygn-PGM-0634 | မဟာဘွဲ့ | Clinical Dentistry Implantology | BPP University, London Waterloo | ဗြိတိန် |
| ၃ | မနှင်းပွင့်ခိုင် | Ygn-PGM-0149 | မဟာဘွဲ့ | Teaching of English (TESOL) | University of Sunderland | ဗြိတိန် |
| ၄ | မဝင့်မွန်အိန္ဒြာသွင် | Ygn-PGM-0685 | မဟာဘွဲ့ | International Public Policy, Regulation and Competition | University of East Anglia | ဗြိတိန် |
| ၅ | မရွှေရည်ဦး | Ygn-PGM-0501 | မဟာဘွဲ့ | Business Management | University of East Anglia | ဗြိတိန် |
| ၆ | မထက်ထက်ဇော် | Ygn-PGM-0182 | မဟာဘွဲ့ | Hospitality & Tourism Management | University of Gloucestershire | ဗြိတိန် |
| ၇ | မခိုင်ဖြူသင်း | Mdy-PGM-0172 | မဟာဘွဲ့ | Information Technology (Computing) | University of Melbourne | ဩစတြေးလျ |
| ၈ | မဇင်မာထွန်း | Ygn-PGM-0755 | မဟာဘွဲ့ | Management -Tourism & Hospitality | International College of Management Sydney | ဩစတြေးလျ |
| ၉ | မနှင်းနန္ဒာကျော် | Ygn-PGM-0146 | မဟာဘွဲ့ | Management -Tourism & Hospitality | International College of Management Sydney | ဩစတြေးလျ |
| ၁၀ | မရွှေဥ | Ygn-UG-0272 | ဘွဲ့ကြို | Medicine | INTO St. George's University of London | ဗြိတိန် |
| ၁၁ | မောင်အောင်ကောင်းဆက်ဟိန်း | Ygn-UG-0007 | ဘွဲ့ကြို | Medicine | INTO St. George's University of London | ဗြိတိန် |
| ၁၂ | မောင်မင်းစစ်သွေး | Ygn-UG-0190 | ဘွဲ့ကြို | Medicine | INTO St. George's University of London | ဗြိတိန် |
| ၁၃ | မရွှေဝါလွင် | Ygn-UG-0273 | ဘွဲ့ကြို | Medicine | INTO St. George's University of London | ဗြိတိန် |
| ၁၄ | မစောယုနွယ် | Ygn-UG-0265 | ဘွဲ့ကြို | Medicine | ONCAMPUS University of Central Lancashire | ဗြိတိန် |
| ၁၅ | မသိမ့်သီတာ | Ygn-UG-0321 | ဘွဲ့ကြို | Chemistry | INTO University of East Anglia | ဗြိတိန် |
| ၁၆ | မရဲရင့် | Ygn-UG-0387 | ဘွဲ့ကြို | International Security Studies | Australian National University (ANU) | ဩစတြေးလျ |
| ၁၇ | မဝဿန်ဆည်းဆာကျော် | Ygn-UG-0364 | ဘွဲ့ကြို | Science | University of Sydney | ဩစတြေးလျ |
| ၁၈ | မမေမြတ်လင်း | Ygn-UG-0162 | ဘွဲ့ကြို | Medicine | Monash University | ဩစတြေးလျ |
| ၁၉ | မလှမဥ္ဇူခိုင် | Ygn-UG-0056 | ဘွဲ့ကြို | Medicine | Griffith University | ဩစတြေးလျ |
| ၂၀ | မနှင်းသီတာနွယ် | Ygn-UG-0068 | ဘွဲ့ကြို | Medicine | Trinity College, University of Melbourne | ဩစတြေးလျ |
| ၂၁ | မဆွေသက်လျှဝင်း | Ygn-UG-0301 | ဘွဲ့ကြို | Medicine | Trinity College, University of Melbourne | ဩစတြေးလျ |
| ၂၂ | မယမုံဦး | Mdy-UG-0130 | ဘွဲ့ကြို | Commerce | Trinity College, University of Melbourne | ဩစတြေးလျ |
| ၂၃ | မောင်လူမင်းအောင် | Ygn-UG-0156 | ဘွဲ့ကြို | Civil Engineering | Taylors College, University of Sydney | ဩစတြေးလျ |
| ၂၄ | မရည်မွန်ခြူး | Ygn-UG-0388 | ဘွဲ့ကြို | Civil Engineering | Taylors College, University of Sydney | ဩစတြေးလျ |
| ၂၅ | မမြတ်ဆုမေမောင် | Ygn-UG-0198 | ဘွဲ့ကြို | Civil Engineering | Taylors College, University of Sydney | ဩစတြေးလျ |
| ၂၆ | မသန့်အိန္ဒြေကျော် | Ygn-UG-0311 | ဘွဲ့ကြို | Civil Engineering | University of New South Wales (UNSW) Australia | ဩစတြေးလျ |
| ၂၇ | မောင်ဇွဲပြည့်စုံထွန်း | Ygn-UG-0412 | ဘွဲ့ကြို | Information Technology | Navitas at University of New Hampshire | အမေရိကန် |
| ၂၈ | မောင်မင်းသန့်စင်ထွန်း | Ygn-UG-0183 | ဘွဲ့ကြို | Civil Engineering | Navitas at University of Massachusett Lowell (UMASS) | အမေရိကန် |

# အိုဘားမား၏ကင်ညာခရီးစဉ် လျှို့ဝှက်ချက်များပေါက်ကြား

**ဝါရှင်တန်  ဇူလိုင်  ၂၄**

အမေရိကန်သမ္မတ ဘားရက်အိုဘားမား၏ ယခုသီတင်းပတ်အတွင်း ကင်ညာနိုင်ငံသို့ သွားရောက်မည့် လေယာဉ်ခရီးစဉ်နှင့်ပတ်သက်၍ အသေးစိတ်ပေါက်ကြားမှုဖြစ်ခဲ့ကြောင်း စီအင်န်အင်န်သတင်းတစ်ရပ်တွင် ဖော်ပြသည်။ သမ္မတအိုဘားမား၏လေယာဉ် US Air Force One ဆိုက်ရောက်ချိန်နှင့် ထွက်ခွာချိန်တွင် နိုင်ရိုဘီမြို့လေပိုင်နက် ပိတ်ပင်မည့်အချက်လည်း အဆိုပါ ပေါက်ကြားခဲ့သည့်အချက်တွင် ပါဝင်ကြောင်း၊ ယင်းကဲ့သို့သော သမ္မတခရီးစဉ် အသေးစိတ် အချက်အလက်ကို လုံခြုံရေးအရ လျှို့ဝှက်ထိန်းသိမ်းထားလေ့ရှိကြောင်း၊ လုံခြုံရေးအရ လျှို့ဝှက်ထားရမည့် ကိစ္စကို အသေးစိတ် စီအင်န်အင်န်က ဖော်ပြသည်။

သို့သော်လည်း အိမ်ဖြူတော်သည် လုံခြုံရေးအခြေအနေအရ သမ္မတအိုဘားမား၏ ခရီးစဉ်နှင့်ပတ်သက်၍ အများပြည်သူတို့အားယခုအထိ ထုတ်ပြန်အသိပေးကြေညာခြင်းမရှိသေးဟုငြင်းပယ်လျက်ရှိသည်ဟု သတင်းတွင် ဖော်ပြသည်။

လွန်ခဲ့သောသီတင်းပတ်တွင် အမေရိကန်တပ်ဖွဲ့က ဆိုမာလီရှိ အယ်လ်ရှာဘတ်အဖွဲ့ကို ခြောက်ကြိမ်နီးပါး လျှို့ဝှက်လေကြောင်းတိုက်ခိုက်မှုများ ပြုလုပ်ခဲ့ဟု ဆိုသည်။ သို့သော်လည်း ပင်တဂွန်ကအတည်ပြုပြောကြားခြင်းမရှိပေ။ ယင်းတိုက်ခိုက်မှုများသည် သမ္မတ၏ခရီးစဉ်အတွက် လုံခြုံမှုပေးနိုင်ရန် ဆောင်ရွက်ခြင်းဖြစ် နိုင်ဖွယ်ရှိသည်ဟု ဆိုသည်။ **(ဆင်ဟွာ)**



# ဆီးရီးယားရှိ အိုင်အက်စ်နေရာများကို တူရကီတိုက်လေယာဉ်များ တိုက်ခိုက်




**အန်ကာရာ  ဇူလိုင်  ၂၄**

သောကြာနေ့ အစောပိုင်းက ဆီးရီးယားရှိ အိုင်အက်စ်စစ်သွေးကြွများကို တူရကီတိုက်လေယာဉ်များက ပစ်မှတ်ထားတိုက်ခိုက်ခဲ့ကြောင်း ဝန်ကြီးချုပ်ရုံး၏ အဆိုအရ သိရသည်။ အိုင်အက်စ်နှင့် ကာဒ့်စစ်သွေးကြွ များရန်မှ ကာကွယ်ရန်လိုအပ်သဖြင့် ပြုလုပ်ခြင်းဖြစ်ကြောင်း တူရကီဘက်မှ ပြောသည်။

အလားတူပင် အစ္စတန်ဘူလ်ရှိ အိုင်အက်စ်နှင့် ကာဒ့်စစ်သွေးကြွများ၏ သံသယဖြစ်ဖွယ်နေရာ ၁၀၀ ကျော်ကို ရဟတ်ယာဉ်များ၊ အထူးတပ်ဖွဲ့များဖြင့် ညလုံးပေါက် ထိုးစစ်ဆင်မှုများ ပြုလုပ်ခဲ့ကြောင်း မီဒီယာများတွင် ဖော်ပြထားသည်။ ယင်းစစ်ဆင်မှုတွင် အရာရှိ ၅၀၀၀ ခန့်ကို တာဝန်ပေးအပ်ထားသည်။

F-16 တိုက်လေယာဉ်သုံးစင်းသည် တူရကီအရှေ့တောင်ပိုင်းမှ ထွက်ခွာလာပြီး မနက်စောစောပိုင်းက အိုင်အက်စ်ဌာနချုပ်နှစ်ခုကို တိုက်ခိုက်ခဲ့ကြောင်း သိရသည်။ တူရကီတိုက်လေယာဉ်များသည် စစ်ဆင်မှုအတွင်း ဆီးရီးယားနယ်စပ်ကို ဖြတ်ကျော်ခြင်းမရှိဘဲ ဆီးရီးယားနယ်မြေတစ်ဝိုက်ကိုသာ တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။ **(ရိုက်တာ)**

# ကူရိုင်းလ်ကျွန်းစု၌ ရုရှားကစစ်ဘက်နှင့် အရပ်ဘက်အဆောက်အအုံများ ဆောက်ရန်စီစဉ်

**မော်စကို  ဇူလိုင်  ၂၄**

ဂျပန်က မြောက်ပိုင်းပိုင်နက်နယ်မြေများအဖြစ် ရည်ညွှန်းပြောဆိုနေသော ကူရိုင်းကျွန်းစု ဖွံ့ဖြိုးတိုးတက်ရေး (၁၀)နှစ်စီမံကိန်း မူကြမ်း တစ်ရပ်ရေးဆွဲရန် ရုရှားဝန်ကြီးချုပ် ဒီမစ်ထရီမက်ဗီဒက်က ရုရှားအစိုးရကို မှာကြားလိုက်သည်။

"ကျွန်တော်တို့အနေနဲ့ ၂၀၁၆-၂၀၂၅ အတွင်း ကူရိုင်းလ်ကျွန်းစုပေါ်မှာ သဘာဝအရင်းအမြစ်များနဲ့ စီးပွားရေးအရ အလားအလာစီမံကိန်းများနဲ့ပတ်သက်ပြီး လေ့လာမှုတွေပြုလုပ်သွားမှာ ဖြစ်ပါတယ်"ဟု မက်ဗီဒက်က အစိုးရအဖွဲ့အစည်းအဝေးတွင် ပြောသည်။ ၁၀နှစ်တာ စီမံကိန်းအတွက် ပြည်ထောင်စုဘတ်ဂျက်မှ ရူဘယ် ၂၈ ဘီလီယံ (အမေရိကန် ဒေါ်လာ ၄၉၁ သန်း) အပါအဝင် ရူဘယ် ၇၀ ဘီလီယံ ကျခံသုံးစွဲ သွားမည်ဖြစ်ကြောင်းလည်း ၄င်းက မှတ်ချက်ပြုပြောဆိုလိုက်သည်။

ရုရှားနိုင်ငံအနေဖြင့် အဆိုပါ အငြင်းပွားမှုကျွန်းစုလေးခုတွင် အရပ်ဘက်နှင့် စစ်ဘက်အဆောက်အအုံများ ဆောက်လုပ်သွားမည်ဖြစ်ကြောင်းလည်း မက်ဗီဒက်က ပြောကြားလိုက်သည်။ ဂျပန်နှင့်ရုရှားတို့သည် ဒုတိယကမ္ဘာစစ်အပြီး ဂျပန်နိုင်ငံ ဟော့ကိုင်းဒိုကျွန်း မြောက်ဘက် တစ်ဆက်တစ်စပ်တည်း ရှိနေသော အဆိုပါ အငြင်းပွားရာကျွန်းစုများနှင့် ပတ်သက်၍ ငြိမ်းချမ်းရေးစာချုပ်ချုပ်ဆိုထားသည်ဟု ဆိုသည်။ **(ဆင်ဟွာ)**



# အီးယူ၌ ဗြိတိန်ဆက်ရှိနေရန် အိုဘားမားတိုက်တွန်း

**လန်ဒန်  ဇူလိုင်  ၂၄**

ဥရောပသမဂ္ဂတွင် ဗြိတိန်ဆက်လက်တည်ရှိနေရန် အမေရိကန်သမ္မတ အိုဘားမားက တိုက်တွန်းခဲ့ပြီး ဗြိတိန်နိုင်ငံရှိနေခြင်းက အတ္တလန္တိတ်ပေါင်းစည်းရေးအတွက် အရေးပါသော ယုံကြည်မှုအင်အားဖြစ်စေကြောင်း ပြောခဲ့သည်ဟု ဘီဘီစီသတင်းဌာနက ကြာသပတေးနေ့က ဖော်ပြသည်။

"ကမ္ဘာ့ဇာတ်ခုံပေါ်မှာ ဩဇာအာဏာလွှမ်းမိုးဖို့ ဥရောပသမဂ္ဂမှာ ဗြိတိန်ရှိကိုရှိနေရမယ်"ဟု ဘီဘီစီမှ အင်တာဗျူးစဉ် အိုဘားမားက ပြောခဲ့သည်။ အဆိုပါစကားကို သမ္မတအိုဘားမား ကင်ညာသို့သွားစဉ်က ဗြိတိန်အသံလွှင့်ဌာနသို့လည်း ပြောကြားခဲ့သည်။

"အီးယူကကမ္ဘာကြီးကို ပိုပြီးလုံခြုံစေဖို့နဲ့ ကြွယ်ဝချမ်းသာအောင် ပြုလုပ်ပေးခဲ့ပါတယ်"ဟု ဖော်ပြထားသည်။ အင်တာဗျူးတွင် အိုဘားမားက ဗြိတိန်သည် အမေရိကန်၏ အကောင်းဆုံးမိတ်ဖက်နိုင်ငံဖြစ်ကြောင်း ချီးကျူးပြောဆိုခဲ့သည်။

ဗြိတိန်ဝန်ကြီးချုပ် ဒေးဗစ်ကင်မရွန်းကိုလည်း ထက်မြက်ထူးချွန်သောသူတစ်ဦးအဖြစ် ချီးကျူးခဲ့ပြီး အင်္ဂလန်အစိုးရမှ နေတိုးစစ်အသုံးစရိတ်အတွက်ဂျီဒီပီနှစ်ရာခိုင်နှုန်း သုံးစွဲခြင်းကိုလည်း အားပေးလက်ခံကြောင်း ပြောခဲ့သည်။ ၂၀၁၇ ခုနှစ်တွင် အီးယူမှ ဗြိတိန်နုတ်ထွက်သင့်၊ မသင့်ကို ဆန္ဒခံယူပွဲပြုလုပ်မည်ဟု ကင်မရွန်းက ပြောကြားထားသည်။ **(ဆင်ဟွာ)**

# အယ်လ်ခိုင်ဒါထက် အိုင်အက်စ် အမေရိကန်ကို ခြိမ်းခြောက်လာ

**ဝါရှင်တန်  ဇူလိုင်  ၂၄**

အိုင်အက်စ်အဖွဲ့သည် အယ်လ် ခိုင်ဒါအုပ်စုထက် အမေရိကန်နိုင်ငံ၏လုံခြုံရေးကို ခြိမ်းခြောက်လာနေကြောင်း အမေရိကန်ထောက်လှမ်းရေးအဖွဲ့(အက်ဖ်ဘီအိုင်)က ကြာသပတေးနေ့တွင် ကိုးကားပြောကြားသည်။

အမေရိကန်တို့အနေဖြင့် ခိုရာဆန်အယ်လ်ခိုင်ဒါအုပ်စုကို ပစ်မှတ်ထားတိုက်ခိုက်နေသော်လည်း ယခုအခါ အမေရိကန်တို့ အိုင်အက်စ်အဖွဲ့၏ခြိမ်းခြောက်မှုကို အကြီးအကျယ်ရင်ဆိုင်နေရပြီဖြစ်ကြောင်း အက်ဖ်ဘီအိုင်ညွှန်ကြားရေးမှူး ဂျိမ်းကွန်မေးက စီအင်န်အင်န်နှင့် အင်တာဗျူးရာတွင် ဖြေကြားလိုက်သည်။

အမေရိကန်က အဓိကထားပစ်ခတ်ချေမှုန်းခဲ့သော ဇူလိုင် ၈ ရက်က အမေရိကန်လေကြောင်းတိုက်ခိုက်မှုအတွင်း သေဆုံးသွားခဲ့ သည့် ခိုရာဆန်အုပ်စုခေါင်းဆောင် မူရှင်းအယ်လ်ဖတ်လီ သေဆုံးခဲ့ခြင်းနှင့်စပ်လျဉ်း၍ ကွန်မေးက ရည်ညွှန်းပြောဆိုခဲ့သည်။

အိုင်အက်စ်တို့အနေဖြင့် ဆိုရှယ်မီဒီယာကိုအသုံးပြုကာ အမေရိကန်အများအပြားကို လူသစ်စုဆောင်းခြင်း၊ အင်အားကြီးထွားလာခြင်းတို့ကြောင့် အမေရိကန်နိုင်ငံကို ပိုမိုခြိမ်းခြောက်လာနေကြောင်း အဆိုပါ အက်ဖ်ဘီအိုင်အကြီးအကဲက မှတ်ချက်ပြုပြောဆိုခဲ့သည်။

"အိုင်အက်စ်တို့ရဲ့ ခြိမ်းခြောက်မှုက ပုံစံအမျိုးမျိုး၊ နည်းအမျိုးမျိုးနဲ့ ခြိမ်းခြောက်နေတာပါ။ အယ်လ်ခိုင်ဒါထက် ဆိုးပါတယ်။ အမေရိကန်ပြည်သူတွေအတွက် စိုးရိမ်စရာဖြစ်လာပါတယ်"ဟု အဆိုပါညွှန်ကြားရေးမှူးက ပြောသည်။ **(ဆင်ဟွာ)**

❍ *ရှေ့ဖုံးမှ*

သဘာဝဘေးအန္တရာယ်ကို ရှောင်လွှဲ၍မရသော်လည်း စနစ်တကျ ကြိုတင်ကာကွယ်မှုများပြုလုပ်ပါက နစ်နာဆုံးရှုံးမှုများ နည်းပါးမည်ဖြစ်သည်။

သဘာဝဘေးအန္တရာယ်နှင့်ပတ်သက်၍ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က “ယနေ့ကမ္ဘာပေါ်မှာ ရာသီဥတုပြောင်းလဲမှုတွေကြောင့် သဘာဝဘေးအန္တရာယ်များနဲ့ ရင်ဆိုင်နေရပြီး ပျက်စီးဆုံးရှုံးမှုတွေ ကြုံတွေ့နေရပါတယ်။ သဘာဝဘေးအန္တရာယ်ဆိုတာ တားဆီးလို့မရပေမယ့် ထိခိုက်ပျက်စီးဆုံးရှုံးမှု အနည်းဆုံးဖြစ်အောင် ကြိုတင်ပြင်ဆင်ဆောင်ရွက်နိုင်ပါတယ်။

“ဒါ့ပြင် ပြန်လည်ထူထောင်ရေးအတွက် ရေတို၊ ရေရှည်လုပ်ငန်းတွေ ခွဲခြားပြီး ဦးစားပေးအလိုက် ဆောင်ရွက်ရမှာဖြစ်ပါတယ်။ ကူးစက်ရောဂါ တွေ မဖြစ်ပွားစေဖို့ ကျန်းမာရေးဆိုင်ရာ ကြိုတင်ကာကွယ်ရေး လုပ်ငန်းတွေကို ဆောင်ရွက်သွားရမှာဖြစ်ပါတယ်” ဟု စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ရေကြီးနစ်မြုပ်မှုအခြေအနေများ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့စဉ် ပြောကြားခဲ့သည်။

ကမ္ဘာ့တစ်ဝန်းတွင် သဘာဝပတ်ဝန်းကျင် ပြောင်းလဲမှု၏ ဆိုးကျိုးများကို ခံစားနေရရာတွင် ဖိလစ်ပိုင်နိုင်ငံ၌ မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့ကာ မနီလာမြို့ရှိ အစိုးရရုံးများနှင့် စာသင်ကျောင်းများ ပိတ်ထားခဲ့ရသည့် သတင်းများကို ပြီးခဲ့သည့်ရက်များအတွင်းက ဖတ်ရှုခဲ့ရသည်။

မြန်မာနိုင်ငံတွင် စက်တင်ဘာလအထိ မိုးများနိုင်ပြီး နောက်တစ်ကြိမ် ရေကြီးနိုင်သည့် အလားအလာရှိကြောင်း မိုးလေဝသပညာရှင် ဒေါက်တာထွန်းလွင်က ခန့်မှန်းထားသည်။

လက်ရှိတွင် မိုးဆက်လက်ရွာသွန်းမှုများ ရှိနေသဖြင့် အချို့နေရာများတွင် ရေကြီးရေလျှံမှုများ ဆက်လက်ဖြစ်ပေါ်နိုင်သည်ကို တွေ့ရမည်ဖြစ်သည်။ ဆည်များမှတစ်ဆင့် ရေကြီးရေလျှံမှုများ မဖြစ်ပေါ်စေရေးအတွက် ဆည်မြောင်းဦးစီးဌာနကလည်း ကြိုတင်ကာကွယ်မှုများ ဆောင်ရွက်လျက်ရှိသည်ကို ထုတ်ပြန်ချက်များအရ သိရသည်။

မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဆည်တာတမံများ ကျိုးပေါက်မှုမရှိစေရေးအတွက် အချိန်ပြည့်စောင့်ကြည့်စစ်ဆေးခြင်း၊ လိုအပ်သောနေရာ များတွင် သဲအိတ်များချ၍ ကာကွယ်ခြင်း၊ ရေကြီးချိန်တွင် တမံရေကျော်မှုမရှိစေရန် သဲအိတ်များဆင့်၍ ကြိုတင်ကာကွယ်ခြင်းလုပ်ငန်း၊ တမံထိပ်ပြင်တွင် မြေသားနိမ့်ကျမှု ရှိ၊ မရှိစစ်ဆေးခြင်းနှင့် လိုအပ်သည်များကို ပြင်ဆင်ခြင်း၊ တမံရေစစ် ကျောက်ရိုးကို တစ်ပတ်တစ်ကြိမ်စစ်ဆေး၍ ကျောက်ကြီးများ ဖြည့်ခြင်း၊ ကျောက်စရစ်ခင်းခြင်းလုပ်ငန်းများနှင့် အရေးပေါ် ရေပိုလွှဲတူးဖော်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယခုနှစ် ဇူလိုင်လအတွင်း စစ်ကိုင်းတိုင်းဒေသကြီးတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် နှစ်ပေါင်း ၂၄ နှစ်အတွင်း မိုးရေချိန်စံချိန်သစ် ၇ ဒသမ ၈၃ လက်မထိ ရောက်ရှိခဲ့သည်။ မိုးရေချိန်များပြားခဲ့သည့်အတွက် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း မြို့နယ် ၂၁ မြို့နယ်ရှိ ကျေးရွာအုပ်စုပေါင်း ၂၉၃ စုမှ နွေစပါး ၄၉၅၆ ဧက၊ မိုးစပါး ၅၁၅၅၉ ဧက၊ စပါးပျိုးခင်း ၁၁၉၁၅ ဧက၊ ဆီထွက်သီးနှံ ၂၁၅၅ ဧက၊ ပဲမျိုးစုံ ၄၇၆ ဧက၊ အခြားသီးနှံ ၁၀၃၆၆ ဧက စုစုပေါင်း ၈၂၄၂၇ ဧက ရေဝင်နစ်မြုပ်ခဲ့သည်။

လမ်းနှင့် တံတားများပျက်စီးမှုနှင့် ရေမြုပ်မှုအခြေအနေမှာ လမ်းတံတားဦးစီးဌာနပိုင် လမ်း ၁၇ လမ်း၊ သစ်သားတံတား ငါးစင်း၊ ကွန်ကရစ်တံတား ၁၀ စင်း၊ ဘေလီတံတား တစ်စင်း၊ စည်ပင်သာယာရေးအဖွဲ့ပိုင် မြေသားလမ်း တစ်လမ်း၊ ကျောက်ခင်း ငါးလမ်း၊ ကတ္တရာလမ်း ရှစ်လမ်း၊ သစ်သားတံတား ခုနစ်စင်း၊ ကွန်ကရစ်တံတား ၁၀ စင်း၊ ရေကျော် တစ်ခု၊ ကျေးလက်ဦးစီးဌာနပိုင် မြေသားလမ်း ၁၀ လမ်း၊ ကျောက်ခင်းလမ်း နှစ်လမ်း၊ ဂျင်းလမ်း တစ်လမ်း၊ ကတ္တရာလမ်း သုံးလမ်း၊ သစ်သားတံတားအစင်း ၃၀၊ ကွန်ကရစ်တံတား သုံးစင်း၊ ရေပြွန် နှစ်ခု၊ ရေကျော် သုံးခု ထိခိုက်ပျက်စီးခဲ့သည်။

အဆောက်အအုံပျက်စီးဆုံးရှုံးမှုအနေဖြင့် လူနေအိမ် ၇၆ အိမ်၊ စာသင်ကျောင်း တစ်ကျောင်း၊ သာသနာရေးအဆောက်အအုံ လေးခု၊ အခြားအဆောက်အအုံ ၁၇ ခု စုစုပေါင်း ၉၈ ခု ပျက်စီးခဲ့ပြီး ရဲတပ်ဖွဲ့ဝင် တစ်ဦး၊ အရန်မီးသတ် တပ်ဖွဲ့ဝင် တစ်ဦး၊ ပြည်သူ ငါးဦး စုစုပေါင်း ခုနစ်ဦး အသက်ဆုံးရှုံးခဲ့သည်။

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကောလင်းမြို့ရှိ မြေနိမ့်ရာ မြို့ပေါ် ရပ်ကွက်များသို့ ဇူလိုင် ၁၈ ရက်က ရေများဝင်ရောက်ခဲ့ပြီး ဇူလိုင် ၂၀ ရက်တွင် ရေကျသွား၍ မြို့ပေါ်ရပ်ကွက်ရှိ ပြည်သူများအေးချမ်းစွာ ပြန်လည်သွားလာနိုင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။ ကောလင်းမြို့နယ်ရှိ ကျေးရွာ ၇၁ ရွာတွင် ရေဝင်ရောက်မှုကြောင့် ကျေးရွာ ၁၆ ရွာရှိ နေအိမ်များမှာ ရေလွှမ်းမိုးပြီး ခေါင်မိုးသာမြင်ရသဖြင့် ဒေသခံများကို မြန်မာ့မီးရထား(ကောလင်း)၏ အကူ အညီဖြင့် ညောင်ဝန်း၊ ဆီဆုံ၊ မိုးနံကျေးရွာများထံ ရထားဖြင့် ပို့ဆောင် ပေးခဲ့ရသည်။

ထို့အတူ ရွှေဘိုခရိုင် ကန့်ဘလူနှင့် ကျွန်းလှမြို့နယ်တို့တွင် ရေကြီးရေလျှံ မှုဖြစ်ပွားခဲ့ပြီး ထိုသို့ ရေကြီးရေလျှံမှုကြောင့် ကျွန်းလှ-ကန့်ဘလူအကြား ကားလမ်းများ ရေကျော်ခဲ့မှုဖြစ်ပွားခဲ့ပြီး အဝေးပြေးကားများ ဝင်ရောက်နိုင်ခဲ့ခြင်း မရှိသော်လည်း ဇူလိုင်လ ၂၀ ရက်နေ့မှ စတင်ကာ ပုံမှန်ပြန်လည်ပြေးဆွဲလျက်ရှိသည်။

ကချင်ပြည်နယ် မိုးကောင်းမြို့နယ်အတွင်း၌လည်း ရေကြီးရေလျှံမှုများကြောင့် ကယ်ဆယ်ရေးစခန်းများသို့ ရောက်ရှိနေသော အိမ်ထောင်စု ၃၅၈ စု၊ လူဦးရေ ၂၁၁၆ ဦးရှိကြောင်း သိရသည်။ ရေဖုံးလွှမ်းမှုကြောင့် မန္တလေး-မြစ်ကြီးနား မီးရထားလမ်းပိုင်း ရထားများ ဖြတ်သန်းသွားလာနိုင်ခြင်းမရှိသည့် နေရာများတွင်လည်း ကုန်းလမ်းပို့ဆောင်ရေးကားများဖြင့် အစားထိုးပြေးဆွဲပေးသွားမည်ဟုလည်း သိရသည်။ ထို့အတူ ရေကြီးရေလျှံမှုဖြစ်ပွားခဲ့ရာ မန္တလေးတိုင်းဒေသကြီးအတွင်း တကောင်းမြို့နယ် ကျွန်းကြီးကုန်းကျေးရွာသည် ဧရာဝတီမြစ်၊ မဲဇာချောင်းတို့နှင့် နီးကပ်စွာတည်ရှိပြီး ရေတိုက်စားမှုအန္တရာယ် ဖြစ်ပွားလာနိုင်သည့်အတွက် ဒေသခံများကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းထားပြီးဖြစ်သည်။

ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ရာ ရေဘေးသင့်မြို့နယ်များနှင့် ကျေးရွာများတွင် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသော်လည်း အချို့နေရာများတွင် အကူအညီများစွာ လိုအပ်လျက်ရှိနေသေးကြောင်း သိရသည်။

ရေလွှမ်းမိုးသော ဒေသများရှိ ပြည်သူများအတွက် မိုးသည်းထန်စွာ ရွာသွန်းခြင်းကြောင့် ရေကြီးမှုအန္တရာယ်၊ ရုတ်တရက်ရေလွှမ်းမိုးမှုအန္တရာယ်၊ မိုးကြိုးအန္တရာယ်၊ မြေပြိုမှုအန္တရာယ်၊ လျှပ်စစ်ဓာတ်လိုက်မှုအန္တရာယ်၊ ထိခိုက်မှုအန္တရာယ်၊ မြွေကိုက်မှုအန္တရာယ်နှင့် အအေးမိ၍ ဖျားနာခြင်း၊ အဆုတ်ရောင်ခြင်းနှင့် ကူးစက်ရောဂါများဖြစ်သည့် ဝမ်းပျက်ဝမ်းလျှောရောဂါ၊ အစာအဆိပ်သင့်ရောဂါနှင့် အခြားကျန်းမာရေးပြဿနာများ ဖြစ်ပွားတတ်သည့်အတွက် ကျန်းမာရေးဆိုင်ရာ သတိပေးနှိုးဆော်ချက်များကို ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည်။

ရေဘေးသင့်ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုများကို သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အတွက် ကျန်းမာရေးပြဿနာကြီးမားစွာဖြစ်ပွားခြင်းမရှိကြောင်း သိရှိရသည်။

ရေဘေးသင့်ဒေသခံများကို သက်ဆိုင်ရာအဖွဲ့အစည်းများကလည်း ကူညီဆောင်ရွက်ပေးလျက်ရှိရာ ဇူလိုင် ၁၈ ရက်က ကောလင်း-တော်မော်လမ်းပေါ်ရှိ ညောင်ကိုင်းရွာနှင့် တော်မော်ရွာကြားလမ်းပေါ်တွင် ကားတစ်စီး ရေကျော်ဖြတ်သန်းမှုကို ကူညီရင်း မီးသတ်တပ်ဖွဲ့ဝင်တစ်ဦး ကူညီဆောင်ရွက်ရင်း အသက်ဆုံးရှုံးခဲ့ကြောင်း သိရှိခဲ့ရသည်။

“အသက် ၈၁ နှစ်ရှိပါပြီ။ ရွာမှာ ဒီလိုရေကြီးတာ ဒီတစ်ကြိမ်နဲ့ ၁၃၃၃ ခုနှစ်က တစ်ကြိမ် နှစ်ကြိမ်ကြုံဖူးပြီ။ ၁၃၃၃ ခုနှစ်က ဒီလောက်မများဘူး။ အခုလ ၁၇ ရက်နေ့ညက ရေတွေတဖြည်းဖြည်းတက်လာပြီး အိမ်တွေမြုပ်လာတယ်။ အန္တရာယ်ဖြစ်မယ့် အနေအထားဖြစ်လာတာမို့ ကုန်းမြင့် ရထားလမ်းဘက်ကို ရရာပစ္စည်းအသုံးပြုပြီးတော့ ပြေးခဲ့ရပါတယ်။ ရွာက မြစ်နားချောင်းနားလည်း မဟုတ်တော့ လှေဆိုတာ ဘယ်သူ့ဆီမှာမှမရှိဘူး။ နွားစာကျွေးတဲ့ နွားစလောင်း နွားစာကျင်းကိုပဲ လှေလုပ်စီးခဲ့ရတယ်။ တစ်ခုတည်းဆို မှောက်မှာစိုးလို့ သုံးခုလောက်ကို ငြိမ်အောင်တွဲပြီး အဝတ်တစ်ထည် ကိုယ်တစ်ခုနဲ့ လာခဲ့ရတယ်” ဟု ဒေသခံတစ်ဦးဖြစ်သည့် ကသာခရိုင် ကောလင်းမြို့နယ် သရက်ခုံရွာမှ ဒေါ်ထွေးရီက ပြောပြသည်။

ဝါးရုံခုံကျေးရွာမှ ဒေါ်ပုကလည်း ရွာမှာ လယ်ဧက ၁၅ ဧကလောက် စိုက်ထားတာ၊ ပြီးတော့ စပါးတိုက်ထဲလည်း စပါးတင်း ၂၀၀ လောက်ကျန်ခဲ့တယ်။ အခု ရေလွှမ်းပြီဆိုတော့ ပြန်ရဖို့မမြင်တော့ဘူး။ ရေပြန်ကျသွားလည်း ပျိုးထောင်တာနဲ့ဆို ဒီနှစ်မီဖို့မလွယ်ဘူး။ ကြဲပက်ပြီး စိုက်ရင်တော့ အထွက်နည်းမှာပေါ့။ စိုက်ပျိုးရေးဘက်က တာဝန်ရှိသူတွေကို ဘယ်လိုနည်းစနစ်တွေနဲ့ စိုက်ပျိုးသင့်တယ်၊ ဘယ်လိုစိုက်သင့်တယ် ဆိုတာတွေကို ပညာပေးဆောင်ရွက်စေချင်ပါတယ်။ တစ်နယ်လုံးက အားထားရတဲ့ မိုးစပါးက ပျက်စီးသွားပြီဆိုတော့ နောင်နှစ်အတွက်လည်း အတော်ရုန်းကန်ရဦးမှာပါ” ဟု ပြောကြားသည်။

၂၀၁၅ ခုနှစ် ဇွန်လနှင့် ဇူလိုင်လအတွင်း မိုးရွာသွန်းမှုကြောင့် ကချင်ပြည်နယ်တွင် စိုက်ပျိုးမြေဧက ၁၂၆၄၄ ဧက၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် စိုက်ပျိုးမြေဧက ၈၃၅၀၄ ဧက၊ ပဲခူးတိုင်းဒေသကြီးတွင် စိုက်ပျိုးမြေဧက ၁၃၀၇ ဧက၊ ရခိုင်ပြည်နယ်တွင် စိုက်ပျိုးမြေဧက ၂၉၁၅ ဧကနှင့် ရန်ကုန်တိုင်းဒေသကြီးတွင် စိုက်ပျိုးမြေဧက ၈၄၉ ဧက စုစုပေါင်း ၁၀၁၂၁၉ ဧက ရေကြီးနစ်မြုပ်ခဲ့ကြောင်း လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ ထုတ်ပြန်ခဲ့သည်။

ရေဘေးသင့် ဒေသခံပြည်သူများအတွက် ကူညီထောက်ပံ့မှုများပေးရာတွင် စိုက်ပျိုးရေးဆိုင်ရာ ကူညီပံ့ပိုးမှုများ ပိုမိုလုပ်ဆောင်ပေးသင့်ကြောင်း အကြံပြုပြောကြားခြင်းများ ကြားသိရသကဲ့သို့ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ တောင်သူများအတွက် မျိုးစပါးအရန် တင်း ၂၅၀၀၀ ကို ခွဲဝေပေးထားပြီး တိုင်းဒေသကြီးအစိုးရ အစီအစဉ်ဖြင့် ဖြန့်ဝေသွားမည်ဖြစ်သည်။

ရေကြီးရေလျှံမှုဖြစ်ပွားခဲ့သည့် ကန့်ဘလူ၊ ဝန်းသိုနှင့် ကောလင်းမြို့နယ်များရှိ ဒေသခံများက နိုင်ငံတော်သမ္မတနှင့် တွေ့ဆုံရာတွင် လိုအပ်ချက်များကို တင်ပြခဲ့ပြီး ဒေသခံများ၏ လိုအပ်ချက်ဖြစ်သည့် ပျက်စီးသွားသည့် လယ်ယာမြေများအတွက် စိုက်ပျိုးစရိတ်များ၊ ကျောင်းများနှင့် သက်ဆိုင်သော၊ ကျန်းမာရေးနှင့်သက်ဆိုင်သော အစီအမံများကို ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဟု နိုင်ငံတော်သမ္မတက ပြောကြားခဲ့သည်။

“သဘာဝဘေးအန္တရာယ် ကြုံတွေ့လာပါက စာနာစိတ်၊ ညှာတာစိတ်၊ ကူညီလိုစိတ်များနဲ့ တက်ညီလက်ညီ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါတယ်”ဟု နိုင်ငံတော်သမ္မတက စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ရေကြီးရေလျှံဒေသများသို့ သွားရောက်ရာတွင် ပြောကြားခဲ့သည်။

ရေဘေးသင့် အိမ်ထောင်စုများအတွက် အစားအစာ၊ သောက်ရေနှင့် ကျန်းမာရေးစောင့်ရှောက်မှုများကို စေတနာရှင်ပြည်သူများကလည်း ထောက်ပံ့လှူဒါန်းမှုများ ပေးအပ်လျက်ရှိသည်။ ဘေးလွတ်ရာနေရာများတွင် ကယ်ဆယ်ရေးစခန်းများဖွင့်လှစ်ပြီး ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို သက်ဆိုင်ရာအစိုးရအဖွဲ့က အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

“ကျွန်မက ကောလင်းမြို့ လူမှုဖူလုံရေးဌာနကပါ။ ကယ်ဆယ်ရေးစခန်း တွေမှာကူညီပြီး လုပ်အားဒါန လာပြုတာပါ။ ရုံးလုပ်ငန်းတာဝန်လည်း မပျက်ရအောင် အဖွဲ့နှစ်ဖွဲ့ခွဲပြီး ရုံးမှာတစ်ဖွဲ့၊ ဒီမှာတစ်ဖွဲ့ လုပ်အားပေးကြပါတယ်။ လာရောက်လှူဒါန်းကြတဲ့ ဆေးဝါးနှင့် အဝတ်အထည်တွေ လာရောက်လှူဒါန်းကြတာကို စနစ်တကျ စာရင်းနဲ့လက်ခံပြီး လိုအပ်နေသူတွေအတွက် ဆောင်ရွက်ပေးနေတာပါ” ဟု ဒေါ်ကြူကြူဆွေက ပြောကြားခဲ့သည်။



ကန့်ဘလူမြို့နယ် ရေဘေးသင့်ပြည်သူများအတွက်ဖြန့်ဝေရန် စေတနာရှင်၊ အလှူရှင်များက လှူဒါန်းသည့် ထောက်ပံ့ပစ္စည်းများအား ရေဘေးကယ်ဆယ်ရေးအလှူပစ္စည်းလက်ခံဌာန၌ စနစ်တကျသိုလှောင်ထားသည်ကို တွေ့ရစဉ်။ ဓာတ်ပုံ-အောင်ဝင်းငြိမ်း(ကန့်ဘလူ)

ပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းစေရန် ရေလွှမ်းမိုးမှုမတိုင်မီနှင့် ရေတက်နေစဉ် လိုက်နာဆောင်ရွက်ရမည့် အချက်များကို ပြည်သူများသိရှိစေရန် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းကလည်း ထုတ်ပြန်ထားပြီး ရေပြန်ကျသွားပြီးအခါတွင်လည်း ရေကြီးခဲ့သော နေရာ၊ အဆောက်အအုံသို့ ချက်ချင်းပြန်မသွားသင့်ကြောင်း၊ နေအိမ်အနီး လျှပ်စစ်ဓာတ်ကြိုးများ၊ တယ်လီဖုန်းကြိုးများ ပြတ်ကျနေသည်ကို တွေ့ရှိပါက သက်ဆိုင်ရာဌာနသို့ အကြောင်းကြားသင့်ကြောင်း၊ ရေမြုပ်နေသော လျှပ်စစ်ပစ္စည်းများကို တွေ့ရှိပါက ခလုတ်မဖွင့်ဘဲ လျှပ်စစ်ကျွမ်းကျင်သူအား ဦးစွာ စစ်ဆေးခိုင်းသင့်ကြောင်းနှင့် ရေကို ကျိုချက်သောက်သင့်ကြောင်း သတိပေးထုတ်ပြန်ထားသည်။

နိုင်ငံတော်သမ္မတက စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ရေကြီးရေလျှံမှု ဖြစ်စဉ်အပေါ် သတိချပ်၍ တစ်နိုင်ငံလုံးရှိ ဆည်တာတမံများ၏ ကြံ့ခိုင်ရေးကို အလေးပေးဆောင်ရွက်သွားကြရန် တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရှိရသည်။

ထို့အတူ ပညာရှင်များကလည်း မြန်မာနိုင်ငံတွင် တည်ဆောက်ပြီးစီးခဲ့သည့် ဆည်များတွင် သဘာဝပတ်ဝန်းကျင် စီမံခန့်ခွဲမှုအစီအစဉ်များ၊ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုအစီအစဉ်များဖြင့် ပြန်လည်ပြင်ဆင်မွမ်းမံမှုများကို လုပ်ဆောင်သင့်ကြောင်းနှင့် သဘာဝဘေးအန္တရာယ်အမျိုးမျိုးအတွက် သက်ဆိုင်သည့် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများနှင့် သဘာဝဘေးကျရောက်လာပါက အရေးပေါ်စီမံခန့်ခွဲရေးကို ထိရောက်မြန်ဆန်စွာ လုပ်ကိုင်နိုင်ရန် မြန်မာနိုင်ငံတွင် လိုအပ်ချက်များရှိနေသေးကြောင်း အကြံပြုပြောဆိုထားသည်။

သဘာဝဘေးအန္တရာယ်ဟူသည် အချိန်အခါနေရာဒေသမရွေး ဖြစ်ပွားတတ်သော်လည်း ဖြစ်နိုင်ခြေရှိသည့် အချိန်နှင့် ရာသီတို့ကို အလေးထားဂရုပြု ကြိုတင်စီမံနိုင်မှသာ အပျက်အစီးအဆုံးအရှုံးနည်းပါးစွာ ကျော်လွှားနိုင်မည်ဖြစ်သည်။ ထို့ပြင် ဘေးအန္တရာယ်ကြောင့် ဖြစ်ပေါ်လာသော လူမှုဒုက္ခအပေါင်းကိုလည်း အချိန်နှင့်တစ်ပြေးညီ စီမံခန့်ခွဲကူညီဆောင်ရွက်ခြင်းဖြင့် ဖြေရှင်းသွားကြရမည် ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။



ရေဘေးသင့်ပြည်သူများအတွက် စေတနာရှင်၊ အလှူရှင်များက လှူဒါန်းသည့် ထောက်ပံ့ပစ္စည်းများအား ဖြန့်ဝေပေးရန် တပ်မတော်သားများက ကူညီဆောင်ရွက်ပေးနေသည်ကို တွေ့ရစဉ်။

ပြည်သူ့လွှတ်တော်အစည်းအဝေး

# ဆန္ဒမဲပေးပိုင်ခွင့်ရှိသော နိုင်ငံသားများနှင့် ဥပဒေအရ ဆန္ဒမဲပေးခွင့်ရှိသူတိုင်းသည် ဆန္ဒမဲပေးခွင့်ရှိ

**နေပြည်တော် ဇူလိုင် ၂၄**

ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၈၁ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင်ကျင်းပရာ မင်းကင်း မဲဆန္ဒနယ်မှ ဒေါ်ခင်မွေးလွင်၏ **မဲစာရင်းများကပ်၍ ပြည်သူများ လာရောက်ကြည့်ရှုကြစေရန် ယခုထက်ပို၍ နှိုးဆော်တိုက်တွန်းမှုများ ရှိ၊ မရှိ၊ မြန်မာနိုင်ငံသားတစ်ယောက်သည် အကြောင်းတစ်ခုခုကြောင့် မဲပေးရန် အခွင့်အရေးဆုံးရှုံးသည်ဆိုပါက ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ငြိစွန်းခြင်းရှိ၊ မရှိ၊ ၂၀၁၀ ရွေးကောက်ပွဲကျင်းပစဉ်က မဲပေးပိုင်ခွင့်နှင့် ယခု ၂၀၁၅ ရွေးကောက်ပွဲ၏ မဲပေးပိုင်ခွင့် ကွဲလွဲချက်များကိုသိလိုခြင်း**မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင် ဦးမြင့်နိုင်က ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၁ ရက်တွင် ထုတ်ပြန်ခဲ့သော အထွေထွေရွေးကောက်ပွဲ အသိပေးကြေညာချက်မှစ၍ မဲစာရင်းမှန်ကန်ရေး၊ မဲစာရင်းတွင်ပါဝင်ရေး၊ မဲစာရင်းပြုစုပုံတို့ကို ဖော်ပြခဲ့ပါကြောင်း၊ မဲစာရင်းကို သက်ဆိုင်ရာရပ်ကွက်နှင့် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲရုံးကပြုစုပြီး အခြေခံမဲစာရင်းများကိုကပ်၍ ကြေညာပေးခဲ့ပါကြောင်း၊ မဲစာရင်းများကို ကြည့်ရှုရန် မဲစာရင်းတွင် ပါဝင်ခြင်းမရှိပါက ပုံစံ(၃)ဖြင့် တောင်းဆိုရန်၊ ကန့်ကွက်ရန်ရှိပါက ပုံစံ(၄)ဖြင့် ကန့်ကွက်ရန်၊ ပြင်ဆင်ရန်ရှိပါက ပုံစံ(၄-က)ဖြင့်ပြင်ဆင်ရန်



ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင် ဦးမြင့်နိုင် ဖြေကြားစဉ်။

နှိုးဆော်ခဲ့ပါကြောင်း၊ ယနေ့ထက်တိုင်လည်း နိုင်ငံပိုင်သတင်းစာများနှင့် ရုပ်သံလိုင်းအစီအစဉ်များတွင် နှိုးဆော်ပေးလျက်ရှိပါကြောင်း။

မဲဆန္ဒရှင်တစ်ဦးသည် မဲစာရင်းကိုလာရောက်ကြည့်ရှုပြီး အမှားအယွင်း ချို့ယွင်းချက်များရှိပါက ပုံစံ(၃)တောင်းဆိုလွှာ၊ ပုံစံ(၄) ကန့်ကွက်လွှာ၊ ပုံစံ(၄-က) ပြင်ဆင်လွှာတို့ကို တင်ပြလျှောက်ထားနိုင်ပါကြောင်း၊ မဲစာရင်းတွင် အမှားအယွင်း ချွတ်ချော်ချက် တစ်စုံတစ်ရာပါနေသော်လည်း လွှတ်တော်ရွေးကောက်ပွဲများနည်းဥပဒေ ၅၀(ဂ)အရ ထိုသူသည် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအမှန်ဖြစ်ကြောင်း တာဝန်ခံ၍ ပြောဆိုလာပါက ပြင်ဆင်ရေးမှတ်၍ ဆန္ဒမဲပေးပိုင်ခွင့်ပြုရမည်ဟု ပြဋ္ဌာန်းထားသဖြင့် မဲပေးပိုင်ခွင့် လုံးဝဆုံးရှုံးသွားရန် အကြောင်းမရှိပါကြောင်း။

ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၉၁ (က)အရ ဆန္ဒမဲပေးပိုင်ခွင့်ရှိသော နိုင်ငံသားများနှင့် ဥပဒေအရ ဆန္ဒမဲပေးခွင့်ရှိသူတိုင်းသည် ဆန္ဒမဲပေးခွင့်ရှိပါကြောင်း၊ လွှတ်တော်ရွေးကောက်ပွဲများဥပဒေပုဒ်မ ၆ တွင် သက်ဆိုင်ရာမဲဆန္ဒနယ်၏ မဲစာရင်းတွင် ပါဝင်သူသာ ဆန္ဒမဲပေးခွင့်ရှိသည်ဟု ပြဋ္ဌာန်းထားသည့်အတွက် အခွင့်အရေးနှင့် တာဝန်ကိုနားလည်ပြီး ဥပဒေနှင့်အညီ လိုက်နာဆောင်ရွက်ပါက ဆန္ဒမဲပေးပိုင်ခွင့်ရှိသူတစ်ဦးအနေဖြင့် ဆန္ဒမဲပေးပိုင်ခွင့် အခွင့်အရေးဆုံးရှုံးနိုင်မည့်အကြောင်း မရှိပါကြောင်း။

၂၀၁၀ ရွေးကောက်ပွဲကျင်းပစဉ်က ဆန္ဒမဲပေးနိုင်ခွင့်ပုံစံနှင့် ယခု ၂၀၁၅ ရွေးကောက်ပွဲ၏ ဆန္ဒမဲပေးပိုင်ခွင့်ပုံစံ ကွဲလွဲချက်များအနက် ယခင်က ယာယီသက်သေခံလက်မှတ်ကိုင်ဆောင်ထားသူများ မဲပေးခွင့်ရှိသော်လည်း ယခုမရှိတော့ပါကြောင်း၊ ယခင်က ကြိုတင်ဆန္ဒမဲပေးသူများစာရင်းကို တိတိကျကျမှတ်တမ်းတင်ထားခြင်းမရှိသော်လည်း ယခုမဲဆန္ဒနယ်ပြင်ပရောက်(ပြည်တွင်း) ကြိုတင်ဆန္ဒမဲပေးသူများစာရင်းပုံစံ(၁-၁)၊ မဲဆန္ဒနယ် ပြင်ပရောက် တပ်မတော်သားများနှင့် အတူနေမိသားစုများ၏ ကြိုတင်ဆန္ဒမဲပေးသူများ စာရင်းပုံစံ(၁-၂)၊ မဲဆန္ဒနယ်ပြင်ပရောက်(ပြည်ပ) ကြိုတင်ဆန္ဒမဲပေးသူများစာရင်းပုံစံ(၁-၃)တို့ဖြင့် စာရင်းများပြုစု၍



မင်းကင်း မဲဆန္ဒနယ်မှ ဒေါ်ခင်မွေးလွင် မေးမြန်းစဉ်။

သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲရုံးများတွင် ကပ်ထားပါကြောင်း၊ ယခင်က ဆန္ဒမဲပေးပြီးသူဖြစ်ကြောင်း သီးခြားအမှတ်အသားပြုထားခြင်းမရှိ သော်လည်း ယခုဆန္ဒမဲပေးပြီးပါက ဆန္ဒမဲပေးပြီးကြောင်း သတ်မှတ်ထားသော လက်၏လက်ချောင်းပေါ်တွင် မင်တို့သည့် စနစ်ကျင့်သုံး၍ မဲဆန္ဒရှင်တစ်ဦးတည်း နှစ်ကြိမ်ထပ်၍ ဆန္ဒမဲပေးခြင်း မပြုနိုင်ပါကြောင်း၊ ယခင်က ကြိုတင်ပြီး အခြေခံမဲစာရင်းပြုစုခြင်းမရှိသော်လည်း ယခုပြည့်စုံမှန်ကန်သော မဲစာရင်းဖြစ်ရေးအတွက် ကြိုတင်၍ အခြေခံမဲစာရင်း ပြုစုပါကြောင်း၊ နိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ်လောင်းများဆိုင်ရာ ကျင့်ဝတ်များ၊ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများ၏ကျင့်ဝတ်များကို ယခင်က ထုတ်ပြန်ထားခြင်း မရှိသော်လည်း ယခုရှိပါကြောင်း၊ ပြည်ပမှ စောင့်ကြည့်လေ့လာသူများ ကျင့်ဝတ်ကို ယခင်က တိတိကျကျထုတ်ပြန်ပေးခဲ့ခြင်းမရှိသော်လည်း ယခုရှိပါကြောင်း ဖြေကြားသည်။

ထို့ပြင် ဂွမဲဆန္ဒနယ်မှ ဦးကြည်သာ၏ **ကျေးလက်ဒေသများရှိ လယ်ယာမြေ၊ ဥယျာဉ်ခြံမြေများ၏ ဦးပိုင်မြေများကို မြေစာရင်းဌာနမှ တိုင်းတာခြင်း၊ မှတ်တမ်းထားရှိခြင်းတို့တွင် တိကျမှုမရှိခြင်းများကို တွေ့ရပါသဖြင့် မြေစာရင်းဦးစီးဌာနအနေဖြင့် ရေရှည်စနစ်တကျ ထိန်းသိမ်းနိုင်သော အစီအစဉ်များရှိ၊ မရှိ**မေးခွန်းနှင့်စပ်လျဉ်း၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းသန်းက လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနသည် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် မြေကြီး၊ မြေပုံ မှန်ကန်ရေးအတွက် စက္ကူမြေပုံစနစ်မှ ဒီဂျစ်တယ်မြေပုံစနစ်သို့ ကူးပြောင်းနိုင်ရေးစီမံချက် ချမှတ်အကောင်အထည်ဖော်လျက်ရှိရာ ၂၀၁၁-၂၀၁၂ ခုနှစ်မှ ၂၀၁၃-၂၀၁၄ ခုနှစ်အထိ ကွင်းပေါင်း ၂၃၇၇ ကွင်းနှင့် ၂၀၁၄-၂၀၁၅ ခုနှစ်တွင် ၄၀၂၇ ကွင်း တိုင်းတာနိုင်ခဲ့ပြီး ၂၀၁၅-၂၀၁၆ ခုနှစ်တွင် ကွင်းပေါင်း ၇၆၀၀ ကွင်းအထိ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် တိုးတက်တိုင်းတာသွားရန် စီစဉ်ထားပါကြောင်း။

နိုင်ငံတော်၏ မြေယာဆိုင်ရာမူဝါဒများချမှတ်ရာတွင် လည်းကောင်း၊ လယ်ယာကဏ္ဍ ဖွံ့ဖြိုးမှုဆိုင်ရာ စီမံကိန်းများ ချမှတ်အကောင်အထည်ဖော်ရာတွင် လည်းကောင်း၊ ပြည်သူလူထု၏ စားနပ်ရိက္ခာဖူလုံမှုနှင့် နေထိုင်မှုဆိုင်ရာ အခက်အခဲများကို ဖြေရှင်းပေးရာတွင် လည်းကောင်း၊ အခြေခံလိုအပ်ချက်ဖြစ်သည့် မြေအသုံးချမှုဆိုင်ရာ စာရင်းအင်း အချက်အလက်များ၊ သီးနှံစိုက်ပျိုးထုတ်လုပ်မှုဆိုင်ရာ စာရင်းအင်း အချက်အလက်များ တိကျမှန်ကန်စေရန်အတွက် အခြေခံဖြစ်သော ကွင်းမြေပုံများ မြေကြီးနှင့် မြေပုံအစဉ်အမြဲမှန်ကန်စေရန် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနအနေဖြင့် ဒီဂျစ်တယ်မြေပုံများ တိုင်းတာထုတ်လုပ်အသုံးပြုနိုင်ရေး လုပ်ငန်းကို ဘဏ္ဍာရေးနှစ်အလိုက် စီမံချက်များချမှတ်၍ ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

ထို့နောက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က တင်သွင်းသည့် **ဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများ ဥပဒေကြမ်း**ကို ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာတင်ပြချက်အတိုင်း ပြင်ဆင်ချက်ဖြင့် အတည်ပြုကြောင်း ကြေညာသည်။

ယနေ့အစည်းအဝေးတွင် လယ်ယာကဏ္ဍ၊ လမ်းတံတားကဏ္ဍ၊ ခရီးသွားလုပ်ငန်းနှင့် ရွေးကောက်ပွဲဆိုင်ရာ မေးခွန်းများ မေးမြန်းဖြေကြားခြင်း၊ ဥပဒေကြမ်းတစ်ခု အတည်ပြုခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။

**(သတင်းစဉ်)**

အမျိုးသားလွှတ်တော်အစည်းအဝေး

# ရန်ကုန်မြို့၊ ကျိုက္ကဆံကွင်း အနောက်ဘက်ခြမ်းရှိ ဟစ်တိုင်နေရာကို အခြားတစ်နေရာသို့ ပြောင်းရွှေ့ပေးရန် အစီအစဉ်မရှိ

**နေပြည်တော် ဇူလိုင် ၂၄**

ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၇၃ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ဆက်လက်ကျင်းပသည်။

အစည်းအဝေးတွင် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ လွှတ်တော်ကိုယ်စားလှယ် ဦးဖုန်းမြင့်အောင်၏ **“ရန်ကုန်မြို့ ကျိုက္ကဆံကွင်း အနောက်ဘက်ခြမ်းရှိ ဟစ်တိုင်နေရာကို လူအများသွားလာသည့် နေရာတစ်ခုသို့ ပြောင်းရွှေ့ပေးရန် အစီအစဉ် ရှိ၊ မရှိ”** မေးခွန်းနှင့်စပ်လျဉ်း၍ သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်ကျော်ဝင်းက ရန်ကုန်တိုင်းဒေသကြီးအတွင်း ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခွင့်၊ ငြိမ်းချမ်းစွာ စုဝေးခွင့်များကို ဥပဒေနှင့်အညီ ဆန္ဒဖော်ထုတ်နိုင်ရန်အတွက် တာမွေမြို့နယ် ကျိုက္ကဆံကွင်းအတွင်း နေရာသတ်မှတ်ပေးထားပြီးဖြစ်ပါကြောင်း၊ တာမွေမြို့နယ်သည် ရန်ကုန်တိုင်းဒေသကြီးအတွင်း အချက်အချာကျပြီး လမ်းပန်းဆက်သွယ်ရေး လွယ်ကူကာ ရန်ကုန်မြို့၏ အလယ်ဗဟိုတွင် တည်ရှိသော မြို့နယ်ဖြစ်ပါကြောင်း၊ ရန်ကုန်တိုင်း



ဒုတိယဝန်ကြီး ဦးကျော်ကျော်ဝင်း ဖြေကြားစဉ်။

ဒေသကြီးအတွင်း နေ့စဉ်ဆန္ဒဖော်ထုတ်မှုများရှိပြီး ယခင်ဟစ်တိုင်ကွင်းမရှိမီက ဆူးလေဘုရားအနီး၊ မဟာဗန္ဓုလပန်းခြံနှင့် အဆင်ပြေသည့်နေရာများတွင် ဆန္ဒဖော်ထုတ်မှုများ ပြုလုပ် သဖြင့် ယာဉ်ကြောပိတ်ဆို့မှုများ အများဆုံးဖြစ်ပွားပြီး အများပြည်သူစိတ်အနှောင့်အယှက်ဖြစ်ပွားရပါကြောင်း။

ရန်ကုန်မြို့၏ အချက်အချာကျပြီး သွားလာရေးအဆင်ပြေသည့် တာမွေမြို့နယ်ရှိ ကျိုက္ကဆံကွင်းတွင် အလျားပေ ၃၄၀၊ အနံ ၁၅၅ ပေ



ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဖုန်းမြင့်အောင် မေးမြန်းစဉ်။

အကျယ်အဝန်းရှိသည့် ကွင်းတွင် ဟစ်တိုင်အဖြစ် ဆောင်ရွက်ပေးခဲ့ခြင်း ဖြစ်ပါကြောင်း၊ ဟစ်တိုင်ကွင်းအတွင်း ဟောပြောစင် ပြုလုပ်ပေးခြင်း၊ လျှပ်စစ်မီးသွယ်တန်းပေးခြင်း၊ ရေရရှိရေး ဆောင်ရွက်ပေးခြင်းတို့အား စီမံဆောင်ရွက်ပေးထားပြီး ဖြစ်ပါကြောင်း ၊ အဆိုပါဟစ်တိုင်ကွင်းသည် အများပြည်သူသွားလာရန် လွယ်ကူသည့်နေရာတွင် ခွင့်ပြုပေးထားခြင်းဖြစ်ပြီး ခွင့်ပြုချက်ဖြင့် စီတန်းလမ်းလျှောက်လိုသူများ အတွက်လည်း ဗိုလ်စိန်မှန်ကွင်းတွင် စုရပ်လုပ်ပြီး ဟစ်တိုင်ကွင်းသို့ စီတန်းလမ်းလျှောက်ပါက တစ်မိုင်ခန့်သာဝေး၍ ယာဉ်ကြောပိတ်ဆို့မှုမရှိခြင်းနှင့် အများပြည်သူ စိတ်အနှောင့်အယှက်မဖြစ်စေရေးအတွက် ဟစ်တိုင်ကွင်းတွင် ဥပဒေနှင့်အညီ ဆန္ဒဖော်ထုတ်နိုင်ရန် ခွင့်ပြုပေးထားခြင်း ဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ အဆိုပါဟစ်တိုင်ကွင်းအား အခြားတစ်နေရာသို့ ပြောင်းရွှေ့ပေးရန် အစီအစဉ်မရှိပါကြောင်းနှင့် ဟစ်တိုင်ကွင်းအား ကာရံထားသည့် အုတ်တံတိုင်းသည် လုံခြုံရေးအရ ကာရံထားသော အုတ်တံတိုင်းသာဖြစ်သောကြောင့် ဖြိုချပေးရန် အစီအစဉ်မရှိပါကြောင်းဖြင့် ပြန်လည်ရှင်းလင်းဖြေကြားသည်။

ထို့နောက် တစ်လင်တစ်မယား စနစ်ကျင့်သုံးခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄) မှ လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကြည်ညွန့်က ဆွေးနွေးသည်။

ယင်းနောက် တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးချုပ် ကျော်ဦးလွင်က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော မော်တော်ယာဉ်ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းပြီး အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ ဥက္ကဋ္ဌ ဦးခင်မောင်ရီက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြုပြီး ပေးပို့လာသော ၂၀၁၂ ခုနှစ် ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းပြီး အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ ဒေါ်သိန်းသိန်းဌေးက ကိုယ်အင်္ဂါအစိတ်အပိုင်း လှူဒါန်းခြင်းဆိုင်ရာ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် အဆိုတင်သွင်းရာ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၉)မှ လွှတ်တော်ကိုယ်စားလှယ် ဦးသော်ဇင်ဦးက ထောက်ခံပြီး အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ယင်းဥပဒေကြမ်းကို လက်ခံဆွေးနွေးရန် သင့် မသင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ်ကို ရယူကာ အတည်ပြုသည်။

ထို့နောက် အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ အတွင်းရေးမှူး ဒေါက်တာ မြတ်ဉာဏစိုးက ကိုယ်အင်္ဂါအစိတ်အပိုင်း လှူဒါန်းခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းပြီး အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် အမျိုးသားလွှတ်တော် ကယ်ဆယ်ရေးနှင့်ကူညီစောင့်ရှောက်ရေး ကော်မတီ၏ လောက်ကိုင်ဒေသတွင် နိုင်ငံအတွက် အသက်ပေးဆက်ခဲ့သူများ/ဒဏ်ရာရစစ်သည်များနှင့် ကြက်ခြေနီမောင်မယ်

*စာမျက်နှာ ၁၀ ကော်လံ ၁ သို့*

# သတ္တမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့(၄၇)ပါးစုံညီ အဌမအစည်းအဝေး ဒုတိယနေ့ကျင်းပ

**ရန်ကုန် ဇူလိုင် ၂၄**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သတ္တမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ အဌမအစည်းအဝေး ဒုတိယနေ့ကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ ဝိဇယမင်္ဂလာဓမ္မသဘင်၌ ကျင်းပရာ **(ယာပုံ)** သဘာပတိအဖြစ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိက ဒေါက်တာ ဘဒ္ဒန္တ ကုမာရာဘိဝံသက ဆောင်ရွက်တော်မူပြီး အခမ်းအနားမှူးအဖြစ် တွဲဖက်အကျိုးတော်ဆောင် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တ ဓမ္မပါလာဘိဝံသက ဆောင်ရွက်တော်မူသည်။

အစည်းအဝေးတွင် သတ္တမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (ပထမအဖွဲ့ခွဲ)၏ တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက်များအနက် ဝိနိစ္ဆယရေးရာ၊ သာသနာရေးဆိုင်ရာနှင့် ပညာရေးဆိုင်ရာ ဆောင်ရွက်ချက်များအပေါ် အဖွဲ့ဝင်ဆရာတော်များက ဝေဖန်ဆွေးနွေးတော်မူကြသည်။ ထို့နောက် ဝိနိစ္ဆယရေးရာ၊ သာသနာရေးဆိုင်ရာနှင့် ပညာရေးဆိုင်ရာများဖြင့် စပ်လျဉ်းဆွေးနွေးဆုံးဖြတ်တော်မူကြသည်။

ဆက်လက်၍ သတ္တမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (ပထမအဖွဲ့ခွဲ)၏ တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက်၊ အစီရင်ခံစာ၊ ဝေဖန်ဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ ဝိနိစ္ဆယရေးရာ၊ သာသနာရေးဆိုင်ရာနှင့် ပညာရေးဆိုင်ရာ ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ အဖွဲ့ဝင်ဆရာတော်များက ပြန်လည်ရှင်းလင်း လျှောက်ထားတော်မူကြပြီး ဒုတိယအကြိမ် တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက် အစီရင်ခံစာကို တွဲဖက်အကျိုးတော်ဆောင် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဓမ္မပါလာဘိဝံသက အတည်ပြုချက်ရယူပြီး အစည်းအဝေးသို့ ကြွရောက်လာသည့် ဆရာတော်များအားလုံးက ဇယန္တော ဗောဓိယာမူလေ အစချီသော နှစ်ဂါထာကို သုံးကြိမ် ရွတ်ဆိုတော်မူပြီး သာဓုသုံးကြိမ်ခေါ်ဆိုကာ သတ္တမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ အဌမအစည်းအဝေးကို မွန်းလွဲပိုင်းတွင် အောင်မြင်စွာ ကျင်းပပြီးစီးခဲ့သည်။



ယနေ့အစည်းအဝေးသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက်ဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက ဒေါက်တာ ဘဒ္ဒန္တ ကုမာရာဘိဝံသ အမှူးပြုသော နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြည်ညိုကြသည်။ **(သတင်းစဉ်)**

◆ *ကျောဖုံးမှ*

ပထမနေ့နှင့် ဒုတိယနေ့ဆွေးနွေးပွဲတွင် ဆွေးနွေးခဲ့သည့် လော်ခီးလာအစည်းအဝေးမှ ပြင်ဆင်သည့် NCA စာချုပ်(မူကြမ်း)ပါ အချက် ၁၃ ချက်ကို ဆွေးနွေးနိုင်ခဲ့သည်။

တတိယနေ့အစည်းအဝေးတွင် UPWC နှင့် SD တို့၏ NCA ဆွေးနွေးပွဲတွင် NCA စာချုပ် လက်မှတ်ရေးထိုးရာတွင် ပါဝင်ရမည့် အသိသက်သေများနှင့် ပါဝင်လက်မှတ်ရေးထိုးကြမည့်သူများကိစ္စ၊ NCA စာချုပ်တွင် ပါဝင်လက်မှတ်ရေးထိုးကြမည့် တိုင်းရင်းသားအဖွဲ့များစာရင်းကိစ္စနှင့် အထွေထွေကိစ္စရပ်များကို ဆက်လက်ဆွေးနွေးကြသည်။

ဆွေးနွေးပွဲကို မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်တွင် ရပ်နားခဲ့ပြီး အစည်းအဝေးအပြီးတွင် UPWC ၏ ဒုတိယဥက္ကဋ္ဌဖြစ်သူ လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဇော်က ပြည်ထောင်စု ငြိမ်းချမ်းရေးဖော်ဆောင်ရေးကော်မတီ (UPWC)နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးဆိုင်ရာ အဆင့်မြင့်ညှိနှိုင်းရေးကိုယ်စားလှယ်အဖွဲ့ (SD) တို့၏ အချက်လေးချက်ပါသည့် ပူးတွဲသတင်းထုတ်ပြန်ချက်ကို ဖတ်ကြားခဲ့သည်။

ယင်းနောက် UPWC ၏ ဒုတိယဥက္ကဋ္ဌဖြစ်သူ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းက ယနေ့ကျင်းပသည့် အစည်းအဝေးသည် SD အဖွဲ့နှင့် UPWC တို့၏ တတိယနေ့နှင့် နောက်ဆုံးအစည်းအဝေးဖြစ်ပါကြောင်း၊ နှစ်ဖက်စာချုပ်နှင့်ပတ်သက်သည့် အချက်များအပေါ် အချောသပ်နိုင်ခဲ့ပါကြောင်း၊ ကျန်ရှိသည့် အချက် တစ်ချက်၊ နှစ်ချက်အား တိုင်းရင်းသားခေါင်းဆောင်များထံမှ မူဝါဒများ ရယူပြင်ဆင်ပြီး နောက်တစ်ကြိမ် အစည်းအဝေး ထပ်မံပြုလုပ်သွားမည်ဖြစ်ပါကြောင်း၊ ယခုအစည်းအဝေးကဲ့သို့ အောင်မြင်စွာ ဆောင်ရွက်နိုင်အောင် တိုင်းရင်းသားခေါင်းဆောင်များဘက်က ဆောင်ရွက်ပေးရန်အတွက် မိမိအနေဖြင့် တင်ပြပါကြောင်း၊ ထိုအစည်းအဝေးသည် NCA စာချုပ်ချုပ်ဆိုနိုင်ရေးအတွက် နောက်ဆုံးအပြီးသတ်ဆောင်ရွက်သည့် အစည်းအဝေးဖြစ်စေလိုသောဆန္ဒ မိမိတို့ထံတွင်ရှိနေကြပါကြောင်းဖြင့် ပြောကြားသည်။

တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများ၏ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးဆိုင်ရာ အဆင့်မြင့်ညှိနှိုင်းရေးကိုယ်စားလှယ်အဖွဲ့ (SD)၏ အဖွဲ့ခေါင်းဆောင်ဖြစ်သူ ပဒိုနော်စီဖိုးရာစိန်က NCA နှင့်ပတ်သက်ပြီး သုံးရက်အတွင်း အချက် ၁၃ ချက် အောင်မြင်စွာဆွေးနွေးနိုင်ခဲ့ခြင်းအတွက် ကျေးဇူးတင်ပါကြောင်း၊ အထက်သို့ ပြန်လည်တင်ပြရမည့် အချက်များအား နောက်လာမည့် အစည်းအဝေးတွင် ဆွေးနွေးမည်ဖြစ်ပါကြောင်း၊ နောက်ပြုလုပ်မည့်အစည်းအဝေးတွင် NCA ကို အချောသပ်နိုင်ရန် အားလုံးပါဝင်ကြိုးစားကြမည်ဖြစ်သကဲ့သို့ UPWC၊ တပ်မတော်၊ အစိုးရဘက်မှလည်း ဆောင်ရွက်ပေးနိုင်မည်ဟု မျှော်လင့်ပါကြောင်း၊ NCA စာချုပ်ချုပ်ဆိုနိုင်ရေးသည် အားလုံးတွင် တာဝန်ရှိပြီး ပူးပေါင်းဆောင်ရွက်မှသာ စာချုပ်ကို ချုပ်ဆိုနိုင်မည်ဖြစ်ကြောင်း၊ မိမိတို့ SD ဘက်မှ တင်ပြခဲ့သည့်ကိစ္စရပ်များအပေါ် တစ်ညီတစ်ညွတ်တည်း လက်မှတ်ရေးထိုးနိုင်မည်ဟု မျှော်လင့်ပါကြောင်းဖြင့် ပြောကြားခဲ့သည်။

ယနေ့ပြုလုပ်သည့် UPWC နှင့် SD တို့၏ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) အတွက် (၈)ကြိမ်မြောက်ပြုလုပ်သော ဆွေးနွေးပွဲအပြီးတွင် MPC မှ အထူးအကြံပေး ဦးလှမောင်ရွှေ၊ SD မှ ဒုတိယအဖွဲ့ခေါင်းဆောင်(၂)ဖြစ်သူ ပူးဇင်ကျုံးနှင့် အဖွဲ့ဝင်ဖြစ်သူ ပဒိုစောကွယ်ထူးဝင်းတို့က သတင်းစာရှင်းလင်းပွဲတစ်ရပ် ပြုလုပ်ခဲ့သည်။

**(သတင်းစဉ်)**



(၈)ကြိမ်မြောက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ သဘောတူစာချုပ်ညှိနှိုင်းအစည်းအဝေး အပြီးတွင် ဆွေးနွေးပွဲတက်ရောက်ကြသူများ ရင်းရင်းနှီးနှီးနှုတ်ဆက်ကြစဉ်။ (ဓာတ်ပုံ-MPC)

## ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးဆိုင်ရာ အဆင့်မြင့်ညှိနှိုင်းရေးကိုယ်စားလှယ်အဖွဲ့ ပူးတွဲသတင်းထုတ်ပြန်ချက်

၂၀၁၅၊ ဇူလိုင်လ (၂၄) ရက်
**ရန်ကုန်မြို့**

၁။ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ၏ ကိုယ်စားလှယ်အဖွဲ့နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ အဆင့်မြင့်ညှိနှိုင်းရေးကိုယ်စားလှယ်အဖွဲ့တို့သည် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲနိုင်ရေးအတွက် သဘောတူစာချုပ်မူကြမ်း (၈) ကြိမ်မြောက်ညှိနှိုင်းဆွေးနွေးခြင်းကို ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ (၂၂) ရက်နေ့မှ (၂၄) ရက်နေ့ထိ ရန်ကုန်မြို့၊ ရွှေလီလမ်းရှိ မြန်မာနိုင်ငံငြိမ်းချမ်းရေး ပြန်လည်ထူထောင်ရေးလုပ်ငန်းဗဟိုဌာနတွင် ပြုလုပ်ခဲ့ပါသည်။

၂။ နှစ်ဖက်ကိုယ်စားလှယ်များသည် ၂၀၁၅ ခုနှစ်၊ မတ်လ(၃၁)ရက်နေ့တွင် UPWC နှင့် NCCT ကိုယ်စားလှယ်များအကြား တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးစာချုပ်(အတည်ပြုမူကြမ်း)အပေါ် လော်ခီးလာညီလာခံမှ ပြန်လည်အဆိုပြုလာသည့် အချက်(၁၃)ချက်အားအခြေခံလျက် သဘောတူစာချုပ်(အတည်ပြုမူကြမ်း)ကို အချောသပ်သည့် ဆွေးနွေးညှိနှိုင်းခြင်းကို ပြုလုပ်ခဲ့ကြပါသည်။

၃။ နောက်တစ်ကြိမ်ဆွေးနွေးပွဲကို ၂၀၁၅ ခုနှစ် ဩဂုတ်လပထမပတ်တွင် ကျင်းပရန် နှစ်ဖက်ကိုယ်စားလှယ်များသဘောတူကြပါသည်။ ၎င်းညှိနှိုင်းဆွေးနွေးပွဲတွင် စာချုပ်(အတည်ပြုမူကြမ်း) အချောသပ်ခြင်း အပြီးဆောင်ရွက်နိုင်ရန် နှစ်ဖက်ကိုယ်စားလှယ်များ ကြိုးပမ်းဆောင်ရွက်ကြရန် သဘောတူကြပါသည်။

၄။ ဤညှိနှိုင်းဆွေးနွေးပွဲသို့ တက်ရောက်ကြသည့် နှစ်ဖက်ကိုယ်စားလှယ်များသည် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (အတည်ပြုမူကြမ်း) အမြန်ဆုံးချုပ်ဆိုနိုင်ရေးနှင့် နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲများကို အမြန်ဆုံးကျင်းပကာ ရေရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေးရရှိရေးအတွက် ကြိုးပမ်းလုပ်ဆောင်သွားမည်ဖြစ်ကြောင်းအသိပေးအပ်ပါသည်။

# ပြည်ထောင်စုလွှတ်တော်ရုံးနှင့် ပြည်သူ့လွှတ်တော်ရုံးတို့၏ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းခြင်းမင်္ဂလာအခမ်းအနားကျင်းပ

**နေပြည်တော် ဇူလိုင် ၂၄**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုလွှတ်တော်ရုံးနှင့် ပြည်သူ့လွှတ်တော်ရုံးတို့၏ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းခြင်း မင်္ဂလာအခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော်ဧည့်ခန်းမ၌ ကျင်းပသည်။

အဆိုပါ မင်္ဂလာအခမ်းအနားသို့ နိုင်ငံတော်ဩဝါဒါစရိယ နေပြည်တော် ပျဉ်းမနားမြို့ မဟာဝိသုတာရာမ ဈေးကုန်းကျောင်းတိုက် ပဓာနနာယက၊ နိုင်ငံတော် ဩဝါဒါစရိယ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဂ္ဂမဟာ ပဏ္ဍိတ ဘဒ္ဒန္တကဝိသာရဆရာတော် အမှူးပြုသော ဆရာတော်၊ သံဃာတော်များ ကြွရောက်တော်မူကြပြီး ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း၊ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ ပြည်ထောင်စုလွှတ်တော်ရုံးနှင့် ပြည်သူ့လွှတ်တော် ရုံးဝန်ထမ်းများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ နိုင်ငံတော်ဩဝါဒါစရိယ ပျဉ်းမနားမြို့ မဟာဝိသုတာရာမ ဈေးကုန်းကျောင်းတိုက်ဆရာတော်ထံမှ ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ အမှူးပြုသော ဧည့်ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ယင်းနောက် ဆရာတော်၊ သံဃာတော်များက အန္တရာယ်ကင်းပရိတ်တရားတော်များ ရွတ်ပွားသရဇ္ဈာယ်တော်မူကြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ**(ယာပုံ)**နှင့် လွှတ်တော်ရုံးများမှ တာဝန်ရှိသူများက ဆရာတော်၊ သံဃာတော်များထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ဈေးကုန်းကျောင်းတိုက်ဆရာတော်ထံမှ ဧည့်ပရိသတ်များက အနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။ **(သတင်းစဉ်)**



# တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) အပြီးသတ်နိုင်ရေး လာမည့် ဩဂုတ်ပထမပတ်တွင် ဆက်လက်ဆွေးနွေးမည်

**သတင်း-ရဲခေါင်ညွှန့် မြတ်သန္တာမောင်**

**ဓာတ်ပုံ-ဖိုးထောင်**

တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) အတွက် (၈)ကြိမ်မြောက် အစည်းအဝေး၏ တတိယနေ့ အစည်းအဝေးအဖြစ် ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီ(UPWC)နှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများ၏ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးဆိုင်ရာ အဆင့်မြင့်ညှိနှိုင်းရေး ကိုယ်စားလှယ်အဖွဲ့ (SD) တို့သည် ဇူလိုင် ၂၄ ရက်က ရန်ကုန်မြို့ ရွှေလီလမ်းရှိ MPCတွင် ဆက်လက်ပြုလုပ်ခဲ့သည်။

နှစ်ဖက်အဖွဲ့များ၏ သုံးရက်တာ ပြုလုပ်သည့် ဆွေးနွေးပွဲများအတွင်း ပြည်ထောင်စု ငြိမ်းချမ်းရေးဖော်ဆောင်ရေး လုပ်ငန်းကော်မတီ UPWC နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးဆိုင်ရာ အဆင့်မြင့်ညှိနှိုင်းရေး ကိုယ်စားလှယ်အဖွဲ့(SD) တို့ ညှိနှိုင်းဆွေးနွေးခဲ့ကြသည့် အစီအစဉ်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(၁)၂၀၁၅ ဇွန်လတွင်းက ပြုလုပ်ခဲ့သည့် လော်ခီးလာထိပ်သီးညီလာခံမှပြင်ဆင်သည့် NCA စာချုပ်(မူကြမ်း)ပါ အချက်(၁၃)ချက်

(၂) တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးစာချုပ်တွင် လက်မှတ်ရေးထိုးမည့် ပုဂ္ဂိုလ်များ

(၃)နိုင်ငံတကာနှင့် ပြည်တွင်း အသိသက်သေများ

(၄) အားလုံးပါဝင်သည့် တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး သဘောတူ စာချုပ်တို့ဖြစ်သည်။

အဆိုပါ ဆွေးနွေးခဲ့သည့် အချက်များအနက် လော်ခီးလာထိပ်သီးညီလာခံမှ ပြင်ဆင်သည့် NCA စာချုပ်(မူကြမ်း)ပါ အချက်(၁၃)ချက်အား သဘောတူညီမှု ရရှိခဲ့ပြီး နှစ်ဖက်အဖွဲ့ကြေညာချက်တစ်စောင် ထုတ်ပြန်နိုင်ခဲ့သည်။ ဆွေးနွေးထားရှိခဲ့သည့် နံပါတ် (၂)၊ (၃)၊ (၄)တို့အား နှစ်ဖက်ခေါင်းဆောင်အသီးသီးထံတင်ပြ၍ NCA နောက်ဆုံး အချောသပ်စာချုပ်ချုပ်ဆို သွားနိုင်ရေးအတွက် လာမည့် ဩဂုတ်လ ပထမပတ်တွင် MPC ၌ပင် ဆက်လက်ပြုလုပ်သွားမည်ဖြစ်သည်။



ဦးလှမောင်ရွှေ



ပူးဇင်ကျိုး



ပဒိုစောကွယ်ထူးဝင်း

ဇူလိုင် ၂၄ ရက်အထိ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) အတွက် WPWC နှင့် SD တို့၏ဆွေးနွေးပွဲ အပြီး ဆွေးနွေးပွဲ၏ နောက်ဆုံးရလဒ်များနှင့် ပတ်သက်၍ နှစ်ဖက်ခေါင်းဆောင်များ၏ ပြောကြားမှုများအား ဖော်ပြအပ်ပါသည်-

**ဦးလှမောင်ရွှေ**
**MPC အထူးအကြံပေး**

ဒီနေ့မှာတော့ (၈)ကြိမ်မြောက် အစည်းဝေးပွဲအစီစဉ်ရဲ့ ကျန်ရှိနေတဲ့ အစီအစဉ် (၃)ခုဖြစ်တဲ့ လက်မှတ်ရေးထိုးမယ့် သက်သေအဖွဲ့အစည်းများ၊ တိုင်းရင်းသားတွေဘက်က လက်မှတ်ရေးထိုးမယ့် သူများနဲ့ အထွေထွေဆိုပြီး ဆွေးနွေးပါတယ်။ ဆွေးနွေးပွဲပြီးတဲ့အချိန်မှာ ကြေညာချက်တစ်ခုကို ထုတ်ပြန်နိုင်ခဲ့ပါတယ်။ ကြေညာချက်က နှစ်ဖက်ခေါင်းဆောင်အသီးသီးကို ပြန်လည်ညှိနှိုင်းပြီးရင် ဩဂုတ်လ ပထမပတ်မှာ ရန်ကုန်မှာရှိတဲ့ မြန်မာငြိမ်းချမ်းရေးစင်တာမှာပဲ အချောသပ်ကို ပြန်ပြီးတော့ နောက်ဆုံးဆောင်ရွက်နိုင်ဖို့ဆိုတဲ့ဟာကို နှစ်ဖက်ခေါင်းဆောင်တွေက ဒီနေ့ သဘောတူပါတယ်။

လော်ခီးလာမှာ အဆိုပြုတဲ့ (၁၃)ချက်မှာ (၁၀) ချက်ကတော့ လုံးဝသဘောတူပြီးသား ညှိနှိုင်းပြီးသား ဖြစ်သွားပါပြီ။ နှစ်ချက်ကတော့ နှစ်ဖက်ခေါင်းဆောင်တွေ အတည်ပြုရင် ပြီးစီးမှာပါ။ ကျန်တဲ့တစ်ချက်ကတော့ နှစ်ဖက်ခေါင်းဆောင်တွေဆီမှာ သဘောထားယူပြီး ညှိနှိုင်းရမှာဖြစ်တဲ့အတွက် လာမယ့်အစည်းအဝေးဟာ အဲ့ဒီတစ်ချက်ပဲ ညှိနှိုင်းရမယ့် သဘောမျိုးပြောရင်လည်း ရပါတယ်။

အစိုးရဘက်က အားလုံးပါဝင်ရေးကို လက်မခံတာမျိုးမဟုတ်ဘူး။ လက်တွေ့ဆန်ဆန် NCA ကို ထိုးပြီးတာနဲ့ အားလုံးအကျိုးသက်ရောက်ပြီး စောင့်ထိန်းလိုက်နာနိုင်တဲ့ အဖွဲ့အစည်းမျိုးနဲ့ ပထမစထိုးမယ်ဆိုတဲ့ သဘောမျိုးလို့ပဲ ကျွန်တော်နားလည်ထားတယ်။ ဒါကိုလည်း နှစ်ဖက်ခေါင်းဆောင်တွေ နည်းလမ်းရှာဖို့လိုတယ်လို့ ဝန်ကြီးဦးအောင်မင်းက အကြိမ်ကြိမ် ပြောပြီးပါပြီ။

**ပူးဇင်ကျိုး**
**အဆင့်မြင့်ညှိနှိုင်းရေးကိုယ်စားလှယ်အဖွဲ့(SD)၏ ဒုတိယအဖွဲ့ခေါင်းဆောင်(၂)**

အားလုံး ပါဝင်နိုင်ရေးမှာ ကျွန်တော်တို့ တိုင်းရင်းသားဘက်က တင်ပြတဲ့ NCCT အဖွဲ့ဝင်(၁၆) ဖွဲ့အပြင် ABSDF အပါအဝင် (၁၇) ဖွဲ့ အနည်းဆုံးပါဝင်နိုင်ရေးကို တင်ပြထားတာပါ။ ကျွန်တော်တို့ NCCT ထဲမှာပါဝင်တဲ့ အဖွဲ့ဝင်တွေ အားလုံး အတူတကွလက်မှတ်ထိုးဖို့ ကျွန်တော်တို့ ဆွေးနွေးကြတာ ဖြစ်ပါတယ်။ နိုင်ငံရေးဆွေးနွေးပွဲမှာ အားလုံးပါဝင်နိုင်ရေးကို စဉ်းစားပေးမယ်ဆိုတာကို ဒီနေ့ဆွေးနွေးတာရှိပါတယ်။ ဒီကိစ္စက မပြီးပြတ်သေးဘူး။ UPWC အနေနဲ့ သမ္မတကြီးဆီမှာ သော်လည်းကောင်း၊ UPCC မှာ သော်လည်းကောင်း တင်ပြဖို့ရှိမှာဖြစ်သလို ကျွန်တော်တို့ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများကလည်းပဲ ကျွန်တော်တို့ရဲ့ ခေါင်းဆောင်တွေရှိတဲ့ စင်တာကို ယူသွားပါမယ်။ ဒါတွေကို ပြန်လည်ပြီးတော့မှ ဆွေးနွေးမှာ ဖြစ်ပါတယ်။

NCA ကို နောက်လာမယ့် အစည်းအဝေးမှာတော့ အပြီးဖြတ်နိုင်လိမ့်မယ်လို့ ယူဆပါတယ်။ ဘာလို့လဲဆိုတော့ ကျွန်တော်တို့ သိပ်မကျန်တော့ပါဘူး။ (၁၃)ချက် ကျွန်တော်တို့တင်တဲ့ နေရာမှာ ကျွန်တော်တို့ (၁၀)ချက် စာချောပြီးသွားပါပြီ။ ကျန်တဲ့ (၃) ချက်ကလည်း ညှိနှိုင်းပြီးတော့မှ အထက်တာဝန်ရှိတဲ့သူတွေဆီကို ပြန်ပြီး ညှိနှိုင်းမဲ့အနေအထားမျိုး ရှိပါတယ်။ နောက်တစ်ကြိမ်မှာတော့ ကျွန်တော်တို့ ဒါကို အပြီးသတ်နိုင်လိမ့်မယ်လို့ ကျွန်တော်တို့ ယူဆပါတယ်။ ထိုနည်းလည်းကောင်း ကျွန်တော်တို့ရဲ့ လက်မှတ်ရေးထိုးမယ့်သူများ၊ နောက်ပြီး NCA ကို ဘယ်အဖွဲ့အစည်းတွေကနေပြီး လက်မှတ်ထိုးမယ်ဆိုတဲ့ကိစ္စ၊ ဘယ်နိုင်ငံတွေ အသိသက်သေပါဝင်မယ်ဆိုတဲ့ကိစ္စတွေကိုတော့ လာမယ့်အစည်းအဝေးမှာ အဆုံးသတ်နိုင်လိမ့်မယ်လို့ ယူဆပါတယ်။ တကယ်လို့များ အဆုံးသတ်နိုင်မယ်ဆိုရင် ဘယ်နေ့ဘယ်အချိန်မှာ လက်မှတ်ထိုးကြမယ်ဆိုတဲ့ကိစ္စကို ဆက်ဆွေးနွေးဖို့ ဖြစ်ပါလိမ့်မယ်။

ဆွေးနွေးဖို့ NCA မူကြမ်းထဲမှာ အဓိက ကျန်တဲ့ကိစ္စက လုံခြုံရေးဆိုင်ရာ ပြန်လည်ပေါင်းစည်းခြင်းလို့ခေါ်တဲ့ SSR နဲ့ DDR ကိစ္စဖြစ်ပါတယ်။ ဒီကိစ္စကို အဖွဲ့အစည်းအသီးသီးက ခေါင်းဆောင်တွေ စုစည်းထားတဲ့ စင်တာကို ယူသွားပြီး ဒီကိစ္စကို ဆွေးနွေးမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးအဖွဲ့တွေအားလုံးကတော့ အဆင်သင့်ဖြစ်နေပါပြီ။ တိုင်းရင်းသားဘက်က ပြင်ဆင်မှုတွေ လုပ်ထားပါတယ်။ NCA လက်မှတ်ရေးထိုးဖို့အတွက် အဆင်သင့်ဖြစ်တယ်လို့ ပြောလို့ရပါတယ်။ ဒါဟာ ၂၀၁၃ လိုင်ဇာညီလာခံမှာကတည်းကပါ။

**ပဒိုစောကွယ်ထူးဝင်း**
**အဆင့်မြင့်ညှိနှိုင်းရေးကိုယ်စားလှယ်အဖွဲ့ (SD) အဖွဲ့ဝင်**

အခုဆွေးနွေးပွဲက မတ်လ ၃၁ ရက်နေ့ကရလာတဲ့ NCA အတည်ပြုမူကြမ်းကို လော်ခီးလာမှာ ပြင်ဆင်ဖြည့်စွက်ပယ်ဖျက်ပြီး ပြန်ဆွေးနွေးတယ်။ (၁၀)ချက်ကတော့ အချောသပ်ပြီး သဘောတူနိုင်ခဲ့တယ်။ (၂) ချက်ကတော့ မူအရတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေက လက်ခံပြီးပြီ။ ဒါပေမယ့် သဘောတူနိုင်ဖို့ ကျွန်တော်တို့ အထက်ခေါင်းဆောင်တွေကို ပြန်တင်ပြမှာဖြစ်တယ်။ တစ်ချက်ကတော့ နိုင်ငံတော်အစိုးရ ကိုယ်စားလှယ်အဖွဲ့က ပြန်သုံးသပ်မယ့် အချက်ဖြစ်တယ်။ မူအရတော့ ကျွန်တော်တို့ လက်ခံထားတယ်။ ဒါပေမယ့် သဘောတူညီမှုရရှိနိုင်ဖို့အတွက် ကျွန်တော်တို့ ခေါင်းဆောင်တွေကိုပြန်ပြီး တင်ပြရမှာ ဖြစ်ပါတယ်။ စာချုပ်အပေါ်မှာ မူတည်ပြီး အကုန်လုံးပြေလည်သွားပြီး အချောသပ်နိုင်လို့ရှိရင်တော့ ကျွန်တော်တို့ နောက်တစ်ဆင့်တက်ရမှာပေါ့။ နောက်တစ်ဆင့်တက်ရင် ဘယ်အဖွဲ့အစည်းက လက်မှတ်ရေးထိုးမလဲ၊ ဘယ်သူတွေက လက်မှတ်ရေးထိုးမလဲဆိုတဲ့ ကိစ္စကို ကျွန်တော်တို့ ဆက်ဆွေးနွေးရမှာပေါ့။

အပစ်အခတ်ရပ်စဲရေး သဘောတူ စာချုပ်ရရှိပြီလို့ ကျွန်တော်တို့ ပြောလို့မရသေးဘူး။ နှစ်ချက်၊ သုံးချက် ကျန်သေးတာကိုး။ ထိုးဖို့တော့ အဖွဲ့တွေ အဆင်သင့်ဖြစ်ပြီ။ အဲ့ဒီစာချုပ်က အဆင်သင့်မဖြစ်ဘူးဆို ထိုးလို့မရဘူး။ ထိုးဖို့ကိုလည်း တိုင်းရင်းသားဘက်က အကုန်လုံးပါဝင်ရေးမူကို လက်ခံထားတယ်။ အနည်းဆုံးက NCCT မှာပါလာတဲ့ ၁၆ ဖွဲ့ပေါ့။ အစိုးရဘက်ကလည်း သူ့ရဲ့မူနဲ့ သူလုပ်နေတယ်။ ကျွန်တော်တို့ တိုင်းပြည်ရဲ့တစ်ပြည်လုံး အပစ်အခတ်ရပ်စဲရေးလုပ်ရှားမှုကို အစကနေအဆုံးထိ လေ့လာကြည့်ပါ။ ပထမအစိုးရက ဖိတ်ခေါ်တယ်။ တစ်ဖွဲ့ချင်းကနေ လက်မှတ်ရေးထိုးတယ်။ တိုင်းရင်းသားက တောင်းဆိုတော့ တိုင်းရင်းသားလက်နက်ကိုင် ညီလာခံဖြစ်လာတယ်။ တစ်ပြည်လုံး အပစ်အခတ်ရပ်စဲရေး တောင်းဆိုတယ်။ အစိုးရမူနဲ့ ကျွန်တော်တို့မူကို ညှိနှိုင်းပြီး နှစ်ဖက်လက်ခံနိုင်တဲ့ လက်တွေ့ကျတဲ့အဖြေကို ရှာသွားဖို့ သဘောထား နှစ်ဖက်စလုံးမှာ ရှိတယ်။

# အများပြည်သူကို သတင်းဝန်ဆောင်မှုပေးမည့် MOI Call Center 1883




**ရန်ကုန် ဇူလိုင် ၂၄**

အများပြည်သူကို သတင်းဝန်ဆောင်မှုပေးနိုင်ရန်အတွက် ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် Blue Ocean Operating Management ကုမ္ပဏီတို့ ပူးပေါင်း၍ MOI Call Center 1883 ကို ဇွန် ၁ ရက်မှစတင်၍ ဖွင့်လှစ်ဆောင်ရွက်နေပြီဖြစ်သည်။

"ပြန်ကြားရေးဝန်ကြီးဌာနက ပေးချင်တဲ့ message တွေကို အမှန်သိရအောင် Call Center တစ်ခုနဲ့ မိုဘိုင်းရေဒီယိုဆိုပြီး နှစ်ပိုင်းပါ၊ Call Center က ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနဲ့ တွဲလုပ်ရတယ်။ မိုဘိုင်းရေဒီယိုက မြန်မာ့ရုပ်မြင်သံကြားဌာနနဲ့ တွဲလုပ်ရတယ်။

သာမန်အားဖြင့် ပြန်ကြားရေးဝန်ကြီးဌာနက ပေးလာတဲ့သတင်းတွေနဲ့ပတ်သက်ပြီး ဖြေပေးတယ်။ တကယ်လို့ ပြည်သူကမေးလာတဲ့မေးခွန်းအပေါ် မဖြေနိုင်တဲ့မေးခွန်းဆိုရင် သက်ဆိုင်ရာဝန်ကြီးဌာနကို သတင်းပို့ပေးတယ်။ အဖြေ ရရင် ချက်ချင်းပြန်ဖြေပေးတယ်။ မဖြေနိုင်သေးရင်လည်း မဖြေနိုင်သေးဘူးလို့ အကြောင်းပြန်ကြားပေးတယ်။ ဒါ Call Center ရဲ့ အလုပ်ပါ။

Call Center 1883 က ပြန်ကြားရေးဝန်ကြီးဌာနရဲ့ Call Center ဖြစ်တဲ့အတွက်ကြောင့် ဝန်ကြီးဌာနကိုယ်စားပဲဖြေတယ်။ Service ပေးတယ်။ အဓိကကတော့ အများပြည်သူ သိချင်တာ တွေကို ဖြေပေးတာပါ။ အများပြည်သူသိလိုတဲ့ သတင်းအချက်အလက်တွေကို Call Center 1883 ထံ ဆက်သွယ်မေးမြန်းတဲ့အခါ အလိုအလျောက် သတင်းပြန်ကြား ပေးခြင်းနဲ့ သီးခြားမေးမြန်းလာမှုတွေအပေါ် ပြန်လည်ဖြေကြားပေးတဲ့အပိုင်း နှစ်ပိုင်းခွဲပြီး ဆောင်ရွက်ပေးနေတယ်"ဟု Blue Ocean Operating Management ကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

MOI Call Center 1883 ကို မေးမြန်းသည့်အခါ ပြည်သူတွေအနေဖြင့် နေ့စဉ်သတင်းခေါင်းစဉ် (၃)ခု သိခွင့်ရှိပြီး ပြည်တွင်းသတင်းများ၊ မိုးလေဝသသတင်းနှင့် ထူးခြားဖြစ်စဉ်များကို အဓိကထားမေးမြန်းကြကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်နိုင်ရန်အတွက် ပြန်ကြားရေးဝန်ကြီးဌာနက သတင်းများပေးပို့ခြင်းနှင့် သီးခြားမေးမြန်းလာမှုအပေါ် ပြန်လည်ဖြေကြားနိုင်ရန် သက်ဆိုင်ရာဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ Contact Person များနှင့် ဖုန်းနံပါတ်များကို ဆက်သွယ်နိုင်ရန် ဆောင်ရွက်ပေးထားသည်။

၂၀၁၅ ခုနှစ် ဇွန်လ ၁ ရက်နေ့မှ ၃၀ ရက်အထိ Call Center 1883 မှ စက္ကန့် ၉၀ စာ သတင်းရယူနားဆင်သည့်အကြိမ်အရေအတွက် ၁၃၇၄ ကြိမ်၊ Call Center သို့ ဆက်သွယ်မေးမြန်းသည့် အကြိမ်အရေအတွက် ၃၅၈၀ ဖြစ်ပြီး Call Center မှတစ်ဆင့် ပြန်ကြားရေးဝန်ကြီးဌာနသို့ အကြံပြုသူ လေးဦးရှိခဲ့ကြောင်း သိရသည်။

"တစ်ရက်ကို မေးခွန်းမေးတဲ့သူ ပျမ်းမျှ ၂၀၀ လောက်ရှိပါတယ်။ ပြန်ကြားရေးဝန်ကြီးဌာနကပေးတဲ့ သတင်းတွေနဲ့ပတ်သက်ပြီး ဖြေမှာပါ။ ပြန်ကြားရေးကသတင်းမဟုတ်ဘဲ တခြားကဏ္ဍနဲ့ ပတ်သက်ပြီး မေးရင်တော့ သက်ဆိုင်ရာ ဖုန်းနံပါတ်တွေကို လွှဲပေးတယ်။ နောက်ပိုင်း ပြန်ကြားရေးဝန်ကြီးဌာနက ပြည်သူကို သတင်းစုံလင်စွာနဲ့ ဝန်ဆောင်မှုကောင်းအောင် ပေးနိုင်မယ်ဆိုရင် အနာဂတ်အတွက် အများကြီးကောင်းမယ်လို့ ယူဆပါတယ်"ဟု Blue Ocean Operating Management ကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက ဆက်ပြောသည်။

Call Center 1883 ကို ၂၄ နာရီဖွင့်ထားပြီး အများပြည်သူအတွက် သတင်းဝန်ဆောင်မှုများ ပေးနေကြောင်း သိရသည်။

Call Center ကို ၂၀၀၉ ခုနှစ်တွင် စတင်ခဲ့ပြီး Call Center ၏ အဓိက Hot Line နံပါတ်များမှာ 1875၊ 1876၊ 1877 ၊ 1886၊ ပြန်ကြားရေးဝန်ကြီးဌာန သတင်းဝန်ဆောင်မှုအတွက် 1883 ၊ ရန်ကုန်-မန္တလေး အမြန်လမ်းအရေးပေါ် အတွက် 1880၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့အတွက် 1881 နှင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီအတွက် 1882 ဖြစ်သည်။

**ဥမ္မာသန့်၊ ရီရီမြင့်**

# မူဆယ်မြို့နယ်၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် အုတ်တံတိုင်းပြိုကျရာမှ လူငယ်တစ်ဦးသေဆုံး



**မူဆယ် ဇူလိုင် ၂၄**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ခရိုင် မူဆယ်မြို့နယ် မိုင်းယု ၁၀၅မိုင်၌ ဇူလိုင် ၂၄ ရက် နံနက် ၄ နာရီက မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရပ်ကွက်အတွင်းရှိ (Green Luck) ဂရင်းလပ်ဆီဆိုင်ပိုင် အုတ်တံတိုင်း ပြိုကျခဲ့ရာ ဒေသခံလူငယ်တစ်ဦး သေဆုံးကြောင်း သိရ သည်။

ဖြစ်စဉ်မှာ မိုင်းယု ၁၀၅ မိုင်နေ မောင်ကျော်မင်းသန့်(၁၉ နှစ်)သည် ဆီဆိုင်အုတ်တံတိုင်းကိုအမှီပြု၍ ဆိုင်ကယ်ပြင်ဆိုင် ဖွင့်လှစ်နေထိုင်စဉ် ဇူလိုင် ၂၄ ရက်က မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေများတိုက်စား၍အုတ်တံတိုင်းပြိုကျပြီး အခင်းဖြစ်သည့် နေရာတွင် သေဆုံးနေကြောင်း သိရသည်။ မိုးရွာသွန်းမှုကြောင့် ယင်းရပ်ကွက်ရှိ မြေနိမ့်ပိုင်းအတွင်း နေထိုင်ကြသော ပြည်သူများအနေဖြင့် အခက်အခဲများ ကြုံတွေ့နေရသည်။

"ကျွန်မတို့ဒီဒေသမှာ နေထိုင်ခဲ့တာကြာပါပြီ။ အရင်က အခုလိုမိုးရွာပေမယ့် ရေကြီးရေလျှံမှုတွေ မကြုံခဲ့ပါဘူး။ အခုကတော့ ၁၀၅ မိုင် ကျေးရွာကြီးမဖွံ့ဖြိုးခင် ရပ်ကွက်မှာ ရေစီးရေလာ ကောင်းမွန်ပါတယ်။ ရေမြောင်းတွေပိတ်ဆို့တာလည်း မရှိပါဘူး။ အခုဖွံ့ဖြိုးလာတော့ လူနေစည်ကားတဲ့အတွက် ရေမြောင်းတွေပိတ်ဆို့မှုဖြစ်ပြီး ရေစီးရေလာ မကောင်းတော့ဘူး၊ အခုလို မိုးသည်းထန်စွာရွာသွန်းချိန်မှာ လူသေဆုံးမှုဖြစ်ပေါ်လာတဲ့အထိ မလိုလားအပ်တဲ့ပြဿနာတွေဖြစ်လာတယ်"ဟု ဒေသခံတစ်ဦးက ပြောသည်။

**သန့်ရှင်း(၁၀၅)မိုင်**

*အမျိုးသားလွှတ်တော်မှ*

များအတွက် ဂုဏ်ပြုထောက်ပံ့ပေးအပ်ခြင်း၊ ပျော်ဘွယ်မြို့နယ်၊ ရမည်းသင်းမြို့နယ်အတွင်းရှိ မျက်စိဝေဒနာရှင်များအား ကုသပေးခြင်းနှင့် ရန်ကုန်တိုင်းဒေသကြီး၊ တောင်ပိုင်းခရိုင် (တွံတေး၊ ကော့မှူး ၊ ကွမ်းခြံကုန်း) မြို့နယ်များအတွင်း လူမှုရေး၊ ကျန်းမာရေး ၊ ပညာရေး ကူညီဆောင်ရွက်မှုများနှင့် အထွေထွေလျှုဒါန်းခြင်းအစီရင်ခံစာ (၇/၂၀၁၅)ကို အမျိုးသားလွှတ်တော် ကယ်ဆယ်ရေးနှင့် ကူညီစောင့်ရှောက်ရေး ကော်မတီဥက္ကဋ္ဌ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခင်ရွှေက လွှတ်တော်သို့ ဖတ်ကြားတင်သွင်းရာ လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော် နိုင်ငံတကာဆက်ဆံရေး၊ လွှတ်တော်ချင်း ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး ကော်မတီ တွဲဖက်အတွင်းရေးမှူး၊ ကချင်ပြည်နယ်မဲဆန္ဒနယ် အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဂျေယောဝူက အမျိုးသားလွှတ်တော် နိုင်ငံတကာဆက်ဆံရေး၊ လွှတ်တော်ချင်း ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကော်မတီ၏ အစီရင်ခံစာကို လွှတ်တော်သို့ ဖတ်ကြားတင်သွင်းရာ လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ယနေ့ အစည်းအဝေးတွင် ကြယ်ပွင့်ပြမေးခွန်းနှစ်ခု မေးမြန်းခြင်းနှင့် ဖြေကြားခြင်း၊ ဥပဒေကြမ်းလေးခုကို ဆွေးနွေးဖတ်ကြားခြင်း၊ အစီရင်ခံစာနှစ်ခုတို့ကို ဖတ်ကြားတင်သွင်းခြင်းနှင့် မှတ်တမ်းတင်ခြင်းတို့ကို ဆောင်ရွက်ကြသည်။

**(သတင်းစဉ်)**

# မြန်မာနိုင်ငံအလယ်ပိုင်း မိုးပိုနေဦးမည်

**နေပြည်တော် ဇူလိုင် ၂၄**

ယနေ့ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ထုတ်ပြန်ချက်အရ ကယားပြည်နယ်တွင်နေရာစိပ်စိပ် မိုးထစ်ချုန်းရွာနိုင်ပြီး တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကျဲကျဲ၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်ဖြစ်သည်။

ကချင်ပြည်နယ်တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးနိုင်ကြောင်း သိရသည်။

နေပြည်တော်နှင့် ရန်ကုန်မြို့တို့အနီးတစ်ဝိုက်တွင် ယနေ့မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင်ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအလယ်ပိုင်းဒေသများတွင် မိုးပိုနေမည်။

**(မြန်မာ့အလင်း)**

# ကျေးလက်ဒေသများသို့ ဆက်သွယ်ရေးကွန်ရက်လွှမ်းခြုံနိုင်ရေး တိုးချဲ့ဆောင်ရွက်နေမှုဆွေးနွေး

**နေပြည်တော် ဇူလိုင် ၂၄**

ပြည်သူ့လွှတ်တော်ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီဥက္ကဋ္ဌ ဦးသိန်းဆွေသည် တယ်လီနောမြန်မာမှ Mr. Petter-Furberg အမှုဆောင်အရာရှိချုပ် ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိလွှတ်တော် အဆောက်အအုံရေးရာဆောင် အဆောင်အမှတ်(I-1) ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ဆက်သွယ်ရေးကွန်ရက်တည်ဆောက်ရေးလုပ်ငန်းအခြေအနေ၊ ဝေးလံခေါင်သီသော ကျေးလက်ဒေသများသို့ ဆက်သွယ်ရေးကွန်ရက်လွှမ်းခြုံနိုင်ရေး တိုးချဲ့ဆောင်ရွက်နေမှုနှင့် လွှတ်တော်အနေဖြင့် လိုအပ်ချက်များရှိပါက ကူညီဆောင်ရွက်ပေးသွားမည့်အစီအမံများကို ဆွေးနွေးကြသည်။

**(သတင်းစဉ်)**

# လျှပ်စစ်ဓာတ်အား ပြတ်တောက်မည်

**ရန်ကုန် ဇူလိုင် ၂၄**

ဇူလိုင် ၂၅ ရက်တွင် ဒဂုံ(အရှေ့)၊ ပုဇွန်တောင်၊ ဗိုလ်တထောင်၊ မင်္ဂလာတောင်ညွန့် ၊ဒဂုံ(တောင်)၊ ကျောက်တံတား၊မရမ်းကုန်း၊ ဗဟန်း၊ ပန်းဘဲတန်း၊ လမ်းမတော်၊ ကမာရွတ်၊ ကြည့်မြင်တိုင်၊ စမ်းချောင်း၊ သန်လျင်၊ သုံးခွ၊ ဒလ၊ တွံတေး၊ ဆိပ်ကြီးခနောင်တို၊ ကွမ်းခြံကုန်း၊လှိုင်သာယာ၊ အင်းစိန်၊ မင်္ဂလာဒုံ၊ ရွှေပြည်သာ၊ မှော်ဘီ၊ တိုက်ကြီး၊ ထန်းတပင်၊ အင်းတိုင်မြို့နယ်များ၏ ရပ်ကွက်အချို့၊ CNG ဆိုင်အချို့နှင့် စက်မှုဇုန်အချို့တွင် ၀၉း၀၀ နာရီမှ ၁၅း၀၀ နာရီအတွင်း အချိန်ပိုင်းဓာတ်အားပြတ်တောက်မှုများ ရှိမည်ဖြစ်သည်။

၎င်းအပြင် ဇူလိုင် ၂၆ ရက်တွင် သာကေတ၊ ပုဇွန်တောင်၊ မင်္ဂလာတောင်ညွန့်၊ တာမွေ၊ ပုဇွန်တောင်၊ ဒဂုံ(အရှေ့) ၊ ဒဂုံ(တောင်)၊ ကြည့်မြင်တိုင်၊ မရမ်းကုန်း၊ လသာ၊ စမ်းချောင်း၊ သန်လျင်၊ လှိုင်သာယာ၊ ရွှေပြည်သာ၊ လှည်းကူး၊ ထောက်ကြန့်၊ အဖျောက်၊ မြောင်းတကာမြို့နယ်များ၏ ရပ်ကွက်အချို့၊ CNG ဆိုင်အချို့နှင့် စက်မှုဇုန်အချို့တွင် ၀၉း၀၀ နာရီမှ ၁၂း၀၀ နာရီအတွင်း အချိန်ပိုင်းဓာတ်အားပြတ်တောက်မှုများ ရှိမည်ဖြစ်ကြောင်း ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ သတင်းထုတ်ပြန်ထားသည်။

**(မြန်မာ့အလင်း)**

# သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်-ရန်ကုန် ဆေးပညာသင်ကြားရေး အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**နေပြည်တော် ဇူလိုင် ၂၄**

ဆရာ ဆရာမများ ဆေးပညာသင်ကြားမှု ပိုမိုထိရောက်မှုရှိစေရန်အတွက် Awareness Raising Workshop on Medical Education ဆေးပညာသင်ကြားရေး အလုပ်ရုံဆွေးနွေးပွဲ (၁/၂၀၁၅) ကို သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ် ရန်ကုန်၌ ဇူလိုင် ၂၂ ရက်နှင့် ၂၃ ရက်တို့ကကျင်းပရာ အဆိုပါဆေးတက္ကသိုလ်မှ ဆရာ ဆရာမ ၂၄ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

# သံတွဲမြို့နယ် အုပ်ချုပ်ရေးမှူးဖလားအားကစားပြိုင်

**သံတွဲ ဇူလိုင် ၂၄**

၂၀၁၅ ခုနှစ် မြို့နယ်အားကစားဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်အရ သံတွဲမြို့နယ် အုပ်ချုပ်ရေးမှူးဖလား အားကစားပြိုင်ပွဲများ ဖွင့်ပွဲကို ဇူလိုင် ၂၂ရက် မွန်းလွဲ ၂ နာရီက သံတွဲမြို့ မိုးလုံလေလုံ အားကစားခန်းမ၌ ကျင်းပသည်။

အဆိုပါ မြို့နယ်အုပ်ချုပ်ရေးမှူးဖလား ကျောင်းပေါင်းစုံအားကစားပြိုင်ပွဲတွင် အမျိုးသား ဘောလုံးပြိုင်ပွဲ၊ အမျိုးသား၊ အမျိုးသမီး ပိုက်ကျော်ခြင်းပြိုင်ပွဲများနှင့် မီနီမာရသွန်အပြေးပြိုင်ပွဲများကို ဇူလိုင် ၂၂ ရက်မှ ၂၇ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။

**သန့်ဇင်(ပြန်/ဆက်)**



# မြန်မာ့ပုလဲရောင်းချပွဲမှ နိုင်ငံတော်ဘဏ္ဍာငွေ ယူရို ၃၂၆၂၃၇၀ ရှာဖွေပေးနိုင်ခဲ့

**နေပြည်တော် ဇူလိုင် ၂၄**

ယနေ့ မြန်မာ့ပုလဲရောင်းချပွဲတွင် အိတ်ဖွင့်တင်ဒါစနစ်ဖြင့် တင်ဒါအမှတ် (၂)မှ ပုလဲအတွဲပေါင်း ၁၁၄ တွဲအနက် ၁၁၃ တွဲကို ရောင်းချခဲ့ရပြီး တင်ဒါအမှတ်(၃)မှ ပုလဲအတွဲပေါင်း ၁၁၄ တွဲအနက် ၁၁၁တွဲ ရောင်းချခဲ့ရကြောင်း သိရသည်။

မြန်မာ့ပုလဲရောင်းချပွဲကို ဇူလိုင် ၂၂ ရက်မှစတင်၍ နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ပြသရောင်းချခဲ့ရာ ပြည်တွင်းပြည်ပ ရတနာကုန်သည် ၈၀ ကျော်လာရောက်ကြည့်ရှုဝယ်ယူခဲ့ကြသည်။

ယခု မြန်မာ့ပုလဲရောင်းချပွဲတွင် ပုလဲအတွဲ စုစုပေါင်း ၃၃၇ တွဲ ရောင်းချနိုင်ခဲ့ပြီး နိုင်ငံတော်ဘဏ္ဍာငွေ ယူရိုငွေ ၃၂၆၂၃၇၀ ရှာဖွေပေးနိုင်ခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**


# ဧရာဝတီ၊ ချင်းတွင်းနှင့် မြစ်သာမြစ်များ၏ မြစ်ရေအခြေအနေ

**နေပြည်တော် ဇူလိုင် ၂၄**

ဧရာဝတီမြစ်၊ ချင်းတွင်းမြစ်၊ မြစ်သာမြစ်တို့၏ ၂၄-၇-၂၀၁၅ ရက်မှ ၂၆-၇-၂၀၁၅ ရက်နေ့အထိ ဖြစ်ပေါ်နိုင်သော မြစ်ရေအခြေအနေများမှာ အောက်ပါအတိုင်းဖြစ်သည်-

| စဉ် | မြစ် | စခန်းအမည် | (၀၆း၃၀) နာရီရှိ မြစ်ရေမှတ် (စင်တီမီတာ) (၂၄-၇-၂၀၁၅) | (၀၆း၃၀) နာရီရှိ ခန့်မှန်းချက် (စင်တီမီတာ) (၂၅-၇-၂၀၁၅) | (၀၆း၃၀) နာရီရှိ ခန့်မှန်းချက် (စင်တီမီတာ) (၂၆-၇-၂၀၁၅) |
|---|---|---|---|---|---|
| ၁။ | ဧရာဝတီမြစ် | ကသာ | ၇၂၁ | ၇၇၁ | ၈၈၁ |
| | | စစ်ကိုင်း | ၉၆၂ | ၉၄၇ | ၉၂၉ |
| ၂။ | ချင်းတွင်း | ခန္တီး | ၆၇၆ | ၇၇၆ | ၈၃၆ |
| | | ဟုမ္မလင်း | ၂၅၈၃ | ၂၆၃၃ | ၂၇၁၃ |
| | | မော်လိုက် | ၉၄၆ | ၉၇၁ | ၁၀၆၁ |
| | | ကလေးဝ | ၁၂၇၄ | ၁၂၈၉ | ၁၃၆၉ |
| | | မုံရွာ | ၈၆၁ | ၈၆၆ | ၈၇၆ |
| ၃။ | မြစ်သာ | ကလေးဝ | ၁၂၅၉ | ၁၂၇၄ | ၁၃၅၄ |

**(မိုး/ဇလ)**




# မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်(၂၀၁၅) ဖြန့်ချိ

**၂၄-၇-၂၀၁၅**




ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း စာပေဗိမာန်က နှစ်စဉ်ထုတ်ဝေဖြန့်ချိလျက်ရှိသော မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်ကို စတင်ထုတ်ဝေဖြန့်ချိလိုက်ပြီဖြစ်သည်။

ယခုထုတ်ဝေဖြန့်ချိသည့် မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်တွင် ၂၀၁၄ ခုနှစ်အတွင်း ကမ္ဘာနှင့် မြန်မာနိုင်ငံတွင် ဖြစ်ပေါ်ခဲ့သော ထူးခြားထင်ရှားသည့် အကြောင်းအရာများကို စွယ်စုံနှစ်ချုပ်၏ မူအတိုင်း အပိုင်းသုံးပိုင်းခွဲခြားကာ စီစဉ်တင်ပြထားသည်။

အပိုင်း(၁)တွင် ကမ္ဘာနှင့် မြန်မာနိုင်ငံအတွင်း ထင်ရှားသည့် အကြောင်းအရာများကို ရက်စွဲမှတ်တမ်းအဖြစ် ပြုစုဖော်ပြထားသည်။

အပိုင်း(၂)တွင် ကမ္ဘာနှင့် မြန်မာ့ရုပ်မြင်သံကြား ဖြစ်ပေါ်တိုးတက်ပြောင်းလဲလာခြင်း၊ ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းဝင် ပျူရှေးဟောင်းမြို့တော်များနှင့် ပျူခေတ်ယဉ်ကျေးမှု၊ ၂၀၁၄ ခုနှစ် အာဆီယံဥက္ကဋ္ဌ မြန်မာနိုင်ငံ၊ မြန်မာနိုင်ငံဝိဇ္ဇာနှင့် သိပ္ပံပညာရှင်အဖွဲ့၏ ၁၅ နှစ်ခရီး၊ မြန်မာနိုင်ငံ၏ ပညာရေးပြုပြင်ပြောင်းလဲမှုများ၊ အလောင်းမင်းတရားကြီး၏ ရာဇသံရွှေပေလွှာ စသည့်အကြောင်းအရာများကို သက်ဆိုင်ရာဘာသာရပ်ကျွမ်းကျင်ပညာရှင်များ ပြုစုရေးသားထားသည့် အထူးဆောင်းပါးများပါဝင်သည်။

အပိုင်း(၃)တွင် ပြည်တွင်းပြည်ပမှ ကွယ်လွန်သူ ထင်ရှားသော ပုဂ္ဂိုလ်များ၊ ကမ္ဘာ့နိုင်ငံများ၊ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးဆောင်ရွက်ချက်များ၊ ပြည်တွင်းငြိမ်းချမ်းရေးဆောင်ရွက်ချက်များ၊ ပြည်ထောင်စုလွှတ်တော်မှ ပြဋ္ဌာန်းခဲ့သည့် ဥပဒေများ၊ လူဦးရေနှင့် အိမ်အကြောင်းသန်းခေါင်စာရင်းကောက်ယူခြင်း၊ မြန်မာ့မီဒီယာလောက၊ သတင်းလွတ်လပ်ခွင့်နှင့် မြန်မာ့မီဒီယာ၊ အီဘိုလာဗိုင်းရပ်စ် စသည့် မှတ်တမ်းဆောင်းပါးများအပါအဝင် ၂၀၁၄ ခုနှစ်အတွင်း မှတ်တမ်းပြုဖော်ပြအပ်သည့် အကြောင်းအရာများ ထူးခြားထင်ရှားဖြစ်ရပ်များကို ဖတ်၊ မှတ်၊ စု လိုသူများ၏ စာအုပ်စင်တိုင်းတွင် ထားရှိအပ်သော စာအုပ်အဖြစ် စွယ်စုံနှစ်ချုပ်၏ အစဉ်အလာအတိုင်းကတ်ထူဖုံး၊ ခန့်ချုပ်၊ Artpaper မှတ်တမ်းဓာတ်ပုံများအပါအဝင် စာမျက်နှာ ၄၈၂ မျက်နှာဖြင့် ထုတ်ဝေဖြန့်ချိထားသည်။

အဆိုပါ မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် (၂၀၁၅) ကို တန်ဖိုးငွေကျပ် ၄၀၀၀ ဖြင့် စာပေဗိမာန် စာအုပ်ဆိုင်များဖြစ်သည့် နေပြည်တော် အမှတ် တ-၅၅ သပြေကုန်းဈေး ဖုန်း-၀၆၇-၄၁၄၆၈၁၊ ရန်ကုန် အမှတ်-၅၂၉-၅၃၁ ကုန်သည်လမ်း ဖုန်း-၀၁-၃၈၁၄၄၈၊ ၂၄၉၀၃၁၊ မန္တလေး ၈၆ လမ်း ၂၁-၂၂ လမ်းကြား ဖုန်း-၀၂-၃၀၁၈၆ နှင့် ရန်ကုန်မြို့ရှိ စာအုပ်ဆိုင်ကြီးများနှင့် မြို့အသီးသီးရှိ စာပေဗိမာန် ကိုယ်စားလှယ်ကြီးများထံတွင်လည်း ဝယ်ယူရရှိနိုင်ပြီး ဝယ်ယူနိုင်ကြောင်း သိရသည်။

# သစ္စာရှိတဲ့ကြောင်ကလေးနှင့် အခြားဂျပန်ပုံပြင်များစာအုပ်ထွက်ရှိ

စာရေးသူဇင်၏ သစ္စာရှိတဲ့ကြောင်ကလေးနှင့် အခြားဂျပန်ပုံပြင်များ စာအုပ်ထွက်ရှိလာသည်။

ဘူးလေးရာ ဖရုံဆင့်၊ အနီရောင် ဖိနပ်ရှည်ကြီးနဲ့ ငါးခူဘိုးဘိုး၊ မူကြိုကျောင်းသားလေး၊ ထူးဆန်းလှတဲ့ကျွန်းခြင်နှင့် ခြသေ့်၊ ကြွားဝါစိတ်၊ လောဘကြီးတဲ့ခွေး၊ မျောက်ကလေးတွေနဲ့ ဘိုးရှိယစံ၊ လိပ်ပြာကလေးပိုင်ပိုင်၊ ယုန်ကလေးနဲ့ ခွေးတူ ဝက်တူစသည့် ပုံပြင်ပေါင်း ၃၁ ပုဒ်ပါရှိသည်။

စာရေးသူ၏ သွက်လက်သော အရေးအဖွဲ့များဖြင့် ဂျပန်ပုံပြင်များ စာအုပ်ကို ရန်အောင်စာပေက တစ်အုပ်လျှင် ငွေကျပ် ၁၀၀၀ ဖြင့် ထုတ်ဝေဖြန့်ချိထားကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

# ရေကျလယ်မြေများ မိုးစပါးစိုက်ပျိုးရန် ပြင်ဆင်

**ကျွန်းလှ ဇူလိုင် ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်၌ မိုးသည်းထန်စွာရွာသွန်းခဲ့ပြီး ချောင်းရေမြင့်တက်မှုကြောင့် ကျေးရွာပေါင်း ၁၁၃ ရွာရှိသည့်အနက် ကျေးရွာ ၁၃ ရွာရှိ လယ်ယာမြေများ ထိခိုက်ပျက်စီးမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ယခုအချိန်တွင် ရေကျဆင်းသွားပြီဖြစ်သည့်အတွက် ရှမ်းကျေးရွာအုပ်စု တပ်ကုန်းကျေးရွာအနီးရှိ လယ်မြေများတွင် မိုးစပါးစိုက်ပျိုးရန်ပြင်ဆင်လျက်ရှိကြောင်း သိရသည်။ **မျိုးဝင်းညို(ကျွန်းလှ)**


ရေလွှမ်းမိုးမှုမတိုင်မီ မိုးလေဝသ သတင်းကို
အမြဲမပြတ်နားထောင်ပါ


# စိုက်ပျိုးရေးပညာပေးဟောပြောမည်

**ရန်ကုန် ဇူလိုင် ၂၄**

စိုက်ပျိုးရေးတက္ကသိုလ်ဘွဲ့ရအသင်း (ရန်ကုန်ရုံးခွဲ)က ကြီးမှူး၍ စိုက်ပျိုးရေးအသိပညာပေးဟောပြောပွဲကို ဇူလိုင် ၂၅ ရက် (စနေနေ့) မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် မြေပဒေသာဥယျာဉ် နည်းပညာအကူအညီပေးရေးဌာနခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ဟောပြောပွဲတွင် စိုက်ပျိုးရေးဦးစီးဌာန အပင်ရောဂါဌာနလက်ထောက်ညွှန်ကြားရေးမှူး ဦးတင်ဝင်းက " အန္တရာယ်ရှိသည့် စိုက်ပျိုးရေးသုံးဓာတုဆေးများကို ကွပ်ကဲထိန်းသိမ်းတားမြစ်ရသည့် အကြောင်းရင်းများ" ခေါင်းစဉ်ဖြင့် ဟောပြောမည်ဖြစ်ရာ စိတ်ဝင်စားသူ မည်သူမဆို အခမဲ့တက်ရောက်လေ့လာဆွေးနွေးနိုင်ကြောင်း သိရသည်။ **ကိုချစ်**



ဇူလိုင် ၂၀ ရက်က မြန်မာ့အလင်းသတင်းစာ မြို့နယ်သတင်းထောက်များ လူမှုကူညီရေးအဖွဲ့သို့ ကျန်းမာရေးနှင့် နာရေးတို့တွင် အသုံးပြုနိုင်ရန်အတွက် ကြည့်မြင်တိုင်မြို့နယ် သာစုအနောက်ရပ်ကွက် စလင်းလမ်းနေ ဦးနှင်းစိန် (သီဟသုဓမ္မမဏိဇောတရေ)-ဒေါ်မြငြိမ်း(အောင်သိန်းသစ်ဆိုင်နှင့် သစ်အချောထည်လုပ်ငန်း)မိသားစုက ငွေကျပ်တစ်သိန်း လှူဒါန်းရာ အဖွဲ့နာယကများ၊ ဒုတိယဥက္ကဋ္ဌ ဦးသန်းမောင်(ရန်ကင်း)နှင့် အလုပ်အမှုဆောင်များက လက်ခံယူစဉ်။

တင်ဝင်းလေး(ကြည့်မြင်တိုင်)

# သတိပေးနှိုးဆော်ချက်

**ရန်ကုန် ဇူလိုင် ၂၄**

ရန်ကုန်မြို့တော်အတွင်း၌ မြို့တော်အင်္ဂါရပ်နှင့်အညီ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ တိုးတက်ကောင်းမွန်အောင် အစိုးရနှင့်ဌာနဆိုင်ရာအဖွဲ့အစည်းအသီးသီးမှ အကောင်အထည်ဖော် ဆောင်ရွက်နေသကဲ့သို့ ပြည်သူများမှလည်း ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိသည်။ သို့ရာတွင် နေ့စဉ်သွားလာနေကြသော မော်တော်ယာဉ်များအနက် အချို့သော မော်တော်ယာဉ်များမှာ အသံဆူညံမှုကို ဖြစ်စေသော ပါဝါအိတ်ဇောများ တပ်ဆင်မောင်းနှင်အသုံးပြုနေသဖြင့် ပြည်သူများအနေဖြင့် စိတ်အနှောင့်အယှက်ဖြစ်ခြင်း၊ ပတ်ဝန်းကျင်အား အထိတ်တလန့်ဖြစ်ခြင်းတို့ ကြုံတွေ့နေရသည်။

သို့ဖြစ်၍ အဆိုပါ စည်းကမ်းမဲ့ယာဉ်များအား တည်ဆဲဥပဒေနှင့်အညီ စစ်ဆေးအရေးယူခဲ့ရာ၌ ယာဉ်သက်တမ်းတစ်လ ပိတ်သိမ်းဆောင်ရွက်ခဲ့သော်လည်း စည်းကမ်းလိုက်နာမှုအားနည်းနေကြောင်း တွေ့ရှိရသဖြင့် ပါဝါအိတ်ဇောတပ်ဆင်မောင်းနှင်သော မော်တော်ယာဉ်များ စစ်ဆေးတွေ့ရှိရပါက မော်တော်ယာဉ်မှတ်ပုံတင်ခြင်းကို တည်ဆဲဥပဒေနှင့်အညီ အနည်းဆုံးတစ်နှစ် ရပ်စဲမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီမှ သတိပေးနှိုးဆော်ထားကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

# မိုးသည်းထန်စွာရွာသွန်းမှုကြောင့် သံတောင်ကြီးတွင်မြေပြို



**သံတောင်ကြီး ဇူလိုင် ၂၄**

ကရင်ပြည်နယ် သံတောင်ကြီးမြို့နယ်၌ ဇူလိုင် ၂၀ ရက် ညနေပိုင်းကစ၍ မိုးသည်းထန်စွာ ရွာသွန်းခဲ့ပြီး ဇူလိုင် ၂၂ ရက်နှင့် ၂၃ ရက်တို့တွင်လည်း နေ့စဉ်နှင့်အမျှ မိုးရွာသွန်းခဲ့သဖြင့် ဇူလိုင် ၂၃ ရက် ညနေ ၆ နာရီက မိုးရေချိန် တိုင်းတာချက်အရ ၇ ဒသမ ၂၀ လက်မရှိခဲ့သည်။

အဆိုပါ အခြေအနေများကြောင့် သံတောင်ကြီးမြို့ အမှတ်(၁) ရပ်ကွက် ဗဟိုလမ်းမပေါ်၌ မြေပြိုမှုနှစ်ခုနှင့် သစ်ပင်ကြီးတစ်ပင်ပြိုလဲမှုဖြစ်ပွားခဲ့ရာ မြို့နယ်ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများ၊ မီးသတ်တပ်ဖွဲ့ဝင်များက ရှင်းလင်းခြင်း၊ ပြည်နယ်အစိုးရက ထောက်ပံ့ပေးထားသည့် ကူဘိုတာထွန်စက်ဖြင့် မြေထိုးခြင်း၊ လွှဖြင့် သစ်ပင်အား ဖြတ်တောက်ခြင်းများ ဆောင်ရွက်ခဲ့ပြီး မော်တော်ယာဉ်များ သွားလာနိုင်ပြီဖြစ်ကြောင်းသိရသည်။

ထို့နည်းတူ သံတောင်ကြီးမြို့နယ် နော်ဘူဘော ဆုတောင်းတောင် အတက်လမ်းတွင် မြေပြိုမှုနှင့်အတူ ကျောက်တုံးကြီးတစ်တုံး ပြိုကျခဲ့ရာ မြေပြိုမှုကို မီးသတ်ရေပိုက်ဖြင့် ထိုးကာ ဆောင်ရွက်ပြီးဖြစ်သော်လည်း ကျောက်တုံးကြီးကို ဖယ်ရှားရန် မလွယ်ကူသဖြင့် ဘုရင့်နောင်တပ်နယ်မှ စစ်မြေပြင်အင်ဂျင်နီယာတပ်ဖွဲ့ဝင်များ၏ အကူအညီဖြင့် ဖောက်ခွဲ ဖျက်ဆီးမည်ဖြစ်ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# အင်းတော်မြို့နယ်အတွင်း မိုးသည်းထန်မှုကြောင့် တံတားများနှင့်ဓာတ်တိုင်များပျက်စီး

**အင်းတော် ဇူလိုင် ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ်အတွင်း အဆက်မပြတ် မိုးသည်းထန်စွာရွာသွန်းမှုများကြောင့် နန့်စီးအောင် ရဲကင်း စခန်းအပိုင်နယ်မြေအတွင်းရှိ တံတားများနှင့် ဓာတ်တိုင်များ ပျက်စီးသွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇူလိုင် ၂၄ ရက်က နန့်စီးအောင် ရဲကင်းစခန်းအပိုင်နယ်မြေအတွင်း အဆက်မပြတ် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် မြေပလင်ကျေးရွာ သာယာကုန်းကျေးရွာ ပေကုန်းကျေးရွာ၊ မြိုင်သာယာကျေးရွာ၊ ဟောင်းတုံးကျေးရွာများနှင့် မံဟဲကျေးရွာများသို့ ကျေးရွာချင်းအလိုက် ဆက်သွယ်ထားသော ပေ ၂၀၀ ကျော်ခန့်ရှိ သစ်သားတံတားနှင့်ပေကုန်းကျေးရွာနှင့် မြေပလင်ကျေးရွာသို့ ဆက်သွယ်ထားသော ပေ ၄၀ ခန့်ရှိ သစ်သားတံတားများမှာ လေးတန်ချောင်း ရေလျှံမှုကြောင့် ရေထဲမျောပါမှု ဖြစ်ပွားခဲ့ပြီး ပေကုန်းကျေးရွာနှင့်မြေပလင်ကျေးရွာကြား လေးတန်ချောင်း ကမ်းနံဘေးရှိ ဓာတ်တိုင် ခြောက်တိုင်သည် ကမ်းပါးပြိုကျမှုကြောင့် လဲကျမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

အင်းတော်မြို့၌ အနိမ့်ပိုင်းတွင်ကျရောက်သည့် ချောင်းကမ်းနံဘေးရှိ အောင်မင်္ဂလာရပ်ကွက်၊ မော်လူးကျေးရွာ၊ မဲဇာကျေးရွာများအတွင်း၌ ရေနှစ်ပေခန့် ဝင်ရောက်လျက်ရှိပြီး ရေမျောပါသွားသည့်တံတားများမှာ ရွှေဘို-မြစ်ကြီးနား မဟာဗျူဟာကားလမ်းပေါ်ရှိတံတားများ မဟုတ်ဘဲ ကျေးရွာချင်းဆက် တံတားများဖြစ်သောကြောင့် လမ်းပိတ်ဆို့မှုဖြစ်ပွားခြင်းမရှိသဖြင့် အဆင်း၊ အတက်ကားများ ပုံမှန်ပြေးဆွဲလျက်ရှိကြောင်း သိရသည်။

**ဦးရဲ(ကသာ)**

# ရေတိုက်စား၍ပျက်စီးသွားသော ကျွန်းလှ - သဖန်းဆိပ်လမ်းပြုပြင်

**ကျွန်းလှ ဇူလိုင် ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်၌ ရေတိုက်စား၍ပျက်စီးသွားသော ကျွန်းလှ-သဖန်းဆိပ်ကားလမ်းအား မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပြုပြင်လျက်ရှိကြောင်း သိရသည်။

ကျွန်းလှ-သဖန်းဆိပ်ကားလမ်းမှာ မြို့နယ်တွင် အဓိကကျသော လမ်းတစ်လမ်းဖြစ်ပြီး သဖန်းဆည်နှင့် အရှေ့ခြမ်း/အနောက်ခြမ်းကျေးရွာများကို ဆက်သွယ်ထားသောလမ်းဖြစ်ကြောင်းသိရသည်။

အဆိုပါရေတိုက်စား၍ ပျက်စီးသွားသောလမ်းကို ရွှေဘိုခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်၏ ညွှန်ကြားမှုဖြင့် အင်ဂျင်နီယာဦးကျော်လှိုင်ဝင်းဦးဆောင်ပြီး ဝန်ထမ်းများက အရှည် သုံးဖာလုံ၊ အကျယ် ပေ ၁၀၊ အနက် ငါးပေအား ပြုပြင်ရေးလုပ်ငန်းများ ဆောင်ရွက်ကြပြီး ပြုပြင်ပြီးပါက လမ်းကျယ်လာ၍ သွားလာရေးလွယ်ကူမည်ဖြစ်ကြောင်း သိရသည်။

**မျိုးဝင်းညို (ကျွန်းလှ)**

# ဝက်လက်မြို့နယ်တွင် ရေများကျဆင်းပြီဖြစ်၍ သမရိုးတံတားတွင် ယာဉ်ကြီးများပုံမှန်ဖြတ်သန်း

**ဝက်လက် ဇူလိုင် ၂၄**

စစ်ကိုင်းတိုင်း ဒေသကြီး ဝက်လက်မြို့နယ်၌ ဇူလိုင် ၁၉ ရက်ကစ၍ မူးမြစ်ရေမြင့်တက်ပြီး သမရိုး၊ စွယ်ကွေ့၊ ရွှေပန်းကုံး၊ လှတွေ၊ ကိုင်းရွာ၊ ကျောက်တိုင်၊ မြင်းသည်အုပ်စုအတွင်းရှိ ကျေးရွာနေအိမ်အချို့တို့၌ ရေများဝင်ရောက်ခဲ့ပြီး မူးမြစ်ကူး (သမရိုး)တံတားသည် စိုးရိမ်ရေမှတ် ကျော်လွန်နေသဖြင့် တံတားကြွခိုင်မှု အခြေအနေအရ ယာဉ်ငယ်များသာ သွားလာခွင့်ပြုခဲ့သည်။

နှစ်တန်အထက်ယာဉ်ကြီးများ ဖြတ်သန်းသွားလာမှုကို ဇူလိုင် ၂၀ ရက်ကစ၍ ယာယီရပ်တန့်ခဲ့သည်။

ယနေ့အချိန်တွင် ရေများကျဆင်းနေပြီဖြစ်၍ဇူလိုင် ၂၄ ရက်နံနက်ပိုင်းမှစ၍ ယာဉ်ကြီးများပါ ပုံမှန်အတိုင်း သွားလာနေပြီဖြစ်ကြောင်း၊ ခေတ္တပြောင်းရွှေ့ နေထိုင်သောကျေးရွာအချို့မှ ပြည်သူအချို့နှင့် နွား၊ ဝက် စသည့် တိရစ္ဆာန်များမှာလည်း နေအိမ်သို့ ပြန်လည်ရောက်ရှိနေထိုင်ကြပြီဖြစ်ကြောင်းနှင့် ပျက်စီးသွားသော မုံရွာ-အရာတော်- ရွှေဘိုဖြတ်လမ်း၊ လမ်းပိုင်းများကိုလည်း သက်ဆိုင်ရာက ပြန်လည်ပြုပြင်ရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**



# သုံးဘီးယာဉ်ပေါ် ထနောင်းပင်ကြီး ကျိုးကျ လမ်းပိတ်ဆို့နေမှု ရှင်းလင်းဖယ်ရှား

**မကွေး ဇူလိုင် ၂၄**

မကွေးမြို့ ကန်သာရပ်ကွက် အထက-၁ လမ်းနှင့် မကျီးပင်လမ်းထောင့်အေး စေတီဘုရားအနီး၌ရှိသော အမြင့် ၁၅ ပေ၊ လုံးပတ် လေးပေခန့်ရှိသော ထနောင်းပင်ကြီးသည် ယမန်နေ့ ညနေ ၃ နာရီခန့်က မိုးရွာသွန်းကာ လေပြင်းတိုက်ခတ်သဖြင့် ကျိုးကျခဲ့ပြီး ထနောင်းပင်အောက်တွင် ရပ်နားထားသော ယာဉ်မောင်း ဦးတင်ဝင်း၏ သုံးဘီးယာဉ်ပေါ်သို့ ပိကျလမ်းပိတ်ဆို့မှုဖြစ်ခဲ့သည်။

အဆိုပါ လမ်းပိတ်ဆို့နေသည့် ထနောင်းပင်ကြီးကို တိုင်းဒေသကြီး ဦးစီးမှူး ဦးအောင်ဝင်းစိန်ဦးဆောင်သည့် မကွေးမြို့နယ် မီးသတ်တပ်ဖွဲ့ဝင် ၁၂ ဦး၊ ရှာဖွေကယ်ဆယ်ရေးယာဉ်တစ်စီးဖြင့် သွားရောက်ပြီး သုံးဘီးပေါ်၌ ကျိုးကျနေသော ထနောင်းပင်ကြီးကို ရှာဖွေကယ်ဆယ်ရေးပစ္စည်းများ အသုံးပြု၍ ရှင်းလင်းဖယ်ရှားပေးခဲ့ကြောင်း သိရသည်။

ယင်းထနောင်းပင်ကြီး ကျိုးကျမှုအတွက် ထိခိုက်ဒဏ်ရာရမှုများ မရှိကြောင်းနှင့် ပြည်သူများ အန္တရာယ်ကင်းရှင်းစွာ သွားလာလျက်ရှိကြောင်း သိရသည်။

**ခင်မာလာ(မကွေး)**






**အမည်ပြောင်း**

ဦးကျော်လွင်ဦး၏သား မလှိုင်မြို့အထက တက္ကသိုလ်ဝင်တန်း(L) မှ မောင်အောင်ကျော်မိုးအား မောင်အောင်လင်းထက်ဟု ပြောင်းလဲခေါ်ပါရန်။

**မောင်အောင်လင်းထက်**

**အမည်ပြောင်း**

ဦးမျိုးမြင့်ထွန်း၏သမီး လှိုင်လင်ခရိုင်၊ ခိုလမ်မြို့၊ အထက၊ ပထမတန်း(က)မှ မဆောင်းသံစဉ်အား မထွန်းသံစဉ်ချိုဟု ပြောင်းလဲခေါ်ပါရန်။

**မထွန်းသံစဉ်ချို**

**ဖခင်အမည်မှန်**

ဆီဆိုင်မြို့၊ အောင်ချမ်းသာရပ်ကွက်၊ နယ်မြေ(၅)နေ မအိမြတ်မွန်နှင့်မောင်ကောင်းမြတ်ရှိန်တို့၏ ဖခင်အမည်မှန်မှာ ဦးဘိုဝင်း (ခ)ဦးဝင်းဆွေ ၈/ရနခ(နိုင်)၀၄၁၅၂၇ ဖြစ်ပါကြောင်း။ **ဦးဘိုဝင်း(ခ)ဦးဝင်းဆွေ**

**ဖခင်အမည်မှန်**

ဖယ်ခုံမြို့နယ်၊ အထက(မိုးဗြဲ)၊ အဋ္ဌမတန်း(ခ)မှ မနှင်းရွှေရည်မောင်၏ ဖခင်အမည်မှန်မှာ ဦးဝင်းမြင့်ထွန်း ၁၃/ဖခန(နိုင်)၀၃၀၄၇၆ ဖြစ်ပါကြောင်း။

**ဦးဝင်းမြင့်ထွန်း**

**ပတ်စ်ပို့ပျောက်**

ကျွန်မ မအေးအေးလွင် ၁၃/လရန(နိုင်)၀၈၇၄၆၆၏ ပတ်စ်ပို့နံပါတ် 410526 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၉၈၄၈၁၅၃၈**

**ပတ်စ်ပို့ပျောက်**

မဆန်းသီဒေဝီ ၁/မကန(နိုင်)၁၈၀၃၄၅၏ ပတ်စ်ပို့ (No.မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၉၃၀၁၃၀၅၅**

*** ကျောဖုံးမှ**

ပေ ၁၀၀ ရှည်သော တံတားအမှတ် ၂၈၁ ၏ ဝဲ/ယာ ဖြစ်သည့် မန္တလေးဘက်ခြမ်း တာပေါင် အလျားပေ ၆၀၊ အမြင့်ပေ ၂၀ ခန့်နှင့် မြစ်ကြီးနားဘက်ခြမ်း တာပေါင် အလျားပေ ၁၀၀၊ အမြင့်ပေ ၂၀ ခန့်တို့ ရေတိုက်စား ပြတ်ထွက်သွားခဲ့သည်။

အဆိုပါ နှစ်နေရာတွင် ဘေလီတံတားထိုးရန် လိုအပ်သော ဘေလီသံပေါင်များ၊ ဇလီဖားတုံးနှင့် လုပ်ငန်းသုံးပစ္စည်းများ ရောက်ရှိပြီးဖြစ်ကာ ဘေလီတံတား တည်ဆောက်ခြင်းလုပ်ငန်းအား ဒုတိယအထွေထွေမန်နေဂျာ ဦးစီး၍ ကြီးကြပ်သူနှင့် လုပ်သား ၁၈၄ ဦး ပါဝင်သော အဖွဲ့ဖြင့် ပြုပြင်ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် မိုင်တိုင် ၆၁၁/၁၅-၁၆ တွင် သံလမ်း ရေတိုက်စားခြင်း၊ ဖားတုံးထိပ် ရေရောက်ရှိ နစ်မြုပ်ခြင်း၊ တောင်ပြိုခြင်း၊ သံလမ်းပေါ်သို့ မြေဖုံးလွှမ်းခြင်းများကြောင့် အဆိုပါလမ်းပိုင်းကို ဇူလိုင် ၂၄ ရက် မွန်းလွဲပိုင်းမှ စတင်၍ ပိတ်ထားပြီး မြန်မာ့မီးရထားနှင့် အင်ဂျင်နီယာလုပ်သားများက တောင်ပြိုမြေများကို ဖယ်ရှားရှင်းလင်းလျက်ရှိသည်။

အဆိုပါ ဖြစ်စဉ်များကြောင့် မော်လူး-နန့်စီးအောင် ရထားလမ်းပိုင်းကို ပိတ်ထားပြီး ဇူလိုင် ၂၄ ရက်တွင် မြစ်ကြီးနား-ကောလင်း အစုန်၊ အဆန် အထူးရထား ခရီးစဉ်များ ဖျက်သိမ်းခဲ့ရသည်။ မိုးညှင်း-မြစ်ကြီးနား-မိုးညှင်း အထူးရထားနှင့် မန္တလေး-ချပ်သင်း-မန္တလေး အထူးရထားများ ဆက်လက် ပြေးဆွဲပေးလျက်ရှိကြောင်း ရထားပို့ဆောင်ရေးဝန်ကြီးဌာနက သိရသည်။

**(သတင်းစဉ်)**



အင်းတော်မြို့တွင် မိုးသည်းထန်မှုကြောင့် လူနေရပ်ကွက်များအတွင်းသို့ ချောင်းရေဝင်ရောက်နေသည်ကိုတွေ့ရစဉ်။ (ဓာတ်ပုံ ပြန်/ဆက်)

## မိုးသည်းထန်စွာရွာသွန်း ထီးချိုင့်မြို့ လေသာကျေးရွာအတွင်း ချောင်းရေများဝင်

**မုံရွာ ဇူလိုင် ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ထီးချိုင့်မြို့နယ်အတွင်းရှိ လေသာကျေးရွာအုပ်စု လေသာကျေးရွာတွင် ဇူလိုင် ၂၄ ရက် နံနက်ပိုင်းက မိုးသည်းထန်စွာရွာသွန်းသဖြင့် နောကုန်ချောင်းရေများ မြင့်တက်ကာရွာအတွင်းရင်ဆို့ခန့်အထိ ရေများဝင်ရောက်လာကြောင်းသိရသည်။ အဆိုပါ ချောင်းရေများဝင်ရောက်သည့် ကျေးရွာသို့ မြို့နယ်တာဝန်ရှိသူများက ကူညီကယ်ဆယ်ရေးလုပ်ငန်းများ အချိန်မီသွားရောက်ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် လူ၊ တိရစ္ဆာန် အသေအပျောက်မရှိကြောင်း သိရသည်။

**(တိုင်းဒေသကြီး ပြန်/ဆက်)**

## အမြန်လမ်း ယာဉ်မတော်တဆမှု တစ်ရက်အတွင်း နှစ်ကြိမ်ဖြစ်

**နေပြည်တော် ဇူလိုင် ၂၄**

ရန်ကုန်-မန္တလေး အမြန်လမ်း မိုင်တိုင်အမှတ် ၆/၇ နှင့် ၇/၀ ကြား (အပြန်လမ်း)၌ ဇူလိုင် ၂၄ ရက် နံနက် ၇ နာရီ ၄၅ မိနစ်က ဦးနိုင်လင်းအောင် မောင်းနှင်လာသည့် ယာဉ်အမှတ် 7D/---- မှန်လုံ အမြန်ယာဉ်သည် ယာဉ်မောင်း အိပ်ငိုက်၍ Road Curb တုံးများအား ဝင်တိုက်မိပြီး လမ်းလယ်ကျွန်းပေါ်ရောက်ရှိကာ ယာဉ်မတော်တဆမှု ဖြစ်ပွားခဲ့သဖြင့် ရှေ့လေကာမှန်ကွဲသွားခဲ့သည်။

အဆိုပါ ယာဉ်မတော်တဆမှုကြောင့် Road Curb တုံး ၄၈ ပေ ပျက်စီးသွားပြီး ယာဉ်မောင်း အပါအဝင် ယာဉ်ပေါ်တွင် လိုက်ပါလာသည့် ခရီးသည် ၂၇ ဦး ထိခိုက်ဒဏ်ရာမရှိကြောင်း သိရသည်။ ယင်းဖြစ်စဉ်ကို အမှတ်(၃)အမြန်လမ်းရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာနမှ သိရသည်။

အလားတူ ဇူလိုင် ၂၄ ရက် ညနေ ၃ နာရီခွဲခန့်က ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးအတိုင်း ဦးကြည်ထွန်းဝင်း (၅၉နှစ်) နေပြည်တော်နေသူ မောင်းနှင်လာသည့် ယာဉ်အမှတ် 8J/---------, Hi-Ace (အဖြူရောင်) ယာဉ်သည် မန္တလေးမှ ရန်ကုန်သို့ မောင်းနှင်လာစဉ် မိုင်တိုင်အမှတ် ၁၆၉/၁ နှင့် ၁၆၉/၂ ကြား၌ အရှိန်မထိန်းနိုင်ဘဲ လမ်းလယ်ကျွန်း ကို ကျော်ဖြတ်ကာ တစ်ဖက်ယာဉ်ကြောရှိ ယာဉ်မောင်း ဦးသက်နိုင် (၄၉နှစ်) စမ်းချောင်းမြို့နေသူ မောင်းနှင်လာသည့် ယာဉ်အမှတ် BB/------- Starex ခဲရောင်ယာဉ်အား ဝင်တိုက်ခဲ့သည်။ **(အောက်ဝဲပုံ)** အဆိုပါ ဖြစ်စဉ်ကို သာဂရအမြန်လမ်းရဲစခန်းမှ အမှုဖွင့် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ယာဉ်မတော်တဆမှုကြောင့် Starex ယာဉ်ပေါ်ပါလာသူ အမျိုးသား နှစ်ဦးနှင့် Hi-Ace ယာဉ်ပေါ်မှ အမျိုးသား တစ်ဦး ပေါင်းသုံးဦးမှာ အနည်းငယ်စီ ထိခိုက်ဒဏ်ရာရရှိသဖြင့် နေပြည်တော် ပြည်သူ့ဆေးရုံ ခုတင် ၁၀၀၀ သို့ ပို့ဆောင်ဆေးကုသမှု ခံယူနေကြောင်း သိရသည်။

**ဇင်ဦး(မြန်မာ့အလင်း)**

**ဓာတ်ပုံ - အမြန်လမ်းရဲတပ်ဖွဲ့**



## မိုးကောင်းနှင့် နမ္မတီးကြားတွင်ရှိသော ပြည်ထောင်စုကားလမ်းမကြီး ရေကျော်ပြီးလမ်းပိတ်ဆို့

**မိုးကောင်း ဇူလိုင် ၂၄**

ကချင်ပြည်နယ်တွင် မိုးများရွာသွန်းလျက်ရှိရာ မိုးကောင်းမြို့နယ် သူဌေးကုန်းရွာအနီးရှိ လယ်ကွင်းများတွင် မိုးရေစီးဆင်းမှု များပြားနေသဖြင့် မိုးကောင်းနှင့် နမ္မတီးကြားတွင်ရှိသော သူဌေးကုန်းရွာအနီးရှိ ပြည်ထောင်စုလမ်းမကြီး ရေကျော်မှုဖြစ်ပွားကာ လယ်ကွင်းထွက်ပေါက်ရေများ များပြားလာကာ ဇူလိုင် ၂၄ ရက် နံနက် ၈ နာရီမှ ည ၇ နာရီအထိ ကားများ ဖြတ်သန်းသွားလာ၍မရဘဲ ယာဉ်များ ပိတ်မိနေကြောင်း သိရသည်။

"ကားတွေ ပိတ်မိနေပါတယ်၊ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့ သူဌေးကုန်းရွာနားမှာ လယ်ကွင်းထွက်ပေါက်ရေတွေက များလွန်းတော့ ကားတွေဖြတ်မရအောင် လမ်းတွေ ရေကျော်နေပါတယ်၊ ဒီညမှာလည်း လမ်းမပွင့်နိုင်သေးပါဘူး" ဟု နမ္မတီးမြို့မှ ဒေသခံတစ်ဦးက ပြောသည်။

ကားလမ်းရေကျော်နေသောနေရာသည် ချောင်းများမရှိသော်လည်း မိုးရွာသည့်ရက်များမှာ ရက်ရှည်ဖြစ်လာသောကြောင့် လယ်ကွင်းများမှ စီးဆင်းလာသော ရေများသည် ပြည်ထောင်စုကားလမ်းမကြီးကို ဖြတ်ကျော်စီးဆင်းကာ လမ်း၌ ရေများပိတ်မိနေကြောင်း သိရသည်။

**သန်းမောင်လေး**




**ပျောက်ဆုံးကြောင်း**

ကျွန်တော် မောင်ကောင်းဇထူး (၁၂/လသယ(နိုင်) ၀၇၄၆၇၉)၏ PP No.MA 232047, CDC 93007, SID, Pre Sea, SSA လက်မှတ်များသည် ခရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၇၅၃၉၅၈၉၅

**ဖခင်အမည်မှန်**

အထက(၁)သန်လျင် ပဋ္ဌမတန်း(D)မှ ကျောင်းဝင်အမှတ် (၄၁၉/၁၅) မောင်အောင်မြင့်မြတ်၏ ဖခင်အမည်မှန်မှာ ဦးအောင်ကျော်နိုင် ဖြစ်ပါကြောင်း။

**အမည်ပြောင်း**

ဦးခင်မောင်မြင့်-ဒေါ်ပပတို့၏သား ဒိုက်ဦးမြို့နယ်၊ ကျိုက်စကောကျေးရွာ အထက(ခွဲ) ကျိုက်စကောကျောင်း ဒုတိယတန်း(ခ)မှ မောင်စွမ်းဟိန်းအောင်အား ယနေ့မှစ၍ မောင်စွမ်းထက်ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်စွမ်းထက်**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် 3H/6633 Honda CRV S/W(4×2)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်မြင့်ဝေ ၁၃/ကလန(နိုင်)၀၀၃၅၀၉ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)**

**ဖခင်အမည်မှန်**

အထက(၂) တောင်ဒဂုံ တက္ကသိုလ်ဝင်တန်း(K)မှ မောင်ဇင်ဟိန်းကို၏ ဖခင်အမည်မှန်မှာ ဦးကိုဌေး ၇/ဝမန(နိုင်)၀၆၃၈၁၈ ဖြစ်ပါကြောင်း။

**အမည်ပြောင်း**

ဦးခင်သောင်း၏သား ဒေးဒရဲမြို့ လေးအိမ်တန်းကျေးရွာ အထက(၂)မှ မောင်သက်သက်ထွေးအား မောင်နောင်နောင်လင်းဟု ပြောင်းလဲခေါ်ပါရန်။

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် 3F/2562, Toyota Alphard MNH10/Micro Bus (4x2) ယာဉ်လက်ဝယ်ရှိသူ ဒေါ်မြမြ ၇/ဖမန(နိုင်)၀၆၁၉၈၇က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း)၊ ရန်ကုန်မြို့**

**အမည်ပြောင်း**

ဦးမောင်ထွန်း၏ သမီးဖြစ်သူ အထက(၂) လမ်းမတော် ဒသမတန်း A ပညာသင်ကြားနေသော မလပြည့်အား မခင်လပြည့်ထွန်းဟုပြောင်းလဲခေါ် ဆိုပါရန်။

မခင်လပြည့်ထွန်း

**အမည်ပြောင်း**

ဦးမောင်ထွန်း၏ သမီးဖြစ်သူ အထက(၂) လမ်းမတော် အဋ္ဌမတန်း A ပညာသင်ကြားနေသော မခိုင်လဝန်းအား မခိုင်လဝန်းထွန်းဟုပြောင်းလဲခေါ် ဆိုပါရန်။

မခိုင်လဝန်းထွန်း

**အမည်ပြောင်း**

ရန်ကုန်တိုင်းဒေသကြီး၊ ကွမ်းခြံကုန်းမြို့နယ်၊ သုံးခွကျေးရွာ မူလွန်ကျောင်းမှ ဦးချစ်စန်းဦး - ဒေါ်ခင်အေးလွင်တို့၏သမီး သတ္တမတန်းမှ မဝင်းလတ်အား မခိုင်ဇင်ဝေဟု ပြောင်းလဲခေါ်ပါရန်။

**ဖခင်အမည်မှန်**

ဘိုကလေးမြို့၊ အထက(၂) တက္ကသိုလ်ဝင်တန်း (1/C)မှ မလပြည့်နိုင်၏ ဖခင်အမည်မှန်မှာ ဦးဇော်နိုင်ဝင်း ဖြစ်ပါကြောင်း။ **ဦးဇော်နိုင်ဝင်း**

**သမီးအဖြစ်မှ အမွေပြတ် စွန့်လွှတ်ကြောင်း ကြေညာခြင်း**

အုတ်ဖိုမြို့နယ်၊ အိုးသည်ကုန်းမြို့၊ လမ်းမတော်လမ်းနေ [ဦးအောင်ကြည်(ခ) ဦးထွန်းကြည်]-ဒေါ်တင်မြင့် ၇/အဖန(နိုင်) ၁၃၆၀၃၇တို့၏သမီး မခင်စမ်းမော်(ခ) မော်ကြီး ၇/အဖန(နိုင်)၀၅၉၅၂၈သည် မိဘအုပ်ထိန်းသူနှင့် ညီအစ်ကိုမောင်နှမများအား စိတ်ပင်ပန်းဆင်းရဲအောင်ပြုမူ၍ မိမိသဘောဆန္ဒအလျောက် နေအိမ်မှဆင်းသွားပြီး မိဘခွင့်မလွှတ်နိုင်သောလုပ်ရပ်အား ပြုမူသွားပါသဖြင့် ယနေ့မှစ၍ အမွေစားအမွေခံ သမီးအဖြစ်မှ အပြီးအပိုင်စွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝကို လုံးဝတာဝန်ယူဆောင်ရွက်ပေးမည်မဟုတ်ကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်တင်မြင့်**

**၇/အဖန(နိုင်)၀၃၆၀၃၇**

**အမည်ပြောင်း**

ဦးမောင်ဦးခင် ၁၁/စတန(နိုင်)၀၅၂၉၅၅၏သား ရခိုင်ပြည်နယ်၊ စစ်တွေမြို့၊ တရားသီးစုရပ်ကွက်မှ မောင်အောင်မြတ်သူအား ယနေ့မှစ၍ မောင်အောင်မြတ်ထက်ဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မောင်အောင်မြတ်ထက်**

**ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၆၊ သဇင် ၅ လမ်း၊ မြေကွက်အမှတ် ၂၅၆ဟုခေါ်တွင်သော နှစ် ၆၀ ဂရန်မြေကွက် အရောင်းအဝယ်ကို ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၁၆၊ သဇင် ၅ လမ်း၊ မြေကွက်အမှတ် ၂၅၆၊ ဧရိယာ (၆၀'×၆၀')ရှိ နှစ် ၆၀ ဂရန်မြေကွက်ကို မြို့မြေစာရင်းနှင့် မြေငှားဂရန်တွင် တရားဝင်အမည်ပေါက်ကာ လက်ရှိထားပိုင်ဆိုင်ပါသည်ဟု ဝန်ခံကတိပြုသူ ဦးမျိုးလင်းဦး ၁၂/အစန(နိုင်)၀၁၃၉၆၀ ထံမှ အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် ကျွန်ုပ်တို့၏ မိတ်ဆွေက စရန်ငွေပေးချေထားခဲ့ပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ၁၄ ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

**ဦးသန့်ဇင် (LL.B)** — **အထက်တန်းရှေ့နေ(စဉ်-၂၅၀၆၈)** — **ဖုန်း-၀၉-၇၃၁၇၀၅၁၆**

**ဒေါ်ဟန်နွေနိုင် (LL.B)** — **အထက်တန်းရှေ့နေ(စဉ်-၂၇၅၄၄)** — **ဖုန်း-၀၉-၄၂၀၀၇၃၆၈၅**

**အမှတ် ၅၀၊ ပထမထပ်၊ အခန်း D-2၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်**

**အထွေထွေကိုယ်စားလှယ်လွှဲစာ ရုပ်သိမ်းခြင်း**

ရန်ကုန်မြို့၊ အမှတ် ၄၉၊ ပါရမီအိမ်ရာ၊ လှိုင်မြို့နယ်နေ ဦးစိန်သန်းဦးမှ ရန်ကုန်မြို့၊ အမှတ် ၁၄၊ စွန်းလွန်းဂူ ကျောင်းလမ်း၊ (၁၆)ရပ်ကွက်၊ ရန်ကင်းမြို့နယ်နေ ဦးလှမြင့်၏သား ဦးခင်မောင်လေး ၁၂/တမန(နိုင်)၀၉၇၀၃၆သို့ လွှဲအပ်ထားသည့် ရန်ကုန်မြို့ စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၏ ၁၆-၁၂-၂၀၁၄ရက်စွဲပါ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၃၂၇၃၇/၂၀၁၄အား ၂၂-၇-၂၀၁၅ ရက်မှစ၍ ရုပ်သိမ်းပြီးဖြစ်ပါကြောင်း။

**ဦးစိန်သန်းဦး**

**၁၃/ရစန(နိုင်)၀၀၈၁၀၉**

**တစ်ဦးတည်းဖြစ်ပါကြောင်း**

သုံးခွမြို့၊ အထက(၂)၊ နဝမတန်း(A)မှ မခင်ရတနာဦး၏ဖခင် ဦးမောင်နိုင်နှင့် ဦးဝင်းနိုင် ၁၂/သခန(နိုင်)၀၁၇၇၉၇ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**အမည်မှန်**

ကျွန်တော် ဦးအေးမြင့်၏သမီးများဖြစ်သော အလက(၃) မြောက်ဒဂုံ III C မှ မအေးမြင့်မြတ်မွန်နှင့် မအေးမြတ်မြတ်သူတို့၏ အမည်မှန်မှာ အေးမြင့်မြတ်မွန်နှင့် အေးမြင့်မြတ်သူတို့ ဖြစ်ပါကြောင်း။

**အမည်ပြောင်း**

မကွေးမြို့၊ MEC ကိုယ်ပိုင်အထက်တန်းကျောင်း အဋ္ဌမတန်း (A) မှ ဦးကျော်ဇော ဌေး ၈/မကန(နိုင်)၂၃၀၈၈၃၏သမီး မစုစ်သာဌေးအား မစုယွန်းနန္ဒီဟု ပြောင်းလဲခေါ်ပါရန်။ **မစုယွန်းနန္ဒီ**

**တစ်ဦးတည်းဖြစ်ပါကြောင်း**

တောင်ဥက္ကလာပ (၁၃)ရပ်ကွက်နေ ဦးမာရီရာသား၏သမီး ဆာဖသီအမား(ခ)ချောစု၏အမည်မှာ မွေးစာရင်းပါ ဂျိုးစံပင်းမေရီ(ခ)ချောစုဖြစ်ပါသည်။

# အဲပုဂံမှလေယာဉ် ရန်ကုန်လေဆိပ်အဆင်း၌ ဘီးချော်မှုဖြစ် ခရီးသည်နှင့်လေယာဉ်အမှုထမ်းများ ထိခိုက်ဒဏ်ရာရမှုမရှိ

သတင်း-ခင်ရတနာ
ဓာတ်ပုံ-ဦးဦးစနေ (FB)



**ရန်ကုန် ဇူလိုင် ၂၄**

အဲပုဂံလေကြောင်းလိုင်းမှ ခရီးစဉ်အမှတ် W9-424၊ လေယာဉ်အမျိုးအစား ATR-72၊ လေယာဉ်အမှတ် XY-AIH လေယာဉ်သည် လေယာဉ်မှူး မျိုးမင်းအောင်အပါအဝင် လေယာဉ်အမှုထမ်းငါးဦး၊ လေယာဉ်လုံခြုံရေးနှစ်ဦး၊ ခရီးသည် ၄၅ ဦး၊ အဲပုဂံလေကြောင်းလိုင်းမှ လေယာဉ်မှူးနှစ်ဦးဖြင့် မန္တလေးလေဆိပ်မှ ထွက်ခွာခဲ့ပြီး ည ၇ နာရီခန့်တွင် ရန်ကုန်လေဆိပ် လေယာဉ်ပြေးလမ်း 21 ဘက်မှ ဆင်းသက်စဉ် ပြေးလမ်း Maker Board ပေ ၃၀၀၀ အနီး၌ လေယာဉ်၏ ဘယ်ဘက်ဘီး စတင်ဘီးချော်၍ ပေ ၃၅၀၀ ခန့်တွင် လေယာဉ်သည်ပြေးလမ်း ဘယ်ဘက်ခြမ်း မြက်ခင်းပေါ်သို့ လေယာဉ်ပြေးလမ်းအစပ်မှ ပေ ၂၀၀ ခန့် ဆင်းသွားခဲ့ပြီး လေယာဉ်ရပ်တန့်သွားခဲ့သည်။ **(ယာပုံ)**

ခရီးသည်များအား လေယာဉ်အရေးပေါ်ထွက်ပေါက်မှ ဆင်းသက်ခဲ့ပြီး ခရီးသည်များအပါအဝင် လေယာဉ်အမှုထမ်းအားလုံး ထိခိုက်ဒဏ်ရာရမှုမရှိကြောင်း သိရသည်။

အဆိုပါ ခရီးသည်များနှင့် လေယာဉ်အမှုထမ်းများအား ည ၇ နာရီ မိနစ် ၄၀ တွင် ပြည်တွင်းဆိုက်ရောက်ဆောင်သို့ ပြန်လည်ခေါ်ဆောင်ခဲ့ကြောင်း၊ လေယာဉ်ကို လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနနှင့် လေကြောင်းလိုင်း တာဝန်ရှိသူများက စစ်ဆေးမှုများပြုလုပ်လျက်ရှိသဖြင့် ရန်ကုန်လေဆိပ် လေယာဉ်ကွင်းကို ည ၈ နာရီ ၄၅ မိနစ်ထိ ခေတ္တကွင်းပိတ်ခဲ့ကြောင်း သိရသည်။

"ရာသီဥတုကြောင့် ဖြစ်နိုင်ပါတယ်။ အဲဒီအချိန်မှာ မိုးတွေလည်း ရွာနေတာကြောင့် ဘီးချော်သွားတယ်လို့ အကြမ်းဖျင်းသိရပါတယ်။ လေယာဉ်အပျက်အစီးဘာမှမဖြစ်ပါဘူး"ဟု လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ အထွေထွေမန်နေဂျာ ဦးတင်အောင်နီက ပြောကြားသည်။

လေယာဉ်ဘီးချော်သည့် အသေးစိတ်အချက်အလက်များကို မသိရှိရသေးသော်လည်း ရာသီဥတုကြောင့် ဘီးချော်သွားခြင်းသာဖြစ်နိုင်ကြောင်း လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ပြန်လည်ပြောကြားသည်။ **(မြန်မာ့အလင်း)**



# မိခင်နှင့်ကလေး ကျန်းမာရေးဟောပြော

**ရန်ကုန် ဇူလိုင် ၂၄**

ကိုယ်ဝန်ဆောင် မိခင်လောင်းများ လုံခြုံစိတ်ချရသော မိခင်ဘဝ ရရှိရေးနှင့် မွေးဖွားလာသော ရင်သွေးငယ်များအား မိခင်နို့ စနစ်တကျတိုက်ကျွေးရေးအပါအဝင် မိခင်နှင့်ကလေးကျန်းမာရေး အသိပညာပေးဟောပြောပွဲနှင့် ကိုယ်ဝန်ဆောင်အားဆေးများ ပေးအပ်လှူဒါန်းပွဲကို မင်္ဂလာတောင်ညွန့်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဇူလိုင် ၂၂ ရက်က ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဒေါ်နွေးနွေးလင်း၊ မြို့နယ်အသင်းဥက္ကဋ္ဌ ဒေါ်ဝေညိုနှင့် အမျိုးသမီးကျန်းမာရေးဆရာမ ဒေါ်မေရီစိုးတို့က ကျန်းမာရေးဦးစီးဌာနနှင့် ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့တို့ ပူးပေါင်းထုတ်ဝေထားသည့် မိခင်နို့တိုက်ကျွေးရေး ပညာပေးဗီဒီယိုကို ပြသပြီး ကိုယ်ဝန်ဆောင်နှင့် မိခင်၊ ကလေးကျန်းမာရေးဆိုင်ရာများကို ဟောပြောခဲ့ကာ ကိုယ်ဝန်ဆောင်အားဖြည့် အာဟာရများဖြစ်သည့် ကြက်ဥ၊ အာလူးနှင့် အိုင်အိုဒင်းဆားများကို လှူဒါန်းခဲ့ကြောင်း သိရသည်။ **(ဝဲပုံ)**

**အောင်သန်း(မင်္ဂလာတောင်ညွန့်)**

## တပ်မတော်နယ်လှည့် ဆေးကုသရေးအဖွဲ့ အခမဲ့ဆေးကု

**သံတောင်ကြီး ဇူလိုင် ၂၄** - သံတောင်ကြီးမြို့ အမှတ်(၃) မူလွန်ကျောင်း၌ ကျောင်းသား ကျောင်းသူများအား နယ်မြေခံတပ်မှ ဗိုလ်မှူးချုပ်မြတ်ကျော် ဦးဆောင်သော အမှတ်(၁၅) တပ်မတော်ဆေးရုံ ခုတင် (၁၀၀) ဘုရင့်နောင် နယ်လှည့်ဆေးကုသရေးအဖွဲ့သည် ဇူလိုင် ၂၄ ရက်က အခမဲ့ကျန်းမာရေးစစ်ဆေးပေးခြင်း၊ ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**


### အမည်မှန်

မောင်တောမြို့၊ (၄)မိုင်ရပ်ကွက်၊ မကျဉ်းကုန်းကျေးရွာနေ မောင်မင်းမြတ်ဦး ၁၁/မတန(နိုင်)၀၂၇၇၇၁၏ ဖခင်အမည်မှန်မှာ ဦးသန်းထွန်းစိန်ဖြစ်ပါကြောင်း။

### အမည်ပြောင်း

ဦးအောင်ပေါ၏သမီး မုံရွာမြို့ အထက (၂) တက္ကသိုလ်ဝင်တန်း (ဘောဂဗေဒ)မှ မဟန်အိမွန်အား မသီတာငြိမ်းဟု ပြောင်းလဲခေါ်ပါရန်။

**မသီတာငြိမ်း**

### မွေးသက္ကရာဇ်အမှန်

ဘူးသီးတောင်မြို့နယ်၊ ပြင်ရှည်ကျေးရွာနေ ဦးမောင်စန်းဝင်း ၁၁/ဘသတ(နိုင်)၀၀၁၄၆၄၏သား မောင်နိုင်ဝင်းထွန်း ၁၁/ဘသတ(နိုင်)၀၃၁၅၁၅၏ မွေးသက္ကရာဇ်အမှန်မှာ ၃-၁၂-၁၉၉၆ ဖြစ်ပါသည်။

**မောင်နိုင်ဝင်းထွန်း**

### ဖခင်အမည်မှန်

မုံရွာမြို့ အထက(၂)တက္ကသိုလ်ဝင်တန်း (ဘောဂဗေဒ)မှ မဟန်အိမွန်၏ ဖခင်အမည်မှန်မှာ ဦးအောင်ပေါ ၅/မရန(နိုင်)၁၈၈၈၉၅ ဖြစ်ပါသည်။

**ဦးအောင်ပေါ**

### ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၉C/၆၄၁၇ ၏ ဖောင်းကြွ နံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွ နံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန (ရွာသာကြီး)**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1E/4048 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

### ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1J/ 2509 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း)**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၈C/၂၈၆၆၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

### CLAIMS DAY NOTICE
### M.V COLORADO HIGHWAY VOY:NO(88A)

Consignees of cargo carried by M.V COLORADO HIGHWAY VOY:NO (88A)are here by notified that the vessel will arrive on about 26-7-15 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to 4:00 PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့မော်တော်ယာဉ်ပါပစ္စည်းများကို ORIGINAL BILLS OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့် အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-

**ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈**

**ကိုယ်စားလှယ်လုပ်ငန်းဌာန**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

### ဒုရဲအုပ်လောင်းသင်တန်းအမှတ်စဉ် (၃၅/၉၈) သင်တန်းဆင်းသူငယ်ချင်းများသို့

ဒုရဲအုပ်လောင်းသင်တန်းအမှတ်စဉ် ၃၅
သင်တန်းဆင်းသူငယ်ချင်းများတွေ့ဆုံပွဲကို
၃၀-၇-၂၀၁၅ ရက်တွင် ရန်ကုန်မြို့၌ ပြုလုပ်သွားမည်ဖြစ်သဖြင့် အနယ်နယ်အရပ်ရပ်မှ သူငယ်ချင်းများ တက်ရောက်နိုင်ရေးအတွက် အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်ကြပါရန် အသိပေးအပ်ပါသည်-

**ဆက်သွယ်ရန်** - **ဒုရဲမှူး ကိုကိုကြီး ဖုန်း-၀၉-၄၉၃၁၁၂၁၁**
**ရဲအုပ်လှမြင့် ဖုန်း-၀၉-၄၄၈၀၀၄၆၅၈**
**ရဲအုပ် မင်းဟန် ဖုန်း-၀၉-၂၅၂၄၂၆၃၂၆**

### လူပျောက်



ဖော်ပြပါဓာတ်ပုံရှင် အဘွား ဒေါ်ခင်ညွန့် အင်္ကျီပန်းရောင်၊ ပါတိတ် ခရမ်းရောင်ဝတ် အသက် (၈၀) သည် ၂၂-၇-၂၀၁၅ ရက် ညနေ ၃ နာရီတွင် အိမ်မှ ပျောက်သွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

**ဆက်သွယ်ရန်**
**ဒေါ်နုနုရီ ဖုန်း-၀၉-၃၆၅၈၁၀၁၃၊ ၀၉-၇၃၂၂၃၈၆၁၊**
**ဒေါ်သူဇာစိုး ဖုန်း-၀၉-၅၀၉၄၀၃၆၊ ၀၉-၇၉၀၄၉၅၃၆၀**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃ဃ/၈၂၁၃ ISUZU BIGHOM UBS 73GW, S/W ယာဉ်လက်ဝယ်ရှိသူ ဦးသိန်းဟန် ၁၂/သဃက(နိုင်)၀၁၂၄၉၅ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း)၊ ရန်ကုန်မြို့**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် DD/5927 Hyundai Starex, Mini Bus (4x2)L ယာဉ်လက်ဝယ်ရှိသူ ဦးဆိုင်းနော် ၁၂/ဒဂတ(နိုင်)၀၀၅၇၃၃ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း)၊ ရန်ကုန်မြို့**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1J/2509, TOYOTA ALPHARD ANH 10, M/B ယာဉ်လက်ဝယ်ရှိသူ ဦးသိန်းဟန် ၁၂/သဃက(နိုင်)၀၁၂၄၉၅ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း)၊ ရန်ကုန်မြို့**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄စ/၆၇၉၂ Toyota Camry ACV 40, S/L (4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးအောင်မျိုးအေး ၉/ကဆန(နိုင်)၁၁၁၇၉၁ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း)၊ ရန်ကုန်မြို့**

# အနည်းဆုံးလုပ်ခနှုန်းထားပြဿနာ ဘယ်လိုဖြေရှင်းကြမလဲ

***ယမန်နေ့မှအဆက်***

မြန်မာနိုင်ငံတွင်မူ ပုံမှန်ကုန်သွယ်ရေးစနစ်နှင့် တန်းတူထားပြီး ချုပ်လုပ်မည့် ပိတ်စနှင့် ပစ္စည်းများကို သွင်းကုန်အဖြစ် သတ်မှတ်ဆောင်ရွက်နေခြင်းကြောင့် ဆိပ်ကမ်းရောက်ချိန်တွင် (ကုန်ပစ္စည်း မှာယူအပ်နှံသူတို့၏ အခက်အခဲအမျိုးမျိုးကြောင့်) ပေးပို့တင်သွင်းသည့် ကုန်ပစ္စည်းအမျိုးအစား၊ ထုတ်လုပ်နိုင်ငံ စသည့်ကွဲလွဲမှုများတွေ့ရသည့်အခါ ဒဏ်ကြေးပေးရသည့်အပြင် ပစ္စည်းထုတ်ခွင့်မရဘဲ အချိန်ယူဖြေရှင်းနေရသဖြင့် လွန်စွာနည်းပါးလှသော ချုပ်လုပ်ချိန်ကို ပို၍ မလောက်မငဖြစ်ကြရပါတော့သည်။ သို့ဖြစ်၍ မလိုလားအပ်သော အချိန်ပိုခေါ်ရခြင်း၊ ညလုံးပေါက်လုပ်ရခြင်း၊ အရည်အသွေး ညံ့ဖျင်းခြင်းစသည့် ပြဿနာများ ကြုံတွေ့ကြရပါတော့သည်။

ဥပမာအားဖြင့် ပိတ်စကို စိတ်တိုင်းကျဝယ်ယူပြီး အပ်ချုပ်ဆိုင်မှာ အပ်နှံကြသည့်အခါ အပ်ချုပ်ဆိုင်က "ဘယ်နိုင်ငံကလာတဲ့ပိတ်စလဲ၊ ခင်ဗျား ကျွန်တော့်ကို ပြောတုန်းက ကိုရီးယားစဆို၊ ခုတော့ ထိုင်ဝမ်စကြီးဖြစ်နေပါလား" ဆိုပြီးမေးမြန်းခြင်း၊ ချေးများခြင်း မပြုကြဘဲ အပ်နှံသည်ကိုပင် ချုပ်ကြရသည်။ ယခု CMP အထည်ချုပ်ဆိုသည်မှာလည်း အလားတူ အပ်ချုပ်ဆိုင် အကြီးစားသာဖြစ်သည်။ မှာယူသူ ပထမမှာစဉ်က ကိုရီးယားစလို့ ပြောခဲ့သော်လည်း အခြားအခက်အခဲကြောင့် ထိုင်ဝမ်ကအစ ဝယ်ပို့ကောင်းပို့ပါလိမ့်မည်။ လက်ရှိဆိပ်ကမ်းစနစ်တွင် ယင်းဖြစ်စဉ်မျိုးတွေ့လာပါက အသွင်းမခံတော့ဘဲ ဒဏ်ရိုက်ပါတော့သည်။ နိုင်ငံတူ၊ အမျိုးအစားတူနေသော်လည်း စာလုံးလေး နည်းနည်းလွဲနေပါက လက်မခံသဖြင့် တောင်းပန်ရ၊ တိုးလျှိုးရ၊ ညှိနှိုင်းရ၊ စာတွေတင်ရနှင့် အချိန်တွေကြန့်ကြာသည့်အပြင် ဒဏ်လည်းရိုက်ခံရပါတော့သည်။ ယင်းစနစ်နှင့် လုပ်ထုံးလုပ်နည်းများကို ပြန်လည်သုံးသပ်ဖြေရှင်းပေးမှသာလျှင် CMP အထည်ချုပ်လုပ်ငန်းရှင်များ သတ်မှတ်ထားသည့် အနည်းဆုံးလုပ်ခပေးနိုင်ရေး အသက်ရှူချောင်ပါလိမ့်မည်။ ဖြေလျှော့ပေးပါက ဖြစ်နိုင်မည့် ကိစ္စတစ်ခုဟု သုံးသပ်ရပါသည်။

နောက်တစ်ခု တင်ပြလိုသည်မှာ အထည်ချုပ်လုပ်ငန်းသည် လစာပေးစနစ်ကျင့်သုံးသော ကုမ္ပဏီလုပ်ငန်း၊ ဝန်ဆောင်မှုလုပ်ငန်း၊ ရုံးလုပ်ငန်း၊ အစိုးရလုပ်ငန်းမျိုးမဟုတ်ဘဲ ကုန်ထုတ်မှ ငွေရသည့် နေ့စား လရှင်း လုပ်ငန်းမျိုးဖြစ်ပါသည်။ ချုပ်နိုင်သလောက် ငွေရပါသည်။ လုံးဝမချုပ်နိုင်ပါက လုံးဝဝင်ငွေမရှိပါ။ သို့ဖြစ်၍ မချုပ်သည့် ရက်များအတွက် လုပ်ခပေးရမည် ဆိုခြင်းကို ပြန်လည်သုံးသပ်သင့်ပါကြောင်း အလေးအနက် အကြံပြုလိုသည်။ ဆောက်လုပ်ရေးလုပ်ငန်း အချို့တွင်လည်း ကျင့်သုံးလေ့ရှိသည်။ နေ့စဉ် အလုပ်ဆင်း မှတ်တမ်းထားသည်။ ဆင်းသည့်ရက်အလိုက် နေ့စားခကို လကုန်မှ ရှင်းပေးသည်။ အလုပ်မဆင်းသည့်နေ့အတွက် လုပ်ခမပေးနိုင်ကြပါ။ သို့ရာတွင် ၁၉၅၁ ခုနှစ် ခွင့်ရက်နှင့် အလုပ်ပိတ်ရက် အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ ပုဒ်မ (၅) ပုဒ်မခွဲ(၄) ၌ **"အလုပ်ရှင်သည် အလုပ်သမားများအတွက် ရက်သတ္တပတ်လျှင် အနည်းဆုံးတစ်ရက်ကို အခကြေးငွေ သို့မဟုတ် လစာငွေအပြည့်ဖြင့် အလုပ်ပိတ်ရက်အဖြစ် သတ်မှတ်၍ ခွင့်ပြုပေးရမည်"** ဟု ပြဋ္ဌာန်းထားပါသည်။ လခစားလုပ်ငန်း၊ နေ့စား၊ လရှင်း လုပ်ငန်း၊ ပုတ်ပြတ်လုပ်ငန်း ခွဲခြားဖော်မထားသည့်အတွက် နေ့စား၊ လရှင်းလုပ်ငန်းဖြစ်သည့် CMP အထည်ချုပ် လုပ်ငန်းရှင်များ အခက်အခဲတွေ့ကြရပြန်သည်။ သို့ဖြစ်၍ လုပ်ငန်းသဘောသဘာဝမတူသည့် အလုပ်ဌာနများ ခွဲခြားပြဋ္ဌာန်းပေးသင့်သည်ဟု အကြံပြုလိုပါသည်။

ဆက်လက်၍ အချိန်ပိုလုပ်အားခကိစ္စ ဆွေးနွေးလိုပါသည်။ ၁၉၅၁ ခုနှစ် အလုပ်ရုံများ အက်ဥပဒေ အမှတ် ၆၅ ပုဒ်မ ၇၃ (၁) အရ အချိန်ပိုလုပ်ကိုင်ပါက ပုံမှန်လုပ်ခ၏ နှစ်ဆဟု ပြဋ္ဌာန်းထားသည်ကို တွေ့ရပါသည်။ အချိန်ပိုလုပ်ပါက သာမန်အချိန်လုပ်အားခထက် ပိုပေးရမည်မှာ သဘာဝကျပါသည်။ သို့ရာတွင် ပုံသေနည်းကိုလေ့လာရာ အောက်ပါအတိုင်းတွေ့ရပါသည် -

> အနည်းဆုံးတစ်နာရီလုပ်ခ x ၈ နာရီ (တစ်နေ့အလုပ်ချိန်)
> ----------------------------------------------------- x ၆ ရက် x ၂ ဆ = အချိန်ပိုလုပ်ခ
> ၄၄ နာရီ

ယင်းပုံသေနည်းတွင် အဆိုပြုတစ်နေ့လုပ်ခ (၄၅၀ ကျပ် × ၈ နာရီ = ၃၆၀၀ ကျပ်) ကို ထည့်သွင်းပါက တစ်နာရီအတွက် ၉၈၁ ဒသမ ၈ ကျပ် ပေးရမည်ဖြစ်ပါသည်။ သို့ဖြစ်ပါက မူလလုပ်ခ ၄၅၀ ကျပ် ၏ ၂ ဒသမ ၁၈ ဆ ပေးရမည် ကိုတွေ့နိုင်ပါသည်။ အမှန်တကယ် အလုပ်လုပ် ရက်မှာ စနေနေ့တွင် နေ့တစ်ဝက်သာဖြစ်သဖြင့် ၆ ရက်အစား ၅ ဒသမ ၅ ရက်ဖြင့် တွက်ရမည်ဖြစ်ရာ ပုံသေနည်းကို အောက်ပါ အတိုင်း ပြင်ဆင်ပေးရပါမည်-

> အနည်းဆုံးတစ်နာရီလုပ်ခ x ၈ နာရီ (တစ်နေ့အလုပ်ချိန်)
> ----------------------------------------------------- x ၅.၅ ရက် x ၂ ဆ = အချိန်ပိုလုပ်ခ
> ၄၄ နာရီ

ယင်းပုံသေနည်းတွင် အဆိုပြုတစ်နေ့လုပ်ခ (၄၅၀ ကျပ် × ၈ နာရီ = ၃၆၀၀ ကျပ် )ကို ထည့်သွင်း တွက်ချက်လျှင် တစ်နာရီအတွက် မူလလုပ်ခ ကျပ် ၄၅၀ ရဲ့ နှစ်ဆအတိဖြစ်သည့် ကျပ် ၉၀၀ ပေးရမည်ကို တွေ့ရပါမည်။ အခြားလုပ်ငန်းတူ လုပ်ကိုင်နေကြသည့် အာဆီယံနိုင်ငံများ၏ အချိန်ပိုလုပ်အားခသတ်မှတ်နှုန်းနှင့် ရက်သတ္တပတ် အလုပ်ချိန် သတ်မှတ်ချက်များကို ဗဟုသုတအဖြစ် ဇယား(က)အတိုင်း ဖော်ပြအပ်ပါသည်။

ဖော်ပြပါဇယားကို လေ့လာကြည့်ပါက အချိန်ပိုလုပ်ခကို မူလလုပ်ခ၏ နှစ်ဆပေးနေသည်မှာ မြန်မာနှင့် အင်ဒိုနီးရှားနှစ်နိုင်ငံသာ ရှိသည်ကို တွေ့မြင်နိုင်ပါသည်။ ထို့အပြင် ပုံမှန်အလုပ်ချိန်ကို ၄၄ နာရီ (စနေနေ့တစ်ဝက်)သာ ခွင့်ပြုပေးထားသည်မှာ မြန်မာတစ်နိုင်ငံသာ ရှိနေသည်ကို တွေ့မြင်နိုင်ပါသည်။ သို့ဖြစ်၍ အနည်းဆုံးလုပ်ခ သတ်မှတ်ရာတွင် ရက်သတ္တပတ် အလုပ်လုပ်ရက်နှင့် ပုံမှန်လုပ်ခ၏ အဆကို အခြားနိုင်ငံများနည်းတူ သတ်မှတ်သင့် မသင့် ဝိုင်းဝန်းစဉ်းစားသုံးသပ်ကြစေလိုပါသည်။ ဖြစ်သင့်သော ပုံသေနည်းမှာ -

> အနည်းဆုံးတစ်နာရီလုပ်ခ x ၈ နာရီ (တစ်နေ့အလုပ်ချိန်)
> ----------------------------------------------------- x ၆ ရက် x ၁.၅ ဆ = အချိန်ပိုလုပ်ခ
> ၄၈ နာရီ

ယင်းပုံသေနည်းတွင် အဆိုပြုတစ်နေ့လုပ်ခ (၄၅၀ ကျပ် × ၈ နာရီ = ၃၆၀၀ ကျပ်) ကိုထည့်သွင်း လိုက်ပါက တစ်နာရီ ၆၇၅ ကျပ် ပေးရမည်ဖြစ်ပါသည်။ သို့ဖြစ်လျှင် မူလ ၄၅၀ ကျပ်၏ ၁ ဒသမ ၅ ဆအတိ ဖြစ်သည်ကို တွေ့နိုင်ပါသည်။ ယင်းအချက်များကိုလည်း အနည်းဆုံးလုပ်ခ တောင်းခံသူ၊ သတ်မှတ်သူ၊ ပေးရမည့်သူစသည့် သက်ဆိုင်သူ Stakeholder အားလုံးထည့်သွင်း စဉ်းစားသင့်သည့် အချက်များဟု ယူဆပါသည်။

ထို့အပြင် ရရှိသည့် အချိန်အနည်းငယ်အတွင်း အခက်အခဲများစွာရင်ဆိုင်ပြီး အချိန်မီ ကြိုးစားချုပ်လုပ်ကာ အထည်များအား သင်္ဘောပေါ်သို့ တင်ပို့သည့်အခါတွင်လည်း ဆိပ်ကမ်းတာဝန်ရှိ ဝန်ထမ်းများ၏ အလုပ်ချိန်ကျော်လွန်သွားခြင်း၊ အလုပ်ပိတ်ရက်ဖြစ်နေခြင်းများကြောင့် သင်္ဘောပေါ် မတင်နိုင်ဘဲ ဆိပ်ကမ်းမှာ ညအိပ်စောင့်ဆိုင်းရသဖြင့် စရိတ်ကုန်၊ အချိန်ကုန်သည့် ဖြစ်ရပ်များလည်း ကြုံတွေ့နေကြရသည်ဟု ကြားသိရပါသည်။ အချို့နိုင်ငံများတွင် ဆိပ်ကမ်းကို ပိတ်ရက်မရှိ၊ ပိတ်ချိန်မရှိ နေ့/ညအဆိုင်းဖြင့် လုပ်ကိုင်နေကြသဖြင့် အဆင်ပြေကြသည်ကို လေ့လာသိရှိရပါသည်။ မိမိနိုင်ငံတွင်လည်း ယခုကဲ့သို့ လုပ်ပေး၍ ရနိုင်၊ မရနိုင် စဉ်းစားသင့်ပါသည်။ စရိတ်ကုန်ကျသက်သာခြင်းကြောင့် လုပ်ငန်းရှင်များ အသက်ရှူချောင်ပြီး အလုပ်သမားအပေါ် လုပ်ခတိုးပေးရန် စဉ်းစားလာနိုင်မည်ဖြစ်ပါသဖြင့် နည်းလမ်းရှာဖြေရှင်းမည်ဆိုပါက ရနိုင်သည့်ကိစ္စဟု တင်ပြလိုပါသည်။

မြန်မာနိုင်ငံ CMP လုပ်ငန်းများသို့ ဆက်သွယ်မှာယူ

**ဇယား(က)**

| နိုင်ငံ | ၂၀၀၀ | ၂၀၀၅ | ၂၀၁၀ | ၂၀၁၁ | ၂၀၁၂ | ၂၀၁၃ | ၂၀၁၄ |
|---|---|---|---|---|---|---|---|
| ဂျပန် | ၄.၅၇ | ၅၂.၆၇ | ၁၈၃.၄၃ | ၃၄၈.၇၀ | ၄၀၈.၂၅ | ၄၇၇.၈၃ | ၅၆၀.၆၆ |
| ကိုရီးယား | ၀.၇၀ | ၀.၀၄ | ၁၂၃.၉၈ | ၂၃၂.၄၁ | ၂၇၈.၆၂ | ၃၉၀.၇၁ | ၄၆၂.၂၉ |
| တရုတ် | ၀.၀၀ | ၀.၁၅ | ၁.၇၉ | ၇.၀၂ | ၂၁.၁၉ | ၃၈.၅၂ | ၃၄.၄၈ |
| မလေးရှား | ၀.၀၀ | ၂.၇၇ | ၃.၆၄ | ၂.၆၄ | ၄.၂၄ | ၃.၇၆ | စာရင်းမရ |
| စင်ကာပူ | ၂၆.၅၂ | ၇.၅၀ | ၀.၉၁ | ၁.၂၉ | ၀.၇၆ | ၀.၈၆ | ၁.၁၁ |
| ဩစတြေးလျ | ၂.၅၀ | ၀.၁၆ | ၂.၉၂ | ၁.၉၅ | ၁.၇၀ | ၁.၃၆ | ၃.၁၄ |
| အီးယူ (၂၈ နိုင်ငံ) | ၃၁၀.၆၀ | ၂၄၂.၁၀ | ၁၇၈.၉၅ | ၁၈၅.၀၁ | ၁၄၃.၄၅ | ၁၇၄.၀၆ | ၃၀၉.၅၂ |
| ဂျာမနီ | ၂၃.၂၃ | ၁၅.၀၉ | ၇၃.၉၉ | ၇၈.၇၃ | ၄၉.၄၀ | ၅၂.၂၇ | ၁၁၄.၅ |
| အင်္ဂလန် | ၈၀.၈၅ | ၅၃.၈၁ | ၃၀.၇၂ | ၃၄.၈၂ | ၃၈.၉၄ | ၅၄.၁၅ | ၈၃.၄၉ |
| ပြင်သစ် | ၅၇.၆၃ | ၂၆.၂၂ | ၁.၇၄ | ၀.၅၀ | ၀.၆၁ | ၂.၀၃ | ၁၀.၈၄ |
| ကနေဒါ | ၃၁.၆၄ | ၅.၀၁ | ၀.၀၁ | ၀.၀၁ | ၀.၀၅ | ၁.၂၀ | ၄.၁၇ |
| အမေရိကန် | ၄၀၃.၅၄ | ၀.၀၀ | ၀.၀၀ | ၀.၀၀ | ၀.၀၀ | ၁.၉၆ | ၁၆.၀၇ |
| Total (36 Countries) | ၉၄၁.၇၈ | ၄၀၅.၅၂ | ၆၀၂.၀၈ | ၈၉၃.၀၈ | ၉၄၇.၂၁ | ၁၂၀၈.၇၁ | ၁၆၀၀.၂၇ |

Source: *World Trade Atlas Data 2014*

လုပ်ငန်းအပ်နှံနေသည့် အဓိက ဖောက်သည် နိုင်ငံကြီးများနှင့် ပို့ကုန်တန်ဖိုးပမာဏ ( US $ သန်းပေါင်း) ကို အောက်ပါအတိုင်း တွေ့မြင်နိုင်ပါသည် -

ဖော်ပြပါဇယားကိုကြည့်ပါက ၂၀၀၀ ပြည့်နှစ်အထိ ဥရောပနှင့် အမေရိကန်ဈေးကွက်သည် အမြင့်မားဆုံးဖြစ်သည်ကို တွေ့နိုင်ပါသည်။ ၂၀၀၃ ခုနှစ် အမေရိကန် ပိတ်ဆို့မှုဖြစ်ပြီးနောက် ၂၀၀၅ ခုနှစ် စာရင်းအရ ကျန်နိုင်ငံအားလုံး၏ မှာယူမှု ပမာဏသည် အမေရိကန်တစ်နိုင်ငံတည်းက မှာသလောက်သာ ရှိနေသည်ကို တွေ့မြင်နိုင်ပါသည်။ အမေရိကန် အမှာစာများသည် ကုန်ပစ္စည်းအရေအတွက်များပြားခြင်း၊ အပြစ်အနာအဆာ အလွန်ရှာလေ့မရှိခြင်း၊ ဈေးနှုန်းကောင်းမွန်ခြင်းတို့ကြောင့် နိုင်ငံတကာ CMP အထည်ချုပ်လုပ်ငန်းများသည် အမေရိကန်အမှာစာကို များစွာလိုလားလေ့ရှိကြပါသည်။ တခြားနိုင်ငံများမှ အမှာစာများမှာမူ တစ်ကြိမ်မှာလျှင် အထည်အရေအတွက် နည်းပါးပြီး စည်းကမ်းကန့်သတ်ချက်များသည့်အပြင် ချုပ်ခဈေးနှုန်းနည်းလည်း နည်းကြပါသည်။ ဖောက်သည် (လုပ်ငန်းအပ်နှံမှာယူသူ) မရှိသလောက် နည်းပါးခြင်းကြောင့်သာ အလုပ်ဖြစ်ရုံ လုပ်နေကြရသည့် အနေ အထားဖြစ်ပါသည်။ အမေရိကန်ဈေးကွက် ပြန်လည်ကောင်းလာနိုး မျှော်လင့်နေကြဆဲ ဖြစ်ပါသည်။ ယခုအချိန်တွင် အမေရိကန်က ပြန်လည် ဆက်သွယ်မှာ ယူနေသည် ဆိုသော်လည်း ၂၀၀၀ ပြည့်နှစ်က မှာခဲ့သည့် အနေအထားနှင့် နှိုင်းဆလျှင် အလွန်နည်းပါးနေပါသေးသည်။ ယင်းအချက်သည် မြန်မာနိုင်ငံ CMP လုပ်ငန်းများ တိုးတက်အောင်မြင်ရေး (အနည်းဆုံး လုပ်ခတိုးမြှင့်ပေးရေး)အတွက် အဟန့်အတား တစ်ခု ဖြစ်နေသည်ကို တွေ့မြင်သုံးသပ်နိုင်ပါသည်။ သို့ဖြစ်၍ အမေရိကန်မှ အမှာစာများ အမြောက်အမြား ပြန်လည်ရရှိစေရန် ဝိုင်းဝန်းကြိုးစားကြပြီးမှ CMP အထည်ချုပ်လုပ်ငန်း၏ အနည်းဆုံးလုပ်ခကို တဖြည်းဖြည်းချင်း မြှင့်တင်ကြပါက မျှတမည်လား စဉ်းစားသင့်ပါသည်။

အထက်ပါဇယားအရ CMP အထည်ချုပ်လုပ်ငန်းများ၏ ဝင်ငွေသည် အမေရိကန်ဒေါ်လာသန်း ၁၆၀၀ ဟု တွေ့မြင်ရသဖြင့် နည်းတဲ့ဝင်ငွေမဟုတ်ဘူးဟု ယူဆနိုင်ပါသည်။ အမှန်တကယ်တွင် ယင်းငွေ ပမာဏသည် မြန်မာနိုင်ငံ၏ ပို့ကုန်(တစ်နည်းအားဖြင့်ဝင်ငွေ) မဟုတ်ပါ။ မိမိနိုင်ငံက လုံးဝဝယ်ယူခြင်းမရှိဘဲ ခေတ္တခဏ ဝင်လာသည့် အထည်စများ၊ အထည်နှင့်ပတ်သက်သော ပစ္စည်းများ၏ တန်ဖိုးများ ပါဝင်နေပါသည်။ တကယ်တမ်းရလိုက်သည်မှာ ဖော်ပြပါ ပို့ကုန်တန်ဖိုး၏ အကြမ်းဖျင်း ၁၀ ရာခိုင်နှုန်းလောက်သာရှိသည့် ချုပ်လုပ်ခသာ ဖြစ်ပါသည်။

***(ဆက်လက်ဖော်ပြပါမည်)***

**ရဲဘုန်းမြင့်**

## ကိုယ့်အားကိုယ်ကိုး အမက(ခွဲ)ကျောင်းဖွင့်ပွဲကျင်းပ

**ညောင်လေးပင် ဇူလိုင် ၂၄**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ကိုယ့်အားကိုယ်ကိုး အမက(ခွဲ)ရွှေဝါထွန်းကျောင်းဖွင့်ပွဲအခမ်းအနားကို ဇူလိုင်လ တတိယပတ်က အဆိုပါကျောင်း၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် အမက(ခွဲ)ကျောင်းအား ဆောက်လုပ်လှူဒါန်းပေးခဲ့သော အလှူရှင်(ဆုပိုင်ပွဲရုံ)မိသားစုမှ ဦးမြင့်သိန်းက ကျောင်းဆောက်လုပ်လှူဒါန်းရခြင်းနှင့် ပတ်သက်၍လည်းကောင်း၊ ရပ်မိရပ်ဖအငြိမ်းစားကျောင်းဆရာကြီး ဦးထွေးလှက ရပ်ရွာနှင့် ကျောင်းဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်၍ စည်းလုံးညီညွတ်စွာ ဆောင်ရွက်ခဲ့ပုံများကိုလည်းကောင်း ရှင်းလင်းပြောကြားခဲ့သည်။ ယခုဆောက်လုပ်လှူဒါန်းသော ကျောင်းသည် RC အမျိုးအစားတစ်ထပ်တိုက်ဖြစ်၍ အလျားပေ ၆၀၊ အနံပေ ၃၀ ရှိပြီး ကျောင်းသုံးပစ္စည်း အပါအဝင် ငွေကျပ် သိန်း ၁၂၀ ခန့်ရှိကြောင်း သိရသည်။

မြေအကျယ်အဝန်းမှာလည်း တစ်ဧကကျယ်ဝန်းပြီး ဒေသခံ ကျောင်းသား ကျောင်းသူများအနေဖြင့် ရာသီဥတုမရွေး ဘေးကင်းလုံခြုံစွာ ပညာသင်ကြားနိုင်သော ကျောင်းဖြစ်ကြောင်း သိရသည်။ **နေလင်း(ညောင်လေးပင်)**



# ရှေးဟောင်းဝတ္ထုပစ္စည်းများ ကာကွယ်ထိန်းသိမ်းရေးဥပဒေပြဋ္ဌာန်း

**ရှေးဟောင်းဝတ္ထုပစ္စည်းများ ကာကွယ်ထိန်းသိမ်းရေးဥပဒေ**
**(၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၄၃။)**
**၁၃၇၇ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၆ ရက်**
**( ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၂၂ ရက် )**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)
## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို ရှေးဟောင်းဝတ္ထုပစ္စည်းများ ကာကွယ်ထိန်းသိမ်းရေး ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **ရှေးဟောင်းဝတ္ထုပစ္စည်း**ဆိုသည်မှာ မြေပေါ်တွင်ဖြစ်စေ၊ မြေအောက်တွင်ဖြစ်စေ၊ ရေပေါ်တွင်ဖြစ်စေ၊ ရေအောက်တွင်ဖြစ်စေ နှစ်ပေါင်း ၁၀၀ နှင့်အထက် သက်တမ်းရှိသည့် ကျောက်ဖြစ်ရုပ်ကြွင်းများအပါအဝင် လူသားတို့ ပြုလုပ်သုံးစွဲခဲ့သော အရာဝတ္ထုပစ္စည်းများကိုဆိုသည်။

(ခ) **မြန်မာ့မူရင်းမဟုတ်သောရှေးဟောင်းဝတ္ထုပစ္စည်း** ဆိုသည်မှာ ပြည်ပနိုင်ငံတစ်ခုခု၌ ပြုလုပ်ခဲ့ပြီး မြန်မာနိုင်ငံသို့ အကြောင်းတစ်ရပ်ရပ်ကြောင့် ရောက်ရှိနေသည့် ရှေးဟောင်းဝတ္ထုပစ္စည်းကို ဆိုသည်။

(ဂ) **ပြတိုက်**ဆိုသည်မှာ အများပြည်သူအကျိုးငှာ ပညာပေးနိုင်သော၊ ယဉ်ကျေးမှုအရ၊ သမိုင်းကြောင်းအရ၊ အနုပညာလက်ရာမြောက်မှုအရ တန်ဖိုးရှိသော ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ အမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက် လေ့လာသုတေသနပြု၍ အများပြည်သူအား စိတ်ချမ်းမြေ့စွာ လေ့လာသင်ယူနိုင်စေရန်နှင့် ပညာပေးရန်အတွက် ခင်းကျင်းပြသခြင်းလုပ်ငန်းများကို ဆောင်ရွက်ရန် ရည်ရွယ်၍ အစိုးရဌာနအဖွဲ့အစည်းတစ်ခုခုကဖြစ်စေ၊ ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့တစ်ခုခုက ဖြစ်စေ၊ ပုဂ္ဂလိကက ဖြစ်စေ ဖွင့်လှစ်ထားသော အဆောက်အအုံကို ဆိုသည်။

(ဃ) **ကာကွယ်ထိန်းသိမ်းခြင်း** ဆိုသည်မှာ အဓွန့်ရှည်တည်တံ့စေရန်အလို့ငှာ ရှေးဟောင်းဝတ္ထုပစ္စည်းကို ဖုံးအုပ်ကာကွယ်ခြင်း၊ ရှေးမူမပျက် ပြန်လည်ပြုပြင်ခြင်းနှင့် အသစ်ပြန်လည်ပြုပြင်ခြင်း၊ ဆေးကြောသုတ်သင်မွမ်းမံခြင်းနှင့် ဓာတုဗေဒနည်းအပါအဝင် အခြားနည်းလမ်းများဖြင့် ထိန်းသိမ်းဆောင်ရွက်ခြင်းတို့ကို ဆိုသည်။

(င) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရယဉ်ကျေးမှု ဝန်ကြီးဌာနကို ဆိုသည်။

(စ) **ဦးစီးဌာန** ဆိုသည်မှာ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနကို ဆိုသည်။

(ဆ) **ဦးစီးဌာနကလွှဲအပ်တာဝန်ပေးခြင်းခံရသည့်ဌာန** ဆိုသည်မှာ ပြည်နယ်နှင့်တိုင်းဒေသကြီးများတွင် ဖွင့်လှစ်ထားသော ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ ဌာနခွဲများကို ဆိုသည်။

## အခန်း(၂)
## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ရှေးဟောင်းဝတ္ထုပစ္စည်းများ အဓွန့်ရှည်တည်တံ့စေရေးအတွက် ကာကွယ်ထိန်းသိမ်းခြင်းဆိုင်ရာမူဝါဒကို အကောင်အထည်ဖော်နိုင်ရန်၊

(ခ) သဘာဝဘေးအန္တရာယ်ကြောင့်ဖြစ်စေ၊ လူ့ပယောဂကြောင့်ဖြစ်စေ ရှေးဟောင်းဝတ္ထုပစ္စည်းများ ယိုယွင်းပျက်စီးပျောက်ဆုံးခြင်းမရှိစေရေးအတွက် ကာကွယ်ထိန်းသိမ်းနိုင်ရန်၊

(ဂ) ရှေးဟောင်းဝတ္ထုပစ္စည်းများကို ကာကွယ်ထိန်းသိမ်းခြင်းဖြင့် အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားစေရန်နှင့် မျိုးချစ်စိတ်ဓာတ်ရှင်သန်ခိုင်မာစေရန်၊

(ဃ) အများပြည်သူတို့က ရှေးဟောင်းဝတ္ထုပစ္စည်းများ၏ တန်ဖိုးမြင့်မားမှုကို နားလည်ခံယူနိုင်ကြစေရန်၊

(င) ရှေးဟောင်းဝတ္ထုပစ္စည်းများကို ကာကွယ်ထိန်းသိမ်းခြင်းနှင့်စပ်လျဉ်း၍ နိုင်ငံတော်က သဘောတူလက်ခံထားသော အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်း၊ ဒေသဆိုင်ရာသဘောတူညီချက်များနှင့်အညီ ဆောင်ရွက်ရန်။

## အခန်း(၃)
## ရှေးဟောင်းဝတ္ထုပစ္စည်းအဖြစ်သတ်မှတ်ခြင်း

၄။ ပုဒ်မ ၂၊ ပုဒ်မခွဲ(က)ပါ အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် ကိုက်ညီသော အောက်ပါဝတ္ထုပစ္စည်းများကို ရှေးဟောင်းဝတ္ထုပစ္စည်းများဟု သတ်မှတ်သည်-

(က) လူနှင့် တိရစ္ဆာန်အမျိုးမျိုးတို့၏ ကျောက်ဖြစ်ရုပ်ကြွင်း၊ ရုပ်အလောင်းနှင့် အရိုးစုများ အပါအဝင် သတ္တဗေဒနှင့် ရုက္ခဗေဒဆိုင်ရာ ရုပ်ကြွင်းများ၊

(ခ) ဘုရားဆင်းတု၊ အုတ်ခွက်ဘုရား၊ နံရံဆေးရေးပန်းချီ၊ အဝတ်ပန်းချီ၊ ရုပ်ပုံများ၊ ပြိုကျပျက်စီးသွားပြီးဖြစ်သည့် အပျက်အစီးများ၊ ယုံကြည်ကိုးကွယ်မှုဆိုင်ရာပစ္စည်းများ၊

(ဂ) အများပြည်သူယုံကြည်ကိုးကွယ်ရာ သာသနိကအဆောက်အအုံများ၌ပုံဖော်မွမ်းမံထားသော အင်္ဂတေပန်းလက်ရာများ အပါအဝင် အနုပညာလက်ရာများ၊

(ဃ) ကျောက်၊ ကြေး၊ သံ သို့မဟုတ် သတ္တုတစ်မျိုးမျိုးဖြင့်သော် လည်းကောင်း၊ တိရစ္ဆာန်၏အရိုး၊ အစွယ်၊ ဦးချိုဖြင့်သော် လည်းကောင်း၊ သစ်သား သို့မဟုတ် ဝါးဖြင့်သော်လည်းကောင်း ပြုလုပ်ထားသော လက်နက်ကိရိယာများ၊

(င) ရွှေ၊ ငွေ၊ ကြေး၊ သံ သို့မဟုတ် သတ္တုတစ်မျိုးမျိုးဖြင့် သွန်းထားသော ဒင်္ဂါး၊ မြေသို့မဟုတ် ရွှံ့ဖြင့်ပြုလုပ်ထားသော ဒင်္ဂါးနှင့် ငွေကြေးအဖြစ် အသုံးပြုခဲ့သော ရွှေတိုရွှေစ၊ ငွေတိုငွေစ၊ ရွှေခွက်နှင့် ငွေခွက်များအပါအဝင် ငွေကြေးအဖြစ်ထုထွင်း သွန်းလောင်းထားသော ဝတ္ထုပစ္စည်းများ၊

(စ) ရွှေ၊ ငွေ၊ ကျောက်၊ ကြေး၊ သံ သို့မဟုတ် သတ္တုတစ်မျိုးမျိုးဖြင့် သော်လည်းကောင်း၊ မြေ၊ ရွှံ့၊ အင်္ဂတေ၊ အုတ်၊ ကျောက်၊ သစ်သားဖြင့်သော်လည်းကောင်း၊ တိရစ္ဆာန်၏ အရိုး၊ အစွယ်၊ ဦးချိုဖြင့်သော် လည်းကောင်း ပြုလုပ်ထားသော ရုပ်တု၊ ဆင်းတုနှင့် ရုပ်လုံးရုပ်ကြွများအပါအဝင် ထုဆစ်ထားသော ဝတ္ထုပစ္စည်းများ၊

(ဆ) မြန်မာ့မင်းခမ်းတော်ပစ္စည်းနှင့် နန်းတွင်းအသုံးအဆောင် ပစ္စည်းများ၊

(ဇ) ဝေါယာဉ်၊ ထမ်းစင်၊ ရထားနှင့်လှည်းများအပါအဝင် ခရီးသွား ယာဉ်များ၊

(ဈ) ကျောက်စာ၊ အုတ်ခဲစာ၊ ခေါင်းလောင်းစာ၊ မင်စာ၊ ရွှေပြားစာ၊ ငွေပြားစာ၊ ကြေးပြားစာ၊ စဉ့်ကွင်းစာ၊ အုတ်ခွက်စာ၊ လက်ရေးစာ၊ သားရေပေါ်တွင်ရေးထားသောစာ၊ ပုံနှိပ်စာ၊ ပေ၊ ပုရပိုက်၊ အက္ခရာ၊ တံဆိပ်တုံးနှင့် တံဆိပ်များအပါအဝင် စာပေဆိုင်ရာပစ္စည်းများ၊

(ည) မြန်မာ့ရိုးရာပန်းဆယ်မျိုးတွင် အကျုံးဝင်သော လက်မှု အနုပညာပစ္စည်းများ၊

(ဋ) ဇရပ်အပါအဝင် လူနေအဆောက်အအုံရှိ အနုပညာလက်ရာ အဖြစ် ပုံဖော်ထားသောရုပ်လုံးရုပ်ကြွနှင့် အခြားသစ်ထွင်း လက်ရာများ၊ သတ္တုပုံဖော်လက်ရာပစ္စည်းများ၊ ကျောက်ထွင်း၊ ကျောက်ခြစ်နှင့် မြေထည်များအပါအဝင် အနုပညာလက်ရာ ပစ္စည်းများ၊

(ဌ) ခေါင်းပေါင်း၊ ဦးသျှောင်၊ ခေါင်းပတ်နှင့် အင်္ကျီအဝတ်အစား များအပါအဝင် အဝတ်အထည်များ၊

(ဍ) အမျိုးသား၊ အမျိုးသမီး အဆင်တန်ဆာပစ္စည်းများ၊

(ဎ) အလေး၊ တင်းတောင်းနှင့် ချိန်ခွင်များအပါအဝင် အချိန်အတွယ် အတိုင်းအတာအဖြစ် အသုံးပြုသော ကိရိယာများ၊

(ဏ) ထွန်၊ ထယ်၊ အိုးလက်ခတ်နှင့် ရက်ကန်းလုပ်ငန်းသုံးပစ္စည်းများ အပါအဝင် လူမှုအသုံးအဆောင်ပစ္စည်းများ၊

(တ) မြေအိုး၊ မြေခွက်၊ စဉ့်အိုး၊ စဉ့်ခွက်၊ ကျောက်အိုး၊ ကျောက်ခွက်၊ ကြွေအိုးနှင့်ကြွေခွက်များ၊ ရွှေ၊ ငွေ၊ ကြေး သို့မဟုတ် သတ္တုတစ်မျိုးမျိုးဖြင့် ပြုလုပ်ထားသော အိုး၊ ခွက်ယောက်၊ ပန်းကန်၊ ဇွန်းနှင့် ယွန်းထည်ပစ္စည်းများ အပါအဝင် လူမှုအသုံးအဆောင် ပစ္စည်းများ၊

(ထ) ဗုံ၊ မောင်း၊ ပလွေ၊ နှဲ၊ လင်းကွင်း၊ ကြေးနောင်နှင့် ဆိုင်းဝိုင်းများ အပါအဝင် တူရိယာပစ္စည်းများ၊

(ဒ) ဆင်၊ မြင်း၊ ကျွဲနှင့် နွားများအပါအဝင် တိရစ္ဆာန်များတွင် ဆင်ယင်သောအဆင်တန်ဆာပစ္စည်းများ၊

(ဓ) မြေရုပ်ဒိုးနှင့် ကျောက်ဒိုးများအပါအဝင် မြန်မာ့ရိုးရာ ကလေး ကစားစရာ ပစ္စည်းများ၊

(န) ဝန်ကြီးဌာနက ကွင်းဆင်းစစ်ဆေးပြီး ရှေးဟောင်းဝတ္ထုပစ္စည်း အဖြစ် မှတ်တမ်းထားရှိသည့် အခြားအရာဝတ္ထုပစ္စည်းများ။

## အခန်း(၄)
## ရှေးဟောင်းဝတ္ထုပစ္စည်းများ ကာကွယ်ထိန်းသိမ်းခြင်း၊ အပ်နှံခြင်းနှင့် လက်ခံခြင်း

၅။ ဝန်ကြီးဌာနသည် အောက်ပါတို့ကို ဆောင်ရွက်ရမည်-

(က) ရှေးဟောင်းဝတ္ထုပစ္စည်းများကို ကာကွယ်ထိန်းသိမ်းခြင်း၊ တူးဖော်ခြင်း၊ ရှာဖွေစုဆောင်းခြင်းနှင့် သုတေသနပြုခြင်း၊

(ခ) ရှေးဟောင်းဝတ္ထုပစ္စည်းများ တရားမဝင်သောနည်းများဖြင့် ပြည်ပသို့မရောက်ရှိစေရေးနှင့် ပြည်ပသို့ တရားမဝင်ရောက်ရှိသွားသော ရှေးဟောင်းဝတ္ထုပစ္စည်းများ ပြန်လည်ရရှိရေး တို့ကို ဆောင်ရွက်ခြင်း၊

(ဂ) ရှေးဟောင်းဝတ္ထုပစ္စည်းများကို ပြည်သူလူထုက ဂုဏ်ယူမြတ်နိုးတန်ဖိုးထားလိုသော စိတ်ဓာတ်နှင့် ကာကွယ်ထိန်းသိမ်း လိုသော စိတ်ဓာတ်များဖြစ်ပေါ်ရန် ပညာပေးခြင်း။

၆။ ဝန်ကြီးဌာနသည် ရှေးဟောင်းဝတ္ထုပစ္စည်းတစ်ခုခုနှင့်စပ်လျဉ်း၍ အဓွန့်ရှည်တည်တံ့စေရေးအတွက် အောက်ပါအတိုင်း ဆောင်ရွက်နိုင်သည်-

(က) သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်ညှိနှိုင်း၍ ရှေးဟောင်း ဝတ္ထုပစ္စည်းများကို ကာကွယ်ထိန်းသိမ်းခြင်း၊

(ခ) ရှေးဟောင်းဝတ္ထုပစ္စည်းတစ်ခုခုကို ပြုပြင်မွမ်းမံရန်နှင့် လုံခြုံစွာထိန်းသိမ်းထားရန်အလို့ငှာ ပိုင်ရှင်၏သဘောတူညီချက်ဖြင့် ရွှေ့ပြောင်းထားရှိခြင်း၊

(ဂ) ပိုင်ရှင် သို့မဟုတ် ထိန်းသိမ်းစောင့်ရှောက်သူမရှိသော ရှေးဟောင်းဝတ္ထုပစ္စည်းတစ်ခုခုကို နိုင်ငံတော်ပိုင်အဖြစ် သတ်မှတ်၍ ကာကွယ်ထိန်းသိမ်းခြင်း၊

(ဃ) ရှေးဟောင်းအမွေအနှစ်ဆိုင်ရာ တန်ဖိုးမြင့်မားသည်ဟု နည်းဥပဒေအရ သတ်မှတ်ထားသော ရှေးဟောင်းဝတ္ထုပစ္စည်းများကို အမျိုးသားပြတိုက်နှင့် ယဉ်ကျေးမှုဝန်ကြီးဌာနပြတိုက်များတွင် ထိန်းသိမ်းထားရှိခြင်းနှင့် ခင်းကျင်းပြသခြင်း၊

(င) ဒေသဆိုင်ရာပြတိုက်များတွင် မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်စေသည့် ရှေးဟောင်းဝတ္ထုပစ္စည်းများကို ပြသနိုင်ရန် ညွှန်ကြားခြင်း၊

(စ) နိုင်ငံတော်အတွင်း ဒေသအသီးသီးမှ တွေ့ရှိရသော ရှေးဟောင်းဝတ္ထုပစ္စည်းများကို ထိန်းသိမ်းထားရှိရန်နှင့် ခင်းကျင်းပြသရန် ဝတ္ထုပစ္စည်းနှင့် နေရာရွေးချယ်မှုကို သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့တို့နှင့်ညှိနှိုင်း၍ အတည်ပြုဆုံးဖြတ်ခြင်း။

၇။ ဝန်ကြီးဌာနသည်-

(က) တစ်ဦးဦးက တစ်နည်းနည်းဖြင့် လက်ဝယ်ရရှိသည့် သို့မဟုတ် အမွေဆက်ခံရရှိသည့် ရှေးဟောင်းဝတ္ထုပစ္စည်းကို လာရောက်အပ်နှံပါက နိုင်ငံတော်ပိုင်ပစ္စည်းအဖြစ် သတ်မှတ်လက်ခံ၍ ကာကွယ်ထိန်းသိမ်းထားရှိနိုင်သည်။

(ခ) ပုဒ်မခွဲ(က)အရ အပ်နှံသူအား အကျိုးခံစားခွင့်ရှိသူအဖြစ် သတ်မှတ်၍ ယင်းပစ္စည်းအတွက် ထိုက်တန်သော ကာလတန်ဖိုးအပြင် သမိုင်းယဉ်ကျေးမှုဆိုင်ရာ ထပ်ဆောင်းတန်ဖိုးချီးမြှင့်ငွေကို ပေးအပ်ရမည်။

၈။ (က) ဝန်ကြီးဌာနသည် ရှေးဟောင်းဝတ္ထုပစ္စည်းများကို ထိခိုက်ခြင်း၊ ဆွေးမြည့်ခြင်း၊ ပျက်စီးခြင်း သို့မဟုတ် ရွှေ့ပြောင်းလျှင် ပျက်စီးနိုင်မည့် အန္တရာယ်ရှိသည်ဟု ထင်မြင်ယူဆပါက သက်ဆိုင်ရာပိုင်ရှင် သို့မဟုတ် ပိုင်ဆိုင်ခွင့်ရှိသူထံမှ ထိုက်တန်သော ကာလတန်ဖိုးအပြင် သမိုင်းယဉ်ကျေးမှုဆိုင်ရာ ထပ်ဆောင်းတန်ဖိုးချီးမြှင့်၍ လွှဲပြောင်းရယူပြီး ယဉ်ကျေးမှုအမွေအနှစ်အဖြစ် ကာကွယ်ထိန်းသိမ်းခွင့်ရှိသည်။

(ခ) ပုဒ်မခွဲ (က)အရ ဝန်ကြီးဌာန၏ ဆောင်ရွက်နိုင်ခွင့်သည် အောက်ပါရှေးဟောင်းဝတ္ထုပစ္စည်းများနှင့် သက်ဆိုင်ခြင်း မရှိစေရ -

(၁) ဘာသာရေးအရ ဝတ်ပြုကိုးကွယ်ရာတွင် လက်ရှိအသုံးပြုနေသော ရှေးဟောင်းဝတ္ထုပစ္စည်း၊

(၂) ပိုင်ရှင်က မိမိ သို့မဟုတ် မိမိ၏ဘိုးဘွားစဉ်ဆက် သို့မဟုတ် မိမိ၏မိသားစုတွင် ပါဝင်သူတစ်ဦးဦးနှင့်ပတ်သက်၍ သင့်လျော်သော အကြောင်းပြချက်ဖြင့် ကိုယ်ပိုင်ထိန်းသိမ်းထားရှိလိုသည့် ရှေးဟောင်းဝတ္ထုပစ္စည်း။

၉။ ဝန်ကြီးဌာနသည် ရှေးဟောင်းဝတ္ထုပစ္စည်းများ ကာကွယ်ထိန်းသိမ်းခြင်း၊ အပ်နှံခြင်း၊ လက်ခံခြင်းများနှင့် စပ်လျဉ်းသည့် လုပ်ငန်းတာဝန်များကို ဦးစီးဌာနသို့ လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

## အခန်း(၅)
## ရှေးဟောင်းဝတ္ထုပစ္စည်းကို စစ်ဆေးခြင်း

၁၀။ ဦးစီးဌာနသည်-

(က) ဝတ္ထုပစ္စည်းတစ်ခုခုနှင့် စပ်လျဉ်း၍ ရှေးဟောင်းဝတ္ထုပစ္စည်း စစ်မှန်ခြင်း ရှိ မရှိ စိစစ်ရန်လိုအပ်ပါက နည်းဥပဒေအရ ဖွဲ့စည်းသော ရှေးဟောင်းဝတ္ထုပစ္စည်း စစ်ဆေးရေးအဖွဲ့ကို စစ်ဆေးစေပြီး အဆုံးအဖြတ်ပေးရမည်။

(ခ) ပုဒ်မခွဲ(က)အရ ဆောင်ရွက်ရာတွင် အငြင်းပွားမှု ထပ်မံပေါ်ပေါက်လျှင် ဝန်ကြီးဌာနက ဖွဲ့စည်းထားသော ပညာရှင်အဖွဲ့သို့တင်ပြ၍ အဆုံးအဖြတ်ခံယူရမည်။

၁၁။ ရှေးဟောင်းဝတ္ထုပစ္စည်း စစ်မှန်ခြင်း ရှိ မရှိနှင့်စပ်လျဉ်း၍ ပုဒ်မ ၁၀၊ ပုဒ်မခွဲ(ခ)အရ ဦးစီးဌာန၏ တင်ပြချက်အပေါ် ဝန်ကြီးဌာန၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်စေရမည်။

## အခန်း(၆)
## ရှေးဟောင်းဝတ္ထုပစ္စည်းတွေ့ရှိကြောင်း သတင်းပို့ခြင်း

၁၂။ ပိုင်ရှင် သို့မဟုတ် ထိန်းသိမ်းစောင့်ရှောက်သူမရှိသော ဝတ္ထုပစ္စည်း တစ်ခုခုကို တွေ့ရှိသူသည် အဆိုပါဝတ္ထုပစ္စည်းများမှာ ရှေးဟောင်း ဝတ္ထုပစ္စည်းဖြစ်ကြောင်းသိရှိလျှင် သို့မဟုတ် ယူဆရန်အကြောင်း ရှိလျှင် သက်ဆိုင်ရာရပ်ကွက်နှင့် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး သို့ဆောလျင်စွာ သတင်းပို့ရမည်။

၁၃။ (က) ပုဒ်မ ၁၂ အရ သတင်းပေးပို့ချက်ကို လက်ခံရရှိလျှင် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးသည် အဆိုပါဝတ္ထုပစ္စည်းကို လိုအပ်သလို ထိန်းသိမ်းစောင့်ရှောက်၍ ၁၄ ရက်အတွင်း သက်ဆိုင်ရာ မြို့နယ်အုပ်ချုပ်ရေးရုံးသို့ ဆက်လက်သတင်းပို့ရမည်။ မြို့နယ်အုပ်ချုပ်ရေးမှူးသည် လိုအပ်သည်များကို ချက်ချင်းဆောင်ရွက်၍ သတင်းလက်ခံရရှိသည့် နေ့ရက်မှ ၇ ရက်အတွင်း ဦးစီးဌာနသို့ အကြောင်းကြားရမည်။

စာမျက်နှာ ၁၇ သို့

*စာမျက်နှာ ၁၆ မှ*

(ခ) ဦးစီးဌာနသည် ပုဒ်မခွဲ(က)အရ အကြောင်းကြားချက်ကို ရရှိသည့်အခါ ရှေးဟောင်းဝတ္ထုပစ္စည်း စစ်မှန်ခြင်းရှိ မရှိ စစ်ဆေးခြင်းနှင့် လိုအပ်သလို ထိန်းသိမ်းစောင့်ရှောက်ခြင်း သို့မဟုတ် ထိန်းသိမ်းစောင့်ရှောက်စေခြင်းတို့ကို သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရမည်။

**အခန်း(၇)**

**ရှေးဟောင်းဝတ္ထုပစ္စည်းနှင့်စပ်လျဉ်း၍ ခွင့်ပြုချက် လျှောက်ထားခြင်း**

၁၄။ (က) အောက်ပါတစ်ခုခုကို ဆောင်ရွက်လိုသောဌာန၊ အဖွဲ့အစည်း တစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးသည် ခွင့်ပြုချက်ရရှိရန် ဦးစီးဌာန သို့မဟုတ် ဦးစီးဌာနက လွှဲအပ်တာဝန်ပေးခြင်း ခံရသည့်ဌာနသို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်-

(၁) ရှေးဟောင်းဝတ္ထုပစ္စည်းကို မြေပေါ်မြေအောက်၊ ရေပေါ်ရေအောက်မှ တူးဖော်ခြင်း သို့မဟုတ် ရှာဖွေခြင်း၊

(၂) နိုင်ငံအချင်းချင်းယဉ်ကျေးမှုဖလှယ်ရေး အစီအစဉ်အရ ပြပွဲတွင်ခင်းကျင်းပြသရန်၊ သုတေသနပြုရန် သို့မဟုတ် ကာကွယ်ထိန်းသိမ်းခြင်းပြုရန် အလို့ငှာ ရှေးဟောင်းဝတ္ထုပစ္စည်းကို ပြည်ပသို့ သယ်ယူခြင်း သို့မဟုတ် ပို့ဆောင်ခြင်း၊

(၃) ရှေးဟောင်းဝတ္ထုပစ္စည်းကို ပြည်တွင်းတွင် တစ်နေရာမှ တစ်နေရာသို့ သယ်ယူခြင်း သို့မဟုတ် ပို့ဆောင်ခြင်း၊

(၄) ဦးစီးဌာန၏ လက်ဝယ်တွင် ထိန်းသိမ်းထားသော ရှေးဟောင်းဝတ္ထုပစ္စည်းများကို စီးပွားရေးအလို့ငှာ ရှေးဟောင်းဝတ္ထုပစ္စည်း၏ပုံကို ဓာတ်ပုံ၊ ဗီဒီယို သို့မဟုတ်ရုပ်ရှင်ရိုက်ကူးခြင်း၊ မိတ္တူပွားယူခြင်း သို့မဟုတ်ပုံတူပွားခြင်း၊ ပုံတူကူးယူခြင်း။

(ခ) ဦးစီးဌာန သို့မဟုတ် ဦးစီးဌာနက လွှဲအပ်တာဝန်ပေးခြင်း ခံရသည့် ဌာနသည် ပုဒ်မခွဲ (က)အရ လျှောက်ထားချက်ကို သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီးခွင့်ပြုချက် ထုတ်ပေးခြင်း သို့မဟုတ် ခွင့်ပြုချက်ထုတ်ပေးရန် ငြင်းပယ်ခြင်းပြုနိုင်သည်။

**အခန်း (၈)**

**ပြစ်မှုနှင့် ပြစ်ဒဏ်များ**

၁၅။ မည်သူမဆို ရှေးဟောင်းဝတ္ထုပစ္စည်းကို ခွင့်ပြုချက်မရှိဘဲ ပြည်ပသို့ သယ်ယူခြင်း သို့မဟုတ် ပို့ဆောင်ခြင်းပြုကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးငါးနှစ်မှ အများဆုံး ၁၀ နှစ်အထိထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံးကျပ်သိန်းငါးဆယ်မှ အများဆုံး ကျပ်သိန်းတစ်ရာအထိငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။ ထို့ပြင် ပြစ်မှုနှင့်အကျုံးဝင်သည့် သက်သေခံရှေးဟောင်းဝတ္ထုပစ္စည်းကို နိုင်ငံ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်။

၁၆။ မည်သူမဆို ရှေးဟောင်းဝတ္ထုပစ္စည်းကို မူလပုံစံပျက်ယွင်းစေခြင်း၊ ဖျက်ဆီးခြင်း၊ ခွင့်ပြုချက်မရှိဘဲ မြေပေါ်မြေအောက်၊ ရေပေါ်ရေအောက်မှ တူးဖော်ခြင်း သို့မဟုတ် ရှာဖွေခြင်းပြုကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး သုံးနှစ်မှ အများဆုံး ခုနစ်နှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်သိန်းသုံးဆယ်မှ အများဆုံး ကျပ်သိန်းငါးဆယ်အထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။ ထို့ပြင် ပြစ်မှုနှင့်အကျုံးဝင်သည့် သက်သေခံရှေးဟောင်းဝတ္ထုပစ္စည်းကို နိုင်ငံ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်။

၁၇။ မည်သူမဆို ရှေးဟောင်းဝတ္ထုပစ္စည်းကို စီးပွားရေးအလို့ငှာ ရောင်းချရန်ရည်ရွယ်ချက်ဖြင့် စုဆောင်းထားရှိခြင်း၊ လက်ဝယ်ထားရှိခြင်း၊ ရောင်းချခြင်း သို့မဟုတ် ဝယ်ယူခြင်းပြုကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးနှစ်နှစ်မှ အများဆုံးငါးနှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်တစ်ဆယ့်ငါးသိန်းမှ အများဆုံး ကျပ်သိန်းသုံးဆယ်အထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။ ထို့ပြင် ပြစ်မှုနှင့်အကျုံးဝင်သည့် သက်သေခံရှေးဟောင်းဝတ္ထုပစ္စည်းကို နိုင်ငံ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်။

၁၈။ မည်သူမဆို ပုဒ်မ ၁၄၊ ပုဒ်မခွဲ (ခ) အရ ခွင့်ပြုချက်မရှိဘဲ အောက်ပါပြုလုပ်မှုတစ်ခုခုကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးတစ်နှစ်မှ အများဆုံးသုံးနှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံးကျပ်သုံးသိန်းမှ အများဆုံး ကျပ်ငါးသိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေချမှတ်ရမည်။ ထို့ပြင် ပြစ်မှုနှင့် အကျုံးဝင်သည့် သက်သေခံရှေးဟောင်းဝတ္ထုပစ္စည်းကို နိုင်ငံ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်-

(က) ရှေးဟောင်းဝတ္ထုပစ္စည်းကို ပြည်တွင်းတစ်နေရာမှတစ်နေရာသို့သယ်ယူခြင်း သို့မဟုတ် ပို့ဆောင်ခြင်း၊

(ခ) ဦးစီးဌာန၏လက်ဝယ်တွင် ထိန်းသိမ်းထားရှိသော ရှေးဟောင်းဝတ္ထုပစ္စည်းများကို စီးပွားရေးအလို့ငှာ ရှေးဟောင်းဝတ္ထုပစ္စည်း၏ပုံကို ဓာတ်ပုံ၊ ဗီဒီယို သို့မဟုတ် ရုပ်ရှင်ရိုက်ကူးခြင်း၊ မိတ္တူပွားယူခြင်း သို့မဟုတ် ပုံတူပွားခြင်း၊ ပုံတူကူးယူခြင်း။

၁၉။ မည်သူမဆို ရှေးဟောင်းဝတ္ထုပစ္စည်းနှင့်စပ်လျဉ်း၍ ပုဒ်မ ၁၂ ပါ ပြဋ္ဌာန်းချက်ကိုဖောက်ဖျက်၍ သတင်းပေးပို့ရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးခြောက်လမှ အများဆုံးတစ်နှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်တစ်သိန်းမှ အများဆုံးကျပ်သုံးသိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၂၀။ မည်သူမဆို ဤဥပဒေပါ ပြစ်မှုတစ်ခုခုကို ကျူးလွန်ရန်အားထုတ်ခြင်း၊ ပူးပေါင်းကြံစည်ခြင်း သို့မဟုတ် ပြစ်မှုကျူးလွန်ရာတွင် အားပေးကူညီခြင်းပြုကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သက်ဆိုင်ရာကျူးလွန်သည့်ပြစ်မှုအတွက် ဤဥပဒေတွင် ပြဋ္ဌာန်းထားသော ပြစ်ဒဏ်ကို ချမှတ်ရမည်။

**အခန်း (၉)**

**အထွေထွေ**

၂၁။ ဝန်ကြီးဌာနသည် ရှေးဟောင်းဝတ္ထုပစ္စည်းနှင့်စပ်လျဉ်း၍ မူလပိုင်ရှင်ရှိသော ယဉ်ကျေးမှုအမွေအနှစ်ပစ္စည်းများကို တရားမဝင်တင်သွင်းမှု၊ တင်ပို့မှုနှင့် လွှဲပြောင်းမှုတားဆီးကာကွယ်ရေး ကွန်ဗင်းရှင်းနှင့်အညီ -

(က) မူလပိုင်ဆိုင်သူဖြစ်ကြောင်း အထောက်အထားခိုင်လုံစွာ တင်ပြတောင်းခံလာသော နိုင်ငံတစ်ခုခု၊ ဌာန၊ အဖွဲ့အစည်း တစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးအား အဆိုပါပစ္စည်းကို ဥပဒေနှင့်အညီ ပြန်လည်လွှဲပြောင်းပေးအပ်နိုင်သည်။

(ခ) မည်သည့်နိုင်ငံ၊ ဌာန၊ အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်ကမျှ တင်ပြတောင်းခံခြင်းမရှိလျှင် ယင်းပစ္စည်းကို နိုင်ငံတော်ပိုင်အဖြစ်သိမ်းယူပြီး သင့်လျော်သလို စီမံခန့်ခွဲဆောင်ရွက်နိုင်သည်။

(ဂ) ပြည်ပနိုင်ငံများသို့ရောက်ရှိနေသည့် မြန်မာ့မူရင်းဖြစ်သော ရှေးဟောင်းဝတ္ထုပစ္စည်းများအား ပြန်လည်တောင်းခံနိုင်သည်။

၂၂။ ဝန်ကြီးဌာနသည် ရှေးဟောင်းဝတ္ထုပစ္စည်းတည်ရှိသည်ဟု ပေါ်ပေါက်သောမြေကို သို့မဟုတ် ထိုမြေ၏ တစ်စိတ်တစ်ဒေသကို တည်ဆဲဥပဒေနှင့်အညီ နိုင်ငံတော်အကျိုးငှာ ထိန်းသိမ်းစောင့်ရှောက်နိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာန၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့တို့နှင့် ညှိနှိုင်းဆောင်ရွက်ရမည်။

၂၃။ ရှေးဟောင်းဝတ္ထုပစ္စည်းတစ်ခုခုတွေ့ရှိပြီး သတင်းပို့သူ သို့မဟုတ် အပ်နှံသူအား ယင်းပစ္စည်းနှင့်စပ်လျဉ်း၍ ပိုင်ရှင်ဟု မှတ်ယူခြင်းမပြုဘဲ အကျိုးခံစားခွင့်ရှိသူဟုသာ မှတ်ယူရမည်။

၂၄။ ဝန်ကြီးဌာနသည် ရှေးဟောင်းဝတ္ထုပစ္စည်းကို ကာကွယ်ထိန်းသိမ်းခြင်းပြုနိုင်ရန်ဖြစ်စေ၊ ရှေးဟောင်းဝတ္ထုပစ္စည်းကို ဝယ်ယူရန်ဖြစ်စေ စေတနာအလျောက် လှူဒါန်းသောငွေကို လက်ခံထိန်းသိမ်းပြီး ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းနှင့်အညီ စီမံခန့်ခွဲနိုင်သည်။

၂၅။ ပုဒ်မ ၁၉ ပါ ပြစ်မှုကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုအဖြစ် သတ်မှတ်သည်။

၂၆။ ဤဥပဒေအရ တရားစွဲဆိုတင်ပို့သော ပြစ်မှုတစ်ရပ်ရပ်နှင့် သက်ဆိုင်သည့် သက်သေခံပစ္စည်းသည် တရားရုံးရှေ့သို့တင်ပို့ရန် မလွယ်ကူသော ပစ္စည်းဖြစ်ပါက ယင်းသက်သေခံပစ္စည်းကို တရားရုံးရှေ့သို့ တင်ပို့ရန်မလိုဘဲ မည်ကဲ့သို့ ထိန်းသိမ်းထားကြောင်း အစီရင်ခံစာ သို့မဟုတ် သက်ဆိုင်ရာ အခြားစာရွက်စာတမ်း အထောက်အထားများဖြင့် တင်ပြနိုင်သည်။ ယင်းသို့တင်ပြခြင်းကို တရားရုံးရှေ့သို့ သက်သေခံပစ္စည်း တင်ပြဘိသကဲ့သို့ မှတ်ယူကာ သက်ဆိုင်ရာ တရားရုံးက ဥပဒေနှင့်အညီ စီမံခန့်ခွဲသည့် အမိန့်ချမှတ်ရမည်။

၂၇။ ဤဥပဒေဖြင့် ရုပ်သိမ်းသည့် ၁၉၅၇ ခုနှစ်၊ ရှေးဟောင်းဝတ္ထုပစ္စည်းများ အက်ဥပဒေအရ ထုတ်ပြန်ခဲ့သော နည်းဥပဒေများ၊ အမိန့်များနှင့် ညွှန်ကြားချက်များကို ဤဥပဒေနှင့် မဆန့်ကျင်သရွေ့ ဆက်လက်ကျင့်သုံးနိုင်သည်။

၂၈။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် -

(က) ဝန်ကြီးဌာနသည်နည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနသည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကိုလည်းကောင်း၊ ဦးစီးဌာနသည် အမိန့်နှင့်ညွှန်ကြားချက်ကို လည်းကောင်း ထုတ်ပြန်နိုင်သည်။

၂၉။ ၁၉၅၇ ခုနှစ်၊ ရှေးဟောင်းဝတ္ထုပစ္စည်းများ အက်ဥပဒေကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

**ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။**

**(ပုံ) သိန်းစိန်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

# နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း

**နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေ**

**(၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၄၄ ။)**

**၁၃၇၇ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၆ ရက်**

**(၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၂၂ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဥပဒေ ပုဒ်မ ၂ တွင် ပုဒ်မခွဲ (စ)ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(စ) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရနယ်စပ်ရေးရာဝန်ကြီးဌာနကို ဆိုသည်။"

၃။ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ ပုဒ်မ ၇ ၏နောက်တွင် ပုဒ်မ ၇-က အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"၇-က။ လုပ်ငန်းကော်မတီက ဆုံးဖြတ်ခြင်းမပြုနိုင်သော ကိစ္စများ ပေါ်ပေါက်ပါက ဗဟိုကော်မတီသို့ တင်ပြဆောင်ရွက်ရမည်။"

၄။ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ ပုဒ်မ ၈၊ ပုဒ်မခွဲ (ဆ)၏ နောက်တွင် ပုဒ်မခွဲ(ဆ-၁)နှင့် ပုဒ်မခွဲ(ဆ-၂) တို့အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"(ဆ-၁) တိုင်းရင်းသားလူမျိုးများ၏ သဘောဆန္ဒနှင့်အညီ တိုင်းရင်းသားလူမျိုးရေးရာကိစ္စရပ်များကို အလေးထားဆောင်ရွက်ပေးခြင်း၊

(ဆ-၂) ဒေသဖွံ့ဖြိုးရေးကို ပြန်လည်တာဝန်ထမ်းဆောင်နိုင်သည့် လူ့စွမ်းအားအရင်းအမြစ်ကောင်းများ မွေးထုတ်ပေးရန်အတွက် နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များအား အခြေခံနှင့် အဆင့်မြင့်ပညာရပ်များ သင်ကြားပေးရန် စီမံဆောင်ရွက်ခြင်း။"

**ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။**

**(ပုံ) သိန်းစိန်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

# ဥက္ကဋ္ဌဖလားအလွတ်တန်းဘောလုံးနှင့် အားကစားပြိုင်ပွဲကျင်းပ

**မူဆယ် ဇူလိုင် ၂၄**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ခရိုင်တွင် မြို့နယ်အဆင့်အားကစားဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်ဖြင့် မူဆယ်မြို့နယ် အားကစားနှင့်ကာယပညာဦးစီးဌာနက ကျင်းပသည့် ၂၀၁၅ ခုနှစ် ဥက္ကဋ္ဌဖလားဘောလုံးပြိုင်ပွဲ၊ ပိုက်ကျော်ခြင်း၊ ပြေးခုန်ပစ်အားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၂၁ ရက်က မူဆယ်မြို့ရှိ ပြည်ထောင်စု အားကစားကွင်း၌ ကျင်းပသည်။

ပြိုင်ပွဲသို့ အသင်း(၁၀)သင်းဖြင့် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး ဘောလုံးပြိုင်ပွဲ အဖွင့်ပွဲစဉ်တွင် မန့်မိုင်အသင်းနှင့် တော်ရွက်အသင်းတို့ကလည်းကောင်း၊ ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် မေကျော်အသင်းနှင့် တောင်ငူအသင်းတို့က လည်းကောင်း ယှဉ်ပြိုင်ခဲ့ကြပြီး ဩဂုတ် ၁ ရက်အထိ ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

**အယ်လ်စိုး(မူဆယ်)**



# မိုးကောင်းမြို့နယ်အတွင်း ရေဘေးဒုက္ခသည်များအား ထောက်ပံ့ပစ္စည်းများပေးအပ်

**မြစ်ကြီးနား ဇူလိုင် ၂၄**

ကချင်ပြည်နယ်၌ ဇူလိုင် ၁၇ ရက်မှ မိုးစတင်ရွာသွန်းခဲ့ပြီး နန့်ရင်းချောင်းနှင့် နန့်ကောင်းချောင်းတို့မှာ စိုးရိမ်ရေမှတ်ထက် ကျော်လွန်၍ မြင့်တက်ခဲ့သဖြင့် ရေလွှမ်းမိုးမှု ဖြစ်ပွားခဲ့ရာ မိုးကောင်းမြို့နယ်အတွင်း ပြည်နယ်လူမှုရေးဝန်ကြီး ဒေါ်ဘောက်ဂျာနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ရေလွှမ်းမိုးမှု အခြေအနေများနှင့် ရေဘေးကယ်ဆယ်ရေးစခန်းများ၊ နယ်မြေ တိမ်းရှောင်လာသော မိသားစုဝင်များ၏ (IDP)စခန်းများ၊ အခြေခံပညာကျောင်းများသို့ လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး ထောက်ပံ့ပစ္စည်းများ ပေးအပ်ကြသည်။



ထို့နောက် လူမှုရေးဝန်ကြီး ဒေါ်ဘောက်ဂျာသည် တာဝန်ရှိသူများနှင့်အတူ ဇူလိုင် ၁၉ ရက်တွင် မိုးကောင်းသာသနာ့ဗိမာန် ယာယီဆေးကုသဆောင်သို့ သွားရောက်၍ ဆေးကုသမှုခံယူနေသော လူနာများအား အာဟာရနို့ဘူးများ ပေးအပ်ခဲ့ပြီး တရုတ်ဘုံကျောင်း၊ ကွမ်းတိုကျောင်း၊ အရှေ့ရပ်ကွက်ဓမ္မာရုံနှင့် တပ်ဦးကျောင်းတိုက်များ၌ ဖွင့်လှစ်ထားသော ယာယီကယ်ဆယ်ရေးစခန်းများရှိ အိမ်ထောင်စု ၁၀၀ ကျော်အား ပြည်နယ်အစိုးရအဖွဲ့မှ ဆန်အိတ် အလုံး ၅၀၊ ရေသန့်ဘူးများနှင့် ခေါက်ဆွဲထုတ်များ၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ ငွေကျပ် ၁၅၄၁၂၅၀ တန်ဖိုးရှိ ကယ်ဆယ်ရေးပစ္စည်းများ၊ ပြည်နယ်ကြက်ခြေနီတပ်ဖွဲ့မှ အိမ်ထောင်စုသုံး ကယ်ဆယ်ရေးပစ္စည်းများကို ထောက်ပံ့ပေးအပ်ခဲ့ကြသည်။

**(ပြည်နယ်ပြန်/ဆက်)**

# အခွန်ပေးဆောင်ရန် ကျန်ရှိသူများ သတ်မှတ်ရက်အတွင်း ပေးဆောင်ရန် နှိုးဆော်ထား

**မန္တလေး ဇူလိုင် ၂၄**

ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်ဦးစီးဌာနသို့ တစ်ဦးချင်းပုဂ္ဂိုလ်များ၊ ပုဂ္ဂိုလ်စုများ၊ ကုမ္ပဏီများမှ နှစ်အဆက်ဆက် အခွန်မပြေ ကျန်ငွေများ၊ အခွန်ကြွေးကျန်များအဖြစ် ပေးသွင်းရန် ကျန်နေသူများအား သတ်မှတ်ရက်အတွင်း မပေးသွင်းပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး ဘဏ္ဍာရေးဝန်ကြီးဌာနမှ စုံစမ်းသိရှိရသည်။

ပြည်တွင်းအခွန်ဦးစီးဌာနသည် နိုင်ငံတော်၏ အခွန်ငွေ အပြည့်အဝရရှိရေးနှင့် အခွန်ထမ်းပြည်သူများ အခွန်ကြွေးကျန်များ မဖြစ်ပေါ်စေရေးနှင့် သတ်မှတ်အချိန်ကာလအတိုင်း ပေးဆောင်ရေးတို့အတွက် ကွင်းဆင်း ကာအကြိမ်ကြိမ်စည်းရုံးပြီး ကောက်ခံလျက်ရှိသော်လည်း အခွန်ထမ်းပြည်သူအချို့က ပေးသွင်းခြင်းမရှိသောကြောင့် အခွန်မပြေကျန်ငွေများ၊ အခွန်ကြွေးကျန်များ ပေးဆောင်ရန် ကျန်ရှိနေကြောင်း တိုင်းဒေသကြီး ပြည် တွင်းအခွန်ဦးစီးဌာနမှ သိရှိရသည်။ နှစ်အဆက်ဆက် အခွန်မပြေ ကျန်ငွေများ၊ အခွန်ကြွေးကျန်များ ကျန်ရှိနေသော တစ်ဦးချင်းပုဂ္ဂိုလ်များ၊ ပုဂ္ဂိုလ်စုများ၊ ကုမ္ပဏီများ၊ အခွန်ထမ်းများအား ပြည်တွင်းအခွန်ဦးစီးဌာနမှ သတ်မှတ်ရက်အတွင်း ပေးဆောင်နိုင်ရန်အတွက် နှိုးဆော်တိုက်တွန်းမှုများကို ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။ **ထွန်းထွန်းနိုင်(ကျောက်ဆည်)**

# မိုးရာသီလျှပ်စစ်အန္တရာယ်ကင်းရှင်းရေး ဆိုင်းဘုတ်ပိုစတာနှင့် နံရံကပ်ဗီနိုင်းများစိုက်ထူ



**မိုးညှင်း ဇူလိုင် ၂၄**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် အင်းတော်ကြီးဒေသ နန့်မွန်းကျေးရွာတွင် ဇူလိုင် ၂၂ ရက်က မိုးရာသီ လျှပ်စစ်အန္တရာယ် ကင်းရှင်းရေးအတွက် ဆိုင်းဘုတ် ပိုစတာနှင့် နံရံကပ်ဗီနိုင်းများ စိုက်ထူကာ အိမ်တိုင်ရာရောက် လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြကြောင်း သိရသည်။

ထိုသို့ ဖြန့်ဝေရာတွင် နန့်မွန်းမြို့နယ် လျှပ်စစ်မှူးဦးဝင်းမော်နှင့် ဝန်ထမ်းများက နန့်မွန်းကျေးရွာအတွင်းရှိ ထရန်စဖော်မာများ၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးနှင့် အများပြည်သူများ ထင်သာမြင်သာနေရာများဖြစ်သော လမ်းဆုံလမ်းခွများတွင် ဆိုင်းဘုတ် ပိုစတာနှင့် နံရံကပ်ဗီနိုင်းများကို စိုက်ထူခဲ့ကြပြီး ကျေးရွာအတွင်းရှိ လျှပ်စစ်မီးသုံးစွဲကြသော အိမ်ထောင်စုဝင်များသို့ မိုးရာသီတွင် လျှပ်စစ်အန္တရာယ်ကင်းရှင်းစွာ အသုံးပြုနိုင်ရေးအတွက် အသိပညာပေး ပြောကြားခဲ့ကြောင်း သိရသည်။ **နီတိုး**

# ကျောက်ပုံကုန်းကျေးရွာတွင် မိုးစပါးဖြစ်ထွန်းအောင်မြင်

**သာစည် ဇူလိုင် ၂၄**

သာစည်မြို့နယ် ကျောက်ပုံကုန်းကျေးရွာ၌ မြစိမ်းရောင်စီမံကိန်း အရင်းမပျောက် မတည်ရင်းနှီးငွေဖြင့် တောင်သူဦးချစ်ဆန်းစိုက်ပျိုးထားသည့် လယ်မြေ လေးဧကတွင် အခြောက်ပွားသုခထွန်းမျိုးစပါး အောင်မြင်ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ ဖြစ်ထွန်းအောင်မြင်နေမှုကို ဇူလိုင် ၂၃ ရက်က ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးစောမြဝင်းနှင့်အဖွဲ့က ကွင်းဆင်းလေ့လာကြသည်။ **(အောက်ပုံ)**

"ယခုနှစ်မိုးစပါး လေးဧက စိုက်ထားပါတယ်။ အစောပိုင်း မုန်တိုင်းမိုးရွာစက ရေလျှောင်ပြီးပျိုးထောင်စိုက်ပျိုးထားတာပါ။ စပါးမျိုးက သုခထွန်းစပါးမျိုးပါ။ စပါးတစ်တင်းကိုငွေကျပ် ၇၀၀၀ နဲ့ စပါးခုနစ်တင်းဝယ်ပြီး စိုက်ပျိုးထားတာပါ။ မိုးမရွာပေမယ့် ဒီစပါးက ရေငတ်ခံစပါးမျိုးဆိုတော့ ကျွန်တော်တို့က သိပ်မကြောက်ပါဘူး။ အခု စပါးပင်တွေက အခြောက်ပွားပွားနေတာ စိုက်တုန်းက နှစ်ပင်နှုန်းစိုက်ထားတာ ပင်ပွားကောင်းတဲ့မျိုးပါ။ မိုးနည်းရေရှားဒေသတွေနဲ့ လိုက်ဖက်တဲ့စပါးမျိုးပါ။ ကျွန်တော်တို့အရပ်ဒေသက တောင်သူတွေ စိုက်သင့်ပါတယ်။ မိုးမရွာလည်း နောက်ပိုင်းလိုအပ်မယ့် ရေကို နိုင်ငံတော်က လယ်တွေထဲမှာ တူးဖော်ပေးထားတဲ့ စက်ရေတွင်းတွေရှိတယ်။ ဒီတော့ ဒီဇယ်ဆီအကုန်ခံပြီး စက်မောင်းရေသွင်းတဲ့အတွက် စပါးအောင်မြင်ထွက်ရှိအောင် လုပ်ကိုင်သွားမှာပါ"ဟု ကျောက်ပုံကုန်းကျေးရွာမှ မြစိမ်းရောင်စီမံကိန်းဝင် အသင်းသားဖြစ်သူ တောင်သူဦးချစ်ဆန်းက ပြောသည်။

**မောင်ကို(သာစည်)**



# နတ်တလင်း၌ ချေးငွေများထုတ်ချေး

**နတ်တလင်း ဇူလိုင် ၂၄**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့နယ် သမဝါယမအသင်းစုမှ ဇူလိုင် တတိယပတ်က မြို့နယ်အတွင်းရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အထွေထွေစီးပွားရေးအသင်းသားများအား အတိုးနှုန်းသက်သာစွာဖြင့် တစ်ဦးလျှင် စုငွေ ကျပ် ၅၀၀၀ ထည့်ဝင်ပြီး ငွေကျပ်တစ်သိန်းစီ ထုတ်ချေးပေးခဲ့ရာ အတိုးနှုန်းမှာ တစ်ကျပ် နှစ်ဆယ့်ငါးပြားနှုန်းဖြစ်ပြီး တာပွန်ကျေးရွာရှိ လယ်သမားအသင်းသား ၂၃၅ ဦးတို့ကို မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်စိုးစိုးဌေးနှင့်အဖွဲ့တို့က တာပွန်တိလောကမာရဇိန် ရွှေသာလျောင်းဘုရားကြီး ဓမ္မာရုံ၌ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

နတ်တလင်းမြို့နယ်တွင် စိုက်ပျိုးရေးနှင့် အထွေထွေအသင်း ၆၆ သင်း၊ မွေးမြူရေးအသင်း(အသင်းဟောင်း) လေးသင်း၊ မွေးမြူရေးနှင့်အထွေထွေစီးပွားရေးအသင်းခုနစ်သင်း စုစုပေါင်း ၇၈ သင်းရှိပြီး အသင်းသား ၄၂၆၃ ဦးကို ထုတ်ချေးသွားမည်ဖြစ်ကြောင်း သိရသည်။ **တင်မြင့်(နတ်တလင်း)**

# ပြည်သူ့ကျန်းမာရေး ပူးပေါင်းဆောင်ရွက်ရန် မလေးရှားဆေးကျောင်းသား ကျောင်းသူများရောက်ရှိ

**ကျောင်းကုန်း ဇူလိုင် ၂၄**

မြန်မာနိုင်ငံနှင့်အပြည်ပြည်ဆိုင်ရာဆေးတက္ကသိုလ်(မလေးရှား)ပြည်သူ့ကျန်းမာရေး ပူးပေါင်းဆောင်ရွက်ရန် ဆေးတက္ကသိုလ် (မလေးရှား)အဖွဲ့သည် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်းမြို့ ပြည်သူ့ဆေးရုံသို့ ဇူလိုင် ၂၂ ရက်က ရောက်ရှိလာရာ မြို့နယ်ကျန်းမာရေးဦးစီးမှူး ဒေါက်တာအေးနိုင်က ကြိုဆိုပြီး မြို့နယ်အချက်အလက်များကို ပရိုဂျက်တာနှင့်ရှင်းလင်းပြောကြားခဲ့သည်။

မလေးရှားဆေးတက္ကသိုလ်မှ မြန်မာအမျိုးသမီး ဒေါက်တာနီနီဝင်းနှင့် ဒေါက်တာထားထားအောင်တို့ခေါင်းဆောင်သော မလေးရှားဆေးကျောင်းသားကျောင်းသူ ၃၄ဦးအဖွဲ့သည် ကျောင်းကုန်းမြို့နယ် ဝက်ချောင်းတိုက်နယ်ဆေးရုံသို့ မွန်းလွဲ ၂ နာရီခွဲက ဆက်လက်ထွက်ခွာခဲ့သည်။ ဇူလိုင် ၂၂ ရက်မှ ဇူလိုင် ၂၆ ရက်ထိ ဝက်ချောင်းကျေးရွာတွင် လူကြီးများအား ကျန်းမာရေးစစ်ဆေးခြင်း၊ ကလေးများအား နို့တိုက်ကျွေးခြင်း၊ အာဟာရစစ်ခြင်း၊ သွားကျန်းမာရေးစစ်ခြင်း၊ ကလေးများအား အင်္ဂလိပ်စာနှင့်သင်္ချာသင်ပေးခြင်း စသည့်လုပ်ငန်းများကို လေး ရက်ကြာပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**

# ကျောင်းတွင်းရောင်းချသည့် အစားအသောက်များ သန့်ရှင်းလတ်ဆတ်မှုရှိစေရေးကွင်းဆင်းစစ်ဆေး




**သီပေါ ဇူလိုင် ၂၄**

မိုးရာသီတွင်ဖြစ်ပေါ်တတ်သည့် သွေးလွန်တုပ်ကွေးရောဂါနှင့် ဝမ်းပျက် ဝမ်းလျှောရောဂါများ ကြိုတင်ကာကွယ်ရေးအတွက် ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နယ် ကျန်းမာရေးကြီးကြပ်မှုကော်မတီ၏ ဦးဆောင်မှုဖြင့် တာဝန်ရှိသူများ ပူးပေါင်း၍ ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်း၊ ရေတွင်းရေကန်များ အဘိတ်ဆေး ခတ်ခြင်း၊ ခြင်ဆေးဖျန်းခြင်းနှင့် သွေးလွန်တုပ်ကွေးရောဂါနှင့် ပတ်သက်သည်များ အသိပေးခြင်းတို့ကို မြို့ပေါ်ရပ်ကွက်များ၊ စာသင်ကျောင်းများသို့ သွားရောက်ပြီး အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိသည်။

ဇူလိုင် ၂၀ ရက်က သီပေါမြို့ အလက (၂) ကျောင်းတွင် မြို့နယ်အထောက်အကူပြု ကော်မတီဥက္ကဋ္ဌ ဦးအောင်ခင်၊ မြို့နယ်စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ဝင်း၊ မြို့နယ်ပညာရေးမှူး၊ မြို့နယ်ဆေးရုံအုပ် ဆရာဝန်ကြီး၊ ကျောင်းအုပ်ဆရာမကြီးနှင့် တာဝန်ရှိသူများက ဝမ်းနူးစာများ မရောင်းချရေး၊ သန့်ရှင်းသော အစားအစာများသာရောင်းချရေးတို့ကို ကွင်းဆင်းကြည့်ရှုစစ်ဆေးကြကြောင်း သိရသည်။ စာသင်ကျောင်းများတွင် ရောင်းချသော ဈေးသည်များသည် သန့်ရှင်း လတ်ဆတ်သောအသီးအနှံများနှင့် စားသောက်ဖွယ်ရာများကိုသာ ရောင်းချရန်သင့်ကြောင်း ကျောင်းသား မိခင်တစ်ဦးက ပြောကြားသည်။

**စိုင်း(သီပေါ)**

**နိုင်ငံ အဝန်း သစ်တော စွမ်းဖြင့် စိမ်းလန်း စေရမည်**

# လီဗာပူးတိုက်စစ်ကိုဦးဆောင်မယ့် ဘင်တီကီ

စတာလင်းထွက်ခွာသွားပြီးနောက် လီဗာပူးအသင်းအနေနဲ့ ဂိုးသွင်းစွမ်းရည်ထက်မြက်တဲ့ တိုက်စစ်မှူးကောင်းတစ်ဦးကို ရှာဖွေနေတာပါ။ အခုတော့ နည်းပြ ရော်ဂျာစိတ်တိုင်းကျဖြစ်လာမယ့် အက်စ်တွန်ဗီလာတိုက်စစ်မှူး ခရစ်စတီယန်ဘင်တီကီကို ပေါင် ၃၂ ဒသမ ၅ သန်းနဲ့ စာချုပ်နိုင်ခဲ့ပြီဖြစ်ပါတယ်။ အသက် ၂၄ နှစ်အရွယ်ရှိတဲ့ ဘင်တီကီကို ခေါ်ယူဖို့ ကာလအတန်ကြာဆွေးနွေးမှုတွေ ပြုလုပ်ခဲ့ရပြီးနောက် လီဗာပူးက စာချုပ်နိုင်ခဲ့ပြီဖြစ်ပါတယ်။ ဘာမင်ဂမ်မှာ သုံးနှစ်ကြာကစားပြီး အက်စ်တွန်ဗီလာသို့ ပြောင်းရွှေ့လာခဲ့တဲ့ တိုက်စစ်မှူး ဘင်တီကီဟာ ပွဲပေါင်း ၁၀၀ မှာ ၄၉ ဂိုးသွင်းယူပေးနိုင်ခဲ့တဲ့ တိုက်စစ်မှူးဖြစ်ပါတယ်။ သူဟာ လီဗာပူးနဲ့ စာချုပ်အပြီး လီဗာပူးရဲ့ လေ့ကျင့်ရေးကွင်းမှာ စတင်လေ့ကျင့်မှုတွေပြုလုပ်နေပြီဖြစ်ပါတယ်။ လီဗာပူးအနေနဲ့ ဘန်လေမှ ဒန်နီအင်း၊ ဟော့ဖန်ဟိန်းမှ ဖာမီနိုတို့ကို ခေါ်ယူအပြီး ဘင်တီကီကို ခေါ်ယူခဲ့ခြင်းဖြစ်ပါတယ်။ ဘင်တီကီဟာ လာမယ့်ရာသီမှာ ဖာမီနိုနဲ့ အဓိကတိုက်စစ်အတွဲအဖြစ် ကစားနိုင်လိမ့်မယ်လို့ ဆိုပါတယ်။




ကောင်းမြတ်သူ - စုစည်းသည်။

# ဝုဖ်ဘတ်ကွင်းလယ်လူ မန်စီးတီးဆွေးနွေးပြီ

မန်စီးတီးအသင်းအနေနဲ့ ချယ်လ်ဆီးကွင်းလယ်ကစားသမားဟောင်း ကီဗင်ဒီဘရူနီကို ပေါင်သန်း ၄၀ နဲ့ ခေါ်ယူဖို့ ဆွေးနွေးနေပြီလို့ ဆိုပါတယ်။ သို့ပေမယ့် ဝုဖ်ဘတ်က ပေါင်သန်း ၅၀ အထိ တိုးတောင်းနေတယ်လို့ ဆိုပါတယ် ပီအက်စ်ဂျီနဲ့ ဂျူဗင်တပ်စ်တို့ကလည်း ဘရူနီကိုခေါ်ယူဖို့ စိတ်ဝင်စားနေတာပါ။ သို့ပေမယ့် မန်စီးတီးနဲ့ စာချုပ်ဖို့ သေချာနေပြီဖြစ်ပါတယ်။ မန်စီးတီးက အသက် ၂၄ နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမား ဘရူနီကို ငါးနှစ်စာချုပ်နဲ့ ခေါ်ယူဖို့ ပြင်ဆင်နေတယ်လို့ ဆိုပါတယ်။ ဘယ်လ်ဂျီယံလက်ရွေးစင်ကစားသမား ဘရူနီကို မန်စီးတီးက ပေါင်သန်း ၄၀ နဲ့ ခေါ်ယူဖို့ စတင်ဆွေးနွေးနေပြီဖြစ်ပါတယ်။ ၂၀၁၃ ခုနှစ်က ဘရူနီကို ချယ်လ်ဆီးက ပေါင် ၁၈ သန်းနဲ့ ဝုဖ်ဘတ်သို့ ရောင်းချခဲ့တာပါ။ ခြေစွမ်းပြကစားလာတဲ့ ဘရူနီကို မန်စီးတီးက ပေါင်သန်း ၅၀ လည်း ပေးခေါ်နိုင်ဖွယ်ရှိနေပါတယ်။ ဒီဇီကိုနဲ့ ဂျိုဗီဒစ်တို့ ထွက်ခွာဖွယ်ရှိနေတဲ့အတွက် ဘရူနီကို မန်စီးတီးက အရခေါ်ယူဖို့ ကြိုးစားနေတယ်လို့ ဆိုပါတယ်။ လာမယ့်ရာသီမှာတော့ မန်စီးတီးရဲ့ ကွင်းလယ်ကစားကွက်မှာ ဘရူနီဟာ အဓိက ကစားသမားဖြစ်လာနိုင်ဖွယ်ရှိပါတယ်။




# ဘိုင်ယန်မြူးနစ်ကို စိန်ခေါ်မယ့် ဝုဖ်ဘတ်



*ဥရောပတစ်ခွင်မှာ ပြည်တွင်းလိဂ်ပြိုင်ပွဲတွေ လာမယ့်ဩဂုတ်လအတွင်းမှာ ပြန်လည်နိုးထလာပါလိမ့်မယ်။ လောလောဆယ်မှာ ကလပ်အသင်းခြေစမ်းပွဲတွေ၊ နိုင်ငံတကာပြိုင်ပွဲတွေနဲ့ ဖိတ်ခေါ်ပြိုင်ပွဲတွေကို ရာသီအကြိုပြင်ဆင်မှုတွေအဖြစ် ဆင်နွှဲနေကြပါတယ်။ ကလပ်အသင်းတိုင်း ခြေစွမ်းထက်မြက်တဲ့ ဘောလုံးသမားတွေကို ငွေကြေးမြောက်များစွာပေးပြီး ခေါ်ယူနေသလို အသင်းနဲ့အံဝင်ခွင်ကျမရှိတော့တဲ့ ကစားသမားဟောင်းတွေကို ထုတ်ရောင်းနေကြပါတယ်။ အဲဒီအသင်းတွေထဲမှာ ဂျာမနီ၊ ဘွန်ဒက်လီဂါက ပြီးခဲ့တဲ့ဘောလုံးရာသီမှာ ဒုတိယရရှိတဲ့ ဝုဖ်ဘတ်ရဲ့ အနေအထားက စိတ်ဝင်စားစရာကောင်းနေပါတယ်။*

ဝုဖ်ဘတ်အသင်းဟာ ကစားသမားအပြောင်းအရွှေ့ကာလအတွင်းမှာ တိုက်စစ်မှူးအဖြစ် ရှူးရာလီကို ပြောင်းရွှေ့ကြေး ယူရို ၃၂ သန်းနဲ့ ခေါ်ယူထားသလို ဂလာဘတ်အသင်းမှ မက်စ်ကရူစီကို ပြောင်းရွှေ့ကြေး ယူရို ၁၂ သန်းနဲ့ ထပ်မံခေါ်ယူအားဖြည့်ထားပြီဖြစ်ပါတယ်။ ဒါ့အပြင် ခံစစ်နဲ့ ကွင်းလယ်ပိုင်းမှာ ဘောလုံးသမားသစ်တွေ ခေါ်ယူဖြည့်ဆည်းဖို့ ကြိုးစားနေပြန်ပါတယ်။

ဝုဖ်ဘတ်အသင်းဟာ ပြီးခဲ့တဲ့ ဘောလုံးရာသီမှာ ရှုံးပွဲမရှိ မှတ်တမ်းရေးထိုးဖို့ ကြိုးစားနေတဲ့ ဘိုင်ယန်မြူးနစ်လိုအသင်းကို ပထမဆုံး ရှုံးပွဲကြုံတွေ့အောင် ပညာပေးနိုင်ခဲ့တဲ့အသင်းဖြစ်ပြီး အိမ်ကွင်း ၁၇ ပွဲကစားခဲ့ရာမှာ တစ်ပွဲမှ မရှုံးခဲ့တဲ့အသင်းလည်းဖြစ်ပါတယ်။ အဝေးကွင်းမှာ ၁၇ ပွဲကစားခဲ့ရာမှာ ခုနစ်ပွဲနိုင်၊ ငါးပွဲသရေ၊ ငါးပွဲရှုံးရလဒ်တွေကြောင့် ရာသီကုန်ချိန်မှာတော့ ရမှတ် ၆၉ မှတ်နဲ့ ဘိုင်ယန်မြူးနစ်နောက်က ဒုတိယနေရာမှာ ရပ်တည်နိုင်ခဲ့ခြင်းဖြစ်ပါတယ်။

ဒီနှစ်မှာတော့ အသင်းမှာအားထားနေရတဲ့ ဒေ့ါစ်နဲ့ ဒီဘရူနီတို့ကို ဆက်လက်ထိန်းသိမ်းထားနိုင်ပြီး တိုက်စစ်မှူးအသစ်တွေလည်း ခေါ်ယူဖြည့်ဆည်းထားတာမို့ အခုဆိုရင် ဝုဖ်ဘတ်ဟာ လာမယ့် ဘောလုံးရာသီအတွက် အကောင်းဆုံးပုံစံရရှိနေပြီလို့ ဆိုပါတယ်။ ဝုဖ်ဘတ်အသင်းဟာ ဟော်လန်ထိပ်တန်းကလပ်အေဂျက်အသင်းနဲ့ နောက်ဆုံးကစားခဲ့တဲ့ ခြေစမ်းပွဲဟာ တစ်ဂိုးစီသရေပွဲဖြစ်ခဲ့ပြီး သရေဖြစ်စေခဲ့တဲ့ အဲဒီဂိုးကိုတော့ ကွင်းလယ်လူ ဒီဘရူနီက ပွဲချိန် ၆၈ မိနစ်မှာ သွင်းယူခဲ့တာဖြစ်ပါတယ်။

ဝုဖ်ဘတ်အသင်းက ခံစစ်ပိုင်းကောင်းမွန်ပြီး တိုက်စစ်မှာလည်း အကျပ်အတည်းကြားက ဂိုးရအောင်သွင်းယူနိုင်တဲ့ တိုက်စစ်မှူးတွေရှိနေတာမို့ ပြီးခဲ့တဲ့ ရာသီက ဘွန်ဒက်လီဂါဖလားရယူခဲ့တဲ့ ဘိုင်ယန်မြူးနစ်တို့တွက် အဓိကပြိုင်ဘက်ဖြစ်နေပါတယ်။ ဝုဖ်ဘတ်တို့က ၁၉၉၉ ခုနှစ်မှာ ဘွန်ဒက်လီဂါဖလားရရှိခဲ့သလို ပြီးခဲ့တဲ့နှစ်ကလည်း ဂျာမန်ပိုကယ်ဖလားကို သမိုင်းတစ်လျှောက် ပထမဆုံးအကြိမ် ဆွတ်ခူးနိုင်ခဲ့တာမို့ ဝုဖ်ဘတ်ဟာ ဘွန်ဒက်လီဂါမှာ ထိပ်တန်းအသင်းအဖြစ် ပြန်လည်ရပ်တည်လာနိုင်ပြီဖြစ်ပါတယ်။

ဝုဖ်ဘတ်အသင်းမှာ တိုက်စစ်မှူး ဒေ့ါစ်က ပြီးခဲ့တဲ့ ဘွန်ဒက်လီဂါမှာ ၁၆ ဂိုးသွင်းယူခဲ့သလို အဖွင့်ဂိုးတွေအဖြစ် ခြောက်ဂိုးအထိသွင်းယူခဲ့တာမို့ ဝုဖ်ဘတ်တိုက်စစ်ဟာ ပြိုင်ဘက်အသင်းဂိုးပေါက်တွေကို အကြိမ် ၂၁၀ လောက်အထိ ကန်သွင်းနိုင်ခဲ့ပါတယ်။ ကစားကွက်ကနေပြီး ဂိုးရရှိခဲ့တာ စုစုပေါင်း ဂိုး ၄၀ ရှိခဲ့သလို စုစုပေါင်း သွင်းဂိုးရဲ့ ၅၆ ရာခိုင်နှုန်းအထိ ရှိခဲ့ပါတယ်။

လာမယ့် ဘောလုံးရာသီမှာတော့ ကစားသမားအသစ်ခေါ်ယူဖို့ ယူရိုသန်း ၈၀ နီးပါး ခွင့်ပြုထားတာမို့ နောက်ထပ်ကစားသမား သုံးဦးထပ်မံဖြည့်ဆည်းဖို့ ကြိုးစားနေပါတယ်။ အရန်တိုက်စစ်မှူးတွေရှိနေပေမယ့် ခြေစွမ်းထက်မြက်တဲ့ လူငယ်တိုက်စစ်မှူးတစ်ဦးကိုခေါ်ယူဖို့ ကြိုးစားနေတာမို့ ဝုဖ်ဘတ်ရဲ့ လက်ရှိအနေအထားက လာမယ့် ဘောလုံးရာသီအတွက် ပြီးပြည့်စုံတဲ့ အခြေအနေမရောက်သေးပါဘူးလို့ ဝုဖ်အသင်းတာဝန်ရှိသူတွေက ပြောကြားနေပါတယ်။

ဒါကြောင့် လာမယ့်ဘွန်ဒက်လီဂါမှာ ဘိုင်ယန်မြူးနစ်ကို စိန်ခေါ်မယ့် ဝုဖ်ဘတ်ရဲ့ ခြေစွမ်းနဲ့ ကြိုးစားအားထုတ်မှုကို စောင့်ကြည့်ရတော့မှာ ဖြစ်ပါတယ်။

မိုးမြင့်လင်းလက်

# အက်စ်တွန်ဗီလာ ခေါ်ယူအားဖြည့်မယ့် ဘော်ဒိုးတိုက်စစ်မှူး

အက်စ်တွန်ဗီလာအသင်းအနေနဲ့ ဘင်တီကီကို လီဗာပူးကို ရောင်းလိုက်ပြီဖြစ်တဲ့အတွက် သူ့နေရာမှာ ပြန်လည်အစားထိုးဖို့ တိုက်စစ်မှူးကောင်းတစ်ဦးအမြန်ဆုံးခေါ်ယူဖို့ လိုအပ်နေပါတယ်။ အက်စ်တွန်ဗီလာကတော့ ဘော်ဒိုးတိုက်စစ်မှူး ဒီဂိုရော်လန်ကို ပေါင် ၁၅ သန်းနဲ့ ခေါ်ယူဖို့ ကြိုးစားနေပြီလို့ ဆိုပါတယ်။ ဥရုဂွေးတိုက်စစ်မှူး ဒီဂိုရော်လန်ဟာ ပြီးခဲ့တဲ့ရာသီက ပြင်သစ်လီဂူး-၁ (ပြင်သစ်ပထမတန်း) မှာ ၁၅ ဂိုးသွင်းယူပေးနိုင်ခဲ့တဲ့ တိုက်စစ်မှူးဖြစ်ပါတယ်။ အက်စ်တွန်ဗီလာက စပါးတိုက်စစ်မှူး အဒီဘာယောနဲ့လည်း ခေါ်ယူဖို့ ဆွေးနွေးနေတယ်လို့ ဆိုပါတယ်။ နယူးကာဆယ်ကလည်း ပေါင် ၁၃ သန်းနဲ့ ခေါ်ယူဖို့ ကြိုးစားနေတယ်လို့ ဆိုပါတယ်။ ဘော်ဒိုးတိုက်စစ်မှူး ရော်လန်ဟာ ပြီးခဲ့တဲ့ရာသီက အစပွဲ ၂၈ ပွဲသာ ကစားခဲ့ရပြီး ၁၅ ဂိုးသွင်းယူပေးနိုင်ခဲ့တာဖြစ်ပါတယ်။ သူဟာ ဂိုးသွင်းစွမ်းရည်ထက်မြက်ပြီး လာမယ့် ရာသီမှာ အက်စ်တွန်ဗီလာအသင်းနဲ့အတူ ပွဲထွက်လာဖွယ်ရှိပါတယ်။



# ဧရာဝတီမြစ်ရေတိုက်စားမှုကြောင့် ကမ်းပါးများပြိုကျ၍ ပြောင်းရွှေ့နေထိုင်ရသူများအား ထောက်ပံ့ငွေများပေးအပ်

**မတ္တရာ ဇူလိုင် ၂၄**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် မတ္တရာမြို့နယ်အတွင်းရှိ ဆင်ကျွန်းကျေးရွာ၌ ဧရာဝတီမြစ်ရေတိုက်စားမှုကြောင့် ကမ်းပါးများပြိုကျပြီး နေအိမ်များမှ ပြောင်းရွှေ့နေထိုင်ကြရသော အိမ်ထောင်စုအချို့အား ထောက်ပံ့ငွေများကို တိုင်းဒေသကြီးအစိုးရအဖွဲ့က ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

မြစ်ရေတိုက်စားမှုကြောင့် ကမ်းပါးများဆက်လက်မပြိုကျစေရေးအတွက် မန္တလေးတိုင်းဒေသကြီးရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အရေးပေါ်ကာကွယ်မှုအဖြစ် Steel Cabel Groyne နှစ်ခုတည်ဆောက်လျက်ရှိပြီး တည်ဆောက်နေမှုများကို မတ္တရာမြို့နယ်အုပ်ချုပ်ရေးမှူးဦးအောင်ဆွေမြင့်နှင့် သက်ဆိုင်ရာတာဝန်ရှိသူများက ဇူလိုင် ၂၂ ရက်က ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့နောက် တာဝန်ရှိသူများသည် ကုန်းတန်းကြီးကျေးရွာသို့ သွားရောက်ခဲ့ပြီး ဧရာဝတီမြစ်ရေတိုက်စားမှုကို ကာကွယ်ရန် ကျေးရွာမြေများတွင် ကိုယ့်အားကိုယ်ကိုးစနစ်ဖြင့် ကမ်းထိန်းရေကာတာများ ပြုလုပ်ထားမှုကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့နောက် ကမ်းပြိုကျမှုကြောင့် ပြောင်းရွှေ့နေထိုင်ရသော အိမ်ထောင်စု ၃၅ စုအား မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးက တစ်အိမ်ထောင်လျှင် ငွေကျပ်ငါးသောင်းနှုန်း ထောက်ပံ့ခဲ့သည်။ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် လုပ်ငန်းရှင်များကလည်း ကမ်းပြိုမှုကြောင့် ထပ်မံပြောင်းရွှေ့ရသည့် အိမ်ထောင်စုခြောက်စုအတွက် ထောက်ပံ့ငွေ ကျပ် ၃၀၀၀၀၀ ကို လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနကလည်း ထောက်ပံ့ပစ္စည်းများကိုလည်းကောင်း ပေးအပ်ခဲ့ကြကြောင်း သိရသည်။

**စိုးကျော်သူထွေး(မတ္တရာ)**



# မီးလင်းရေးလုပ်ငန်းများပြီးစီးသဖြင့် ကျေးရွာသုံးရွာ၌ လျှပ်စစ်မီးရရှိ

**သံတောင်ကြီး ဇူလိုင် ၂၄**

ကရင်ပြည်နယ် သံတောင်ကြီးမြို့နယ် ရွာကြီးကျေးရွာအုပ်စုအတွင်းရှိ သူဌေးကုန်းကျေးရွာ၊ မယ်ဇလီကုန်းကျေးရွာနှင့် ကဒါခီးကျေးရွာများ၌ မီးရရှိရေးအတွက် ဆောင်ရွက်ခဲ့သော ၁၁ ကေဗွီ ဓာတ်အားလိုင်းနှင့် ၂၀၀ ကေဗွီအေ ထရန်စဖော်မာများ တပ်ဆင်ပြီးစီး၍ မီးလင်းရေးလုပ်ငန်းဖွင့်ပွဲနှင့် ဆင်းသုခမျိုးသန့်စပါး ၂၅ ဧကအတွက် မြေဩဇာထောက်ပံ့ပေးအပ်ပွဲကို ဇူလိုင် ၂၁ ရက်က ကျင်းပသည်။

ကျေးရွာသုံးရွာတွင် မီးရရှိရေးအတွက် 11/0.4KV(200KVA)ထရန်စဖော်မာ တစ်လုံးတပ်ဆင်ကာ ၁၁ ကေဗွီ ဓာတ်အားလိုင်းအရှည် ၀ ဒသမ ၅ မိုင်ကို ဆက်သွယ်ခဲ့ကြောင်း သိရသည်။ မီးလင်းရေးဖွင့်ပွဲတွင် ကရင်ပြည်နယ်စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီး ဦးစောခရစ္စတိုဖာ၊ လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီး ဦးစောကြည်လင်းနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်းက ဓာတ်အားလိုင်းနှင့် ထရန်စဖော်မာများကို ဖွင့်လှစ်ပေးသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ဝန်ကြီးများက ဓာတ်အားလိုင်းများ၊ (ထရန်စဖော်မာ)ဓာတ်အားခွဲရုံနှင့် လျှပ်စစ်မီးသုံးစွဲနေပြီဖြစ်သော ကျေးရွာများအတွင်းရှိ အိမ်ခြေ ၂၀၀ ကျော်ကို လိုက်လံကြည့်ရှုခဲ့သည်။

ထို့နောက် ဓာတ်မြေဩဇာထောက်ပံ့ပေးအပ်ပွဲကို ဆက်လက်ပြုလုပ်ရာ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး၊ ပြည်နယ်လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီးတို့က အမှာစကားပြောကြားကြပြီး ပျားစခန်းကျေးရွာမှ တောင်သူ ၁၂ ဦး၏ ဆင်းသုခမျိုးသန့်စပါး ၂၅ ဧကစိုက်ခင်းအတွက် ကရင်ပြည်နယ်အစိုးရအဖွဲ့က ၂၀၁၅ ခုနှစ် ကျေးလက်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ဒုတိယအကြိမ်ထောက်ပံ့သော ကွန်ပေါင်းဓာတ်မြေဩဇာ ၁၃ အိတ်နှင့် ယူရီးယားဓာတ်မြေဩဇာ ၂၅ အိတ်တို့ကို တောင်သူများထံ ပေးအပ်ခဲ့သည်။

**နေမျိုးလွင်(ပြန်/ဆက်)**

# တြိဂံဒေသတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အခမဲ့ဆေးကုသပေး

**တာချီလိတ် ဇူလိုင် ၂၄**

တြိဂံဒေသ တိုင်းစစ်ဌာနချုပ်၏ စီစဉ်မှုဖြင့် တာချီလိတ်မြို့နယ် လွယ်တော်ခမ်းအုပ်စု စန်းလုကျေးရွာနှင့် အနီးပတ်ဝန်းကျင် ကျေးရွာများမှ ဒေသခံတိုင်းရင်းသား ပြည်သူများအား ကျန်းမာရေးပညာပေးဟောပြောခြင်းနှင့် အခမဲ့ကျန်းမာရေးစစ်ဆေးကုသမှုများ ဆောင်ရွက်ပေးခြင်းကို စန်းလုကျေးရွာ အုပ်ချုပ်ရေးမှူးရုံး၌ ဇူလိုင် ၂၁ ရက်က ဆောင်ရွက်ခဲ့ကြောင်း သိရသည်။



ဟောပြောပွဲတွင် တာချီလိတ်တပ်နယ်မှ ဗိုလ်မှူးကြီး ဇော်မင်းထွန်းက တြိဂံဒေသတိုင်းစစ်ဌာနချုပ်နယ်လှည့်ဆေးကုသရေးအဖွဲ့၏ ဆောင်ရွက်နေသော လုပ်ငန်းများအကြောင်း ရှင်းလင်းပြောကြားပြီး တာဝန်ရှိသူများက မိုးရာသီတွင် ဖြစ်ပွားတတ်သော ရောဂါအကြောင်း သိကောင်းစရာများကို ပညာပေး ဟောပြောကြသည်။

ထို့နောက် တြိဂံဒေသတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့မှ ဆရာဝန်များက အထွေထွေရောဂါဝေဒနာရှင် အမျိုးသား ၅၀၊ အမျိုးသမီး ၆၀ နှင့် ကလေး ၅၀ တို့အား စစ်ဆေးကုသပေးပြီး လိုအပ်သော ဆေးဝါးများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြင့်မိုရ်(တာချီလိတ်)**

# ကျေးရွာအထကကျောင်း၌ ကျောင်းဆောင်သစ်ဖွင့်

**မိုင်းကိုင် ဇူလိုင် ၂၄**

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင် မိုင်းကိုင်မြို့နယ် တုံလောကျေးရွာအုပ်စု ပန်လော့ ကျေးရွာ အမက(ဆားတော)ကျောင်း၌ ကျောင်းဆောင်သစ်ဖွင့်ပွဲကို ဇူလိုင် ၂၂ ရက်က ပြုလုပ်ခဲ့သည်။



ကျောင်းဆောင်သစ်ဖွင့်ပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီလွင်စိုး၊ မြို့နယ်ပညာရေးမှူး ဦးကြည်မင်းနှင့် ပန်လော့ကျေးရွာ ရပ်မိရပ်ဖ ဦးခမ္မတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်သည်။

ပန်လော့ကျေးရွာ ရပ်မိရပ်ဖ ဦးခမ္မက "အရင်ကျောင်းဆောင်ကဟောင်းနေလို့ အန္တရာယ်ဖြစ်နေတယ်။ ကျောင်းသား ကျောင်းသူတွေကလည်း တဖြည်းဖြည်းများလာတော့ ကျေးရွာမိဘတွေအနေနဲ့ စိတ်မချမ်းသာဖြစ်ရပါတယ်။

အခု ပေ ၆၀၊ ပေ ၃၀ အာရ်စီကျောင်းဆောင်သစ်ကြီးနဲ့ ကလေးတွေအတွက် ကျောင်းဝင်းကျယ်ကျယ် ပြန့်ပြန့် ကစားကွင်းကအစ ထားပေးနိုင်တော့ ကလေးတွေအတွက် ပညာသင်ကြားရာမှာ ပိုအဆင်ပြေမှာ ဖြစ်ပါတယ်"ဟု ပြောသည်။

**နန်းလှိုင်လှိုင်ဦး(မိုင်းကိုင်)**

# ကလေးမြို့ ခရိုင်ပြည်သူ့အားကစားကွင်း၌ အထူးတန်းပွဲကြည့်စင်ဆောက်လုပ်လျက်ရှိ

**ကလေး ဇူလိုင် ၂၄**

ကလေးမြို့ ခရိုင်ပြည်သူ့အားကစားကွင်းကြီးကို အဆင့်မြှင့်တင်မှုများ ဆောင်ရွက်လျက်ရှိရာ ကြံ့ခိုင်မှုမရှိတော့သည့် ပွဲကြည့်စင်ဟောင်းကိုဖျက်သိမ်းပြီး အထူးတန်းပွဲကြည့်စင်သစ်ကြီးကို ဆောက်လုပ်လျက်ရှိရာ ကလေးခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမောင်ထူးနှင့် တာဝန်ရှိသူများ ဇူလိုင် ၂၂ ရက်က ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ခရိုင်ပြည်သူ့အားကစားကွင်း အထူးတန်းပွဲကြည့်စင်ကြီးကို အလျားပေ ၁၄၀၊ အနံ ၂၄ ပေရှိ သံကူကွန်ကရစ်အဆောက်အအုံအဖြစ် ၂၀၁၅ - ၂၀၁၆ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးရန်ပုံငွေမှ ကျပ်သိန်း ၁၄၀ အကုန်အကျခံ၍ ဇွန် ၂ရက်က စတင်ဆောက်လုပ်လျက်ရှိကြောင်း သိရသည်။ အရှည်ပေ ၁၈၀၀ ရှိ Innerfenceing ဝင်းကာရံခြင်းကိုလည်း ဆောင်ရွက်နေပြီဖြစ်သည်။

အထူးတန်းပွဲကြည့်စင်အပြင် အလျား ၉၄ ပေ၊ အနံ ၅၄ ပေရှိ အောင်ဇေယျအားကစားခန်းမ၏ ကြမ်းပြင်ကိုလည်း နှစ်ထပ်လျှာထိုး ကြမ်းခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေကြောင်း သိရသည်။

**ဂျူနိုင်း**

# မိုးစပါးစိုက်နည်းစနစ် မှန်ကန်ရေး လက်တွေ့သရုပ်ပြ

**လွိုင်လင် ဇူလိုင် ၂၄**

ရှမ်းပြည်နယ်(တောင်ပိုင်း)လွိုင်လင်ခရိုင် လွိုင်လင်မြို့နယ်အတွင်းမှ မိုးစပါးစိုက်တောင်သူများအနေဖြင့် စိုက်ပျိုးနည်းစနစ်မှန်ကန်စွာ စိုက်ပျိုးနိုင်ရေးလက်တွေ့သရုပ်ပြပွဲကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မြို့မအုပ်စု၌ ဇူလိုင် ၂၃ ရက်က ပြုလုပ်သည်။

သရုပ်ပြပွဲတွင် ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးဝင်းရွှေက သရုပ်ပြပွဲပြုလုပ်ရခြင်းအကြောင်း၊ မြို့နယ်ဦးစီးဌာနမှူး ဦးငိုဘွယ်က စိုက်ပျိုးနည်းစနစ်မှန်ကန်စွာစိုက်ပျိုးနိုင်ရေး သိရှိသင့်သည့်အချက်များ၊ မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးရေးနှင့် ပိုးသတ်ဆေး စနစ်တကျသုံးစွဲရေးတို့ကို ရှင်းလင်းပြောကြားကြပြီး ကောက်စိုက်သမများက စနစ်တကျ မိုးစပါးစိုက်ပျိုးမှု သရုပ်ပြသကြသည်။

သရုပ်ပြပွဲသို့ လွိုင်လင်ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ဟိန်းကျော်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနေမျိုးဇော်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မကျေးရွာအုပ်စုနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ မိုးစပါးစိုက်တောင်သူများ တက်ရောက်လေ့လာကြည့်ရှုခဲ့ကြသည်။

**မိုးလွင်ဦး(လွိုင်လင်)**

# သမအသင်းများသို့ ပံ့ပိုးချေးငွေပေးအပ်ပွဲ ကျင်းပ

**ဟုမ္မလင်း ဇူလိုင် ၂၄**

ဟုမ္မလင်းမြို့ မြို့နယ်သမဝါယမဦးစီးဌာနက ကြီးမှူးကျင်းပ၍ China Exim Bank မှ ပံ့ပိုးချေးငွေပေးအပ်ပွဲကို ဇူလိုင် ၂၂ ရက်က ဟုမ္မလင်းမြို့ မြို့လယ်ခန်းမ အပေါ်ထပ် ခေတ္တမြို့နယ်သမဝါယမဦးစီးဌာနရုံး၌ ကျင်းပသည်။

စိုက်ပျိုးစရိတ်ပံ့ပိုးချေးငွေကျပ်သိန်း ၁၅၈၃ ဒသမ ၂၅ သိန်းကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအေးကလည်းကောင်း၊ မွေးမြူရေးစရိတ်ပံ့ပိုးချေးငွေကျပ် ၄၉၈ ဒသမ ၇၅ သိန်းကို မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးကပ်ကျော်ကလည်းကောင်း၊ ကျပ်တစ်သိန်းမှ ငါးသိန်းတိုးမြှင့်ပံ့ပိုးချေးငွေကျပ် ၇၉၂ သိန်းကို မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌကလည်းကောင်း၊ ချေးငွေလုံးဝမရရှိသေးသော အသင်း ၁၄ သင်းအတွက် ချေးငွေ ၅၀၁ ဒသမ ၆ သိန်းကို မြို့နယ်သမဝါယမဦးစီးအရာရှိတို့ကလည်းကောင်း တောင်သူများထံသို့ အသင်းဝင် ၇၃ သင်းနှင့် အသင်းသား ၄၂၃၁ ဦးတို့ကို လက်ဝယ်အရောက် ချေးငွေများပေးအပ်ခဲ့ကြောင်း သိရသည်။

**လင်းလင်း(ပြန်/ဆက်)**

# မကွေးမြို့၌ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးဆိုင်ရာ အလုပ်ရုံသင်တန်းဖွင့်

**မကွေး ဇူလိုင် ၂၄**

ဌာနဆိုင်ရာဝန်ထမ်းများအနေဖြင့် ပြည်သူများနှင့်ပူးပေါင်း၍ လူ့အခွင့်အရေးဆိုင်ရာများ မြှင့်တင်နိုင်ရေးအတွက် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးဆိုင်ရာ အလုပ်ရုံသင်တန်းကို မကွေးမြို့ ပြည်တော်သာရပ်ကွက် အထက(၁)လမ်းရှိ အဆင့်မြင့်မြို့တော်ခန်းမ၌ ဇူလိုင် ၂၂ ရက်က ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

သင်တန်းဖွင့်ပွဲတွင် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဦးစစ်မြိုင်နှင့် မကွေးတိုင်းဒေသကြီး နယ်/လုံဝန်ကြီး ဗိုလ်မှူးကြီး ဇော်လင်းအောင်တို့က အမှာစကား ပြောကြားပြီး အမျိုးသားလူ့အခွင့်အရေးကော်မရှင် ဒုတိယဥက္ကဋ္ဌက လူ့အခွင့်အရေးဆိုင်ရာ အလုပ်ရုံသင်တန်းဖွင့်လှစ်ခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ခရိုင်နှင့်မြို့နယ်အဆင့် အစိုးရအရာထမ်းများအတွက် လူ့အခွင့်အရေးဆိုင်ရာ အလုပ်ရုံသင်တန်းကို ဆက်လက်ဖွင့်လှစ်ပို့ချခဲ့သည်။

"အစိုးရဝန်ထမ်းအကြီးအကဲတွေကြားမှာ လူ့အခွင့်အရေးဆိုင်ရာအသိအမြင်တွေ ပိုမိုကျယ်ပြန့်ပြီး မိမိတို့လက်အောက်ဝန်ထမ်းများကို ပြန်လည်မျှဝေနိုင်ဖို့ အစိုးရနဲ့ပြည်သူပူးပေါင်းပြီးတော့ လူ့အခွင့်အရေးဆိုင်ရာ ဝိသေသလက္ခဏာတွေ ဖော်ဆောင်နိုင်ဖို့နဲ့ လူသားတိုင်းရဲ့ အခွင့်အရေးများကို လေးစားလိုက်နာခြင်းဖြင့် လူ့အခွင့်အရေးစံနှုန်းများ မြှင့်တင်နိုင်ဖို့ ရည်ရွယ်ပါတယ်"ဟု မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ အဖွဲ့ဝင်တစ်ဦးဖြစ်သူ ဒေါက်တာဉာဏ်ဇော်က သင်တန်းဖွင့်လှစ်ရခြင်းအကြောင်းကို ပြောကြားသည်။ သင်တန်းဖွင့်ပွဲသို့ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ရဲမှူးကြီးလူလူသန်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဌာနဆိုင်ရာနှင့် တပ်မတော်အရာရှိ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ခဲ့ကြသည်။

**ဇေယျာတု(မကွေး)**

# မြင်းမူဆေးရုံကြီး တိုးချဲ့လူနာဆောင်သစ် ၇၅ ရာခိုင်နှုန်းပြီးစီး



**မြင်းမူ ဇူလိုင် ၂၄**

၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ရန်ပုံငွေကျပ်သိန်း ၂၀၀၀ ဖြင့် မြင်းမူမြို့ ခုတင်(၅၀)ဆံ့ ပြည်သူ့ဆေးရုံကြီး၌ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ရန်ပုံငွေ ကျပ်သိန်း ၂၀၀၀ ဖြင့် တည်ဆောက်လျက်ရှိသော တိုးချဲ့လူနာဆောင်သစ်၏ တည်ဆောက်မှုများ ၇၅ ရာခိုင်နှုန်းအထိ ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

တိုးချဲ့လူနာဆောင်သစ်သည် အလျား ၂၃၄ ပေ၊ အနံ ၄၆ ပေ၊ အမြင့် ၁၄ ပေရှိ အာရ်စီကွန်ကရစ် တစ်ထပ်အဆောက်အအုံဖြစ်ပြီး အေးချမ်းဆုစံ ဆောက်လုပ်ရေးကုမ္ပဏီက တာဝန်ယူဆောက်လုပ်လျက်ရှိသည်။ တိုးချဲ့လူနာဆောင်သစ် ဆောက်လုပ်ပြီးစီးပါက မြင်းမူမြို့နယ်အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာများမှ ဖျားနာလူနာများ၊ ခွဲစိတ်လူနာများအပြင် သားဖွားမီးယပ် အမျိုးသမီးများအတွက်ပါ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ပိုမိုဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

**အောင်စိုးဖေ(iprd)**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းကော်မရှင်တို့တွေ့ဆုံ

**လားရှိုး ဇူလိုင် ၂၄**

နိုဝင်ဘာ ၈ ရက်တွင်ကျင်းပမည့် အထွေထွေရွေးကောက်ပွဲကြီး အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ အဖွဲ့ဝင် ဒေါက်တာဦးစိုင်းစံဝင်းသည် ရှမ်းပြည်နယ်မြောက်ပိုင်းအတွင်းရှိ မြို့နယ်များမှ ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များ၊ နိုင်ငံရေးပါတီများနှင့် ဇူလိုင် ၉ ရက်မှ ၁၉ ရက်အထိ ၁၀ ရက်ကြာ လိုက်လံတွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

မူဆယ်မြို့ရှိ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဝင်များနှင့် နိုင်ငံရေးပါတီများကို ဇူလိုင် ၉ ရက်တွင် လည်းကောင်း၊ "ဝ"ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပန်မြို့ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဝင်များကို ဇူလိုင် ၁၀ ရက်တွင်လည်းကောင်း၊ မိုးမိတ်မြို့နှင့် ကျောက်မဲမြို့မှ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဝင်များကို ဇူလိုင် ၁၅ ရက်တွင်လည်းကောင်း၊ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နမ့်ဆန်မြို့ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲကို ဇူလိုင် ၁၆ ရက်တွင်လည်းကောင်း၊ လားရှိုးမြို့ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဝင်များနှင့် နိုင်ငံရေးပါတီ ၁၁ ခုမှ ကိုယ်စားလှယ်များနှင့် ဇူလိုင် ၁၈ ရက်တွင်လည်းကောင်း၊ လားရှိုးခရိုင်အတွင်းရှိ မြို့နယ်ငါးခုမှ ကော်မရှင်အဖွဲ့ခွဲများနှင့် ဇူလိုင် ၁၉ ရက်တွင်လည်းကောင်း တွေ့ဆုံခဲ့ကြောင်း သိရသည်။

တွေ့ဆုံပွဲများတွင် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများနှင့် နိုင်ငံရေးပါတီများမှ တင်ပြချက်များကို မှတ်သားထားမည်ဖြစ်ကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်က ပြောကြားခဲ့ပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ၂၀၁၅ခုနှစ် ပါတီစုံအထွေထွေရွေးကောက်ပွဲကို ပွင့်လင်းမြင်သာအောင် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

**မမ(လားရှိုး)**

# ထင်းစိုက်ခင်း ၂၂ ဧကကို ကျေးရွာများသို့ လွှဲပြောင်းပေးအပ်

**ငါန်းဇွန် ဇူလိုင် ၂၄**

ကျေးရွာတွင်အသုံးပြုရန်အတွက် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနက ရွှေတောင်ကြိုးပြင်ကာကွယ်တောအတွင်း တည်ထောင်ထားသည့် ကျေးရွာသုံးထင်းစိုက်ခင်း ၂၂ ဧကကို အနီးရှိကျေးရွာဖြစ်သော သရက်ကန်ကျေးရွာသို့ ဇူလိုင် ၂၂ ရက်က လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနသည် သစ်တောစိုက်ခင်းများတည်ထောင်ခြင်း၊ သဘာဝတောကျန်များ ထိန်းသိမ်းကာကွယ်ခြင်း၊ ထင်းအစားအခြားလောင်စာသုံးစွဲခြင်းနှင့် ရေရရှိရေးအကောင်အထည်ဖော်ဆောင်ရွက်ခြင်း စသည့်လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။ သစ်တောစိုက်ခင်းများ တည်ထောင်ရာတွင် ကျေးရွာသုံးစိုက်ခင်း၊ ရေဝေရေလဲစိုက်ခင်း၊ တောင်တန်းစိုက်ခင်းနှင့် အခြားစိုက်ခင်း စသည့်စိုက်ခင်းအမျိုးအစားလေးမျိုးကို တည်ထောင်လျက်ရှိသည်။

ကျေးရွာသုံးထင်းစိုက်ခင်းများကို တည်ထောင်ရာတွင် ကျေးရွာများ၏ လိုအပ်ချက်ဖြစ်သော ထင်းလောင်စာနှင့် အိမ်ဆောက်ရန် သစ်၊ တိုင်၊ မျောစသည်တို့ကို ဖြည့်ဆည်းပေးရန်ဖြစ်ပြီး ကျန်စိုက်ခင်းများမှာ ရာသီဥတုမျှတစေရန်နှင့် ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးကို အထောက်အကူဖြစ်စေရန် ရည်ရွယ်ပြီး တည်ထောင်စိုက်ပျိုးလျက်ရှိသည်။

တည်ထောင်ပြီး ကျေးရွာသုံး စိုက်ခင်းများကို ငါးနှစ်ကျော်ပါက နီးစပ်ရာကျေးရွာသို့ လွှဲပြောင်းပေးရန် ညွှန်ကြားချက်အရ ၂၀၁၀ ခုနှစ် မိုးရာသီက ရွှေတောင်(အဆိုပြု) ကြိုးပြင်ကာကွယ်တောအတွင်း တည်ထောင်ထားသည့် ကျေးရွာသုံးထင်းစိုက်ခင်း ၂၂ ဧကကို သရက်ကန်ကျေးရွာမှ ကျေးရွာသုံးထင်းစိုက်ခင်း ကြီးကြပ်မှုကော်မတီအဖွဲ့ထံသို့ လွှဲပြောင်းပေးခဲ့ခြင်းဖြစ်သည်။ ငါန်းဇွန်မြို့နယ် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဗိုလ်တင်လင်းနှင့် ဝန်ထမ်းများက သရက်ကန်ကျေးရွာမှ ကျေးရွာသုံးထင်းစိုက်ခင်း ကြီးကြပ်မှုကော်မတီဝင်များအား စိုက်ခင်းအခြေအနေကို လိုက်လံပြသပြီး လွှဲပြောင်းပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါစိုက်ခင်းမှထွက်မည့် ထင်းနှင့် အိမ်ဆောက်ရန်လိုအပ်မည့် သစ်၊ တိုင်၊ မျောတို့ကို ကျေးရွာမှ ပိုင်ဆိုင်မည်ဖြစ်ကြောင်းသိရသည်။ အဆိုပါစိုက်ခင်းမှ ထွက်ကုန်များကို ကျေးရွာတွင်လိုအပ်သည့် လုပ်ငန်းများ အတွက်သာ သုံးစွဲရန်နှင့် ပြုစုထိန်းသိမ်းခြင်း လုပ်ငန်းများကို အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှအကူအညီရယူပြီးဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ဦးစီးအရာရှိ ဦးဗိုလ်တင်လင်း၏ ပြောကြားချက်အရ သိရသည်။

**သက်နောင်ဦး(ငါန်းဇွန်)**

# သားငါးများ ကျန်းမာရေးနှင့်ညီညွတ်ရေးအတွက် ဈေးများနှင့် မွေးမြူရေးခြံများအား ကွင်းဆင်းစစ်ဆေး

**ရေး ဇူလိုင် ၂၄**

မွန်ပြည်နယ် ရေးမြို့နယ်အတွင်းဈေးများ၌ ရောင်းချနေသော အသားငါးများ ကျန်းမာရေးနှင့် ညီညွတ်ရေးအတွက် FAO မှ တာဝန်ရှိသူများဦးဆောင်၍ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ တာဝန်ရှိသူများ ဇူလိုင် ၂၃ ရက်နှင့် ၂၄ ရက်တွင် ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

FAO မှ အမျိုးသားအကြံပေးအရာရှိ ဒေါက်တာကြည်မာအောင် ဦးဆောင်ပြီး ရေးမြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ဦးစီးအရာရှိနှင့် အဖွဲ့ဝင်များ ဈေးတာဝန်ခံများ၊ သက်ဆိုင်ရာတာဝန်ရှိသူများပူးပေါင်း၍ ရေးမြို့နယ်ရှိ မြသီတာဈေး၊ အောင်သီတာဈေး၊ ဗိုလ်ချုပ်ဈေးနှင့် အစင်ဇီးဖြူသောင်ကျေးရွာမှ ဈေးများတွင် ကြက်၊ ဘဲနှင့် ဝက်သားများ ရောင်းချနေမှုကို ကွင်းဆင်းစစ်ဆေးခဲ့ခြင်းဖြစ်သည်။

ဈေးများတွင်ရောင်းချမှုအပြင် မြို့နယ်အတွင်းရှိ ကြက်၊ ဘဲ၊ ဝက်အရောင်းဒိုင်များကိုလည်း စစ်ဆေးခဲ့ကြောင်း သိရသည်။ ကြက်၊ ဘဲ၊ ဝက်အရောင်းဒိုင်များအား ကွင်းဆင်းစစ်ဆေးရာတွင် အသားနှင့် မွေးမြူရေးလုပ်ငန်းများမှ ထွက်ရှိလာသည့် ပစ္စည်းများကိုပါ စစ်ဆေးခဲ့သည်။ ထို့အပြင် အသားနှင့်အသားထွက်ပစ္စည်းများ၏ ဈေးကွက်အခြေအနေ၊ စားသုံးမှုအခြေအနေ၊ ဈေးနှုန်းအခြေအနေများကို အရောင်းအဝယ်ဒိုင်ကြီးများထံတွင် စစ်ဆေးမေးမြန်းပြီး စစ်တမ်းကောက်ယူခြင်းများလည်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**နေမျိုးထွဋ်(ရေး)**

# မြို့နယ်အားကစားဖွံ့ဖြိုးတိုးတက်ရေး အားကစားပြိုင်ပွဲများကျင်းပ

**နွားထိုးကြီး ဇူလိုင် ၂၄**

မန္တလေးတိုင်းဒေသကြီးနွားထိုးကြီးမြို့နယ်အတွင်း မြို့နယ်အားကစားဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ် (TSDP) အရကျင်းပလျက်ရှိသည့် မြို့နယ်အားကစားနှင့်ကာယပညာကော်မတီဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲ၏ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ဇူလိုင် ၂၂ ရက်က ကျင်းပသည်။

ဗိုလ်လုပွဲကို မြို့နယ်အားကစားပြိုင်ကွင်း၌ ကျင်းပပြီး စိန်ပန်းကန်အသင်းနှင့် ဝက်လူးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ စိန်ပန်းကန်ကျေးရွာအသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့ကြောင်း သိရသည်။ ပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် ပထမရရှိသည့် အမှတ်(၅)ရပ်ကွက်အသင်း၊ ဒုတိယရရှိသည့် အမှတ်(၇)ရပ်ကွက်အသင်းနှင့်ဘောလုံးပြိုင်ပွဲတွင် ပထမနှင့် ဒုတိယရရှိသော အသင်းများမှ အားကစားသမားများအားတိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးဝေဇင်၊ မြို့နယ်အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်နိုင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူးရဲမှူးစိုးဝင်းနှင့် တာဝန်ရှိသူများက တစ်ဦးချင်းဆုတံဆိပ်များ၊ ငွေသားဆု များနှင့် ဆုဖလားများကို ပေးအပ်ချီး မြှင့်ခဲ့ကြောင်း သိရသည်။




**တင်မောင်(မန်းကိုယ်ပွား)**

## သတင်းတို

### ဒလ၌ ဓာတ်အားလိုင်းကြိုးများ လဲလှယ်တပ်ဆင်

ရန်ကုန်တောင်ပိုင်းခရိုင် ဒလမြို့နယ်အတွင်း ပြည်သူများ လျှပ်စစ်ဓာတ်အားပြည့်ဝစွာ အသုံးပြုနိုင်ရေးအတွက် လျှပ်စစ်မန်နေဂျာရုံးမှ လျှပ်စစ်အင်ဂျင်နီယာ ဦးအောင်ကျော်မိုးနှင့် ဝန်ထမ်းများက ဓာတ်အားလိုင်းကြိုးအသေးများနေရာတွင် ကြိုးကြီးများကို လဲလှယ်တပ်ဆင်လျက်ရှိရာ ကမာကဆစ်ရပ်ကွက်ရှိ ဓာတ်ကြိုးအသေးများကို ၅၀ မီလီမီတာ ဓာတ်ကြိုးအကြီးများဖြင့် ဇူလိုင် ၂၂ ရက်က လဲလှယ်တပ်ဆင်ပေးခဲ့ပြီး စုစုပေါင်းအရှည်ပေ ၁၀၀၀ ခန့် လဲလှယ်ခဲ့ကြောင်း သိရသည်။

**သန်းဌွေး(ဒလ)**


# ပြည်တွင်းနည်းပညာကဏ္ဍတွင် လီနိုဗိုက ရင်းနှီးမြှုပ်နှံမှုများတိုးချဲ့မည်

**ရန်ကုန် ဇူလိုင် ၂၄**

ကမ္ဘာ့ ကွန်ပျူတာဈေးကွက်တွင် ထိပ်ဆုံးနေရာရရှိထားပြီး ပြည်တွင်း ကွန်ပျူတာနှင့် လက်ပ်တော့ ဈေးကွက်တွင်လည်း အရောင်းရဆုံး နေရာကို ရရှိထားသည့် လီနိုဗိုက မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုများကို ထပ်မံတိုးချဲ့သွားမည်ဖြစ်ကြောင်း၊ စမတ်ဖုန်းနှင့် တက်ဘလက်အမျိုးမျိုးကိုပါ တရားဝင်တင်သွင်းရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

လီနိုဗိုသည် မြန်မာနိုင်ငံ၏ ကွန်ပျူတာနှင့် လက်ပ်တော့အမျိုးမျိုး ဈေးကွက်တွင် Acer နှင့်အတူ အများဆုံး ရာခိုင်နှုန်းအဖြစ် ၂၁ ရာခိုင်နှုန်းအထိ ရရှိထားပြီးဖြစ်ကြောင်း၊ ၂၈ ရာခိုင်နှုန်းအထိ ရရှိလာအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လီနိုဗိုမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။ လီနိုဗို၏ အရောင်းဆိုင်များကို ရန်ကုန်၊ မန္တလေး၊ နေပြည်တော်၊ လားရှိုး၊ မြင်းခြံ၊ ကျောက်ဆည်၊ မော်လမြိုင်နှင့် မိတ္ထီလာမြို့ကြီးများတွင် တိုးချဲ့ဖွင့်လှစ်သွားမည်ဖြစ်ကြောင်းနှင့် လက်လီအရောင်းဆိုင်များကိုလည်း ထပ်မံတိုးချဲ့သွားမည်ဖြစ်ကြောင်း သိရသည်။

"မြန်မာနိုင်ငံဟာ နိုင်ငံရပ်ခြားက နည်းပညာများကို လျင်မြန်စွာ လက်ခံနိုင်တဲ့ နိုင်ငံဖြစ်တဲ့အတွက် ဈေးကွက်အခွင့်အလမ်း ပိုရနိုင်တဲ့အပြင် မြန်မာနိုင်ငံရဲ့ICT နည်းပညာကိုလည်း ဒီထက်မက ပိုမိုလျင်မြန်စွာ တိုးတက်အောင် ကူညီနိုင်မယ်လို့ မျှော်လင့်ပါတယ်"ဟု လီနိုဗို၏ အင်ဒိုချိုင်းနားဒေသ အထွေထွေမန်နေဂျာ Roland Chew က Park Royal ဟိုတယ်၌ ဇူလိုင် ၂၂ ရက်က ပြုလုပ်သည့် Lenovo Channel Kick-off ပွဲတွင် ပြောသည်။



**Lenovo Channel Kick-off ပွဲ၌ ပြသထားသော လီနိုဗိုထုတ်ကုန်များ။**

မြန်မာနိုင်ငံ၌ အချိန်တိုအတွင်း မိုဘိုင်းဖုန်းအသုံးပြုသူနှင့် အင်တာနက်အသုံးပြုသူဦးရေ တိုးပွားလာရာ မိုဘိုင်းဖုန်းနှင့် တက်ဘလက်ဈေးကွက်များတွင်လည်း တိုးချဲ့ရန်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ မိုဘိုင်းဈေးကွက်အနေဖြင့် လက်ရှိတွင် ပြည်တွင်း၌ လီနိုဗိုအမှတ်တံဆိပ်ဖြင့် ရောင်းချနေသော ဟန်းဆက်အမျိုးမျိုးမှာ တရားဝင်တင်သွင်းရောင်းချနေခြင်းမဟုတ်သဖြင့် ဆားဗစ်အပိုင်းတွင် အားနည်းချက်များ ရှိနေသည်။ ထို့ကြောင့် ပြည်တွင်း၌ လီနိုဗိုအမှတ်တံဆိပ် ဟန်းဆက်များကို ဝန်ဆောင်မှုအပြည့်အဝဖြင့် ရောင်းချနိုင်ရန် KMD ကွန်ပျူတာနှင့် ပူးပေါင်း၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ရောင်းချသည့် ဟန်းဆက်များကို KMD ကွန်ပျူတာက တာဝန်ယူ၍ ပြုပြင်ခြင်းအပါအဝင် ဝန်ဆောင်မှုများပေးသွားမည်ဖြစ်ကာ လက်ရှိအချိန်တွင် ဆားဗစ်စင်တာကို ရန်ကုန်မြို့ ၄၉ လမ်းတွင် ဖွင့်ထားပြီးဖြစ်ကြောင်း သိရသည်။ **သူရဖြိုး**

# ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း အော်ရီဒူးဖုန်းလိုင်းများ ဆက်သွယ်ရေးအဆင်မပြေဖြစ်နေ

**ရန်ကုန် ဇူလိုင် ၂၄**

ယခုရက်များအတွင်း ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ရာသီဥတုအခြေအနေများကြောင့် အင်တာနက်ဝန်ဆောင်မှုများ၊ ဖုန်းခေါ်ဆိုမှုများနှင့် SMS ပေးပို့ရာတွင် အခက်အခဲကြုံတွေ့နေရကြောင်းနှင့် အမြန်ဆုံး ပြန်လည်ကောင်းမွန်လာရန် ဆောင်ရွက်လျက်ရှိကြောင်း အော်ရီဒူးမြန်မာမှ သိရသည်။

ကချင်ပြည်နယ်အတွင်း မြစ်ကြီးနားမြို့နှင့် မိုးညှင်းမြို့အပါအဝင် မြို့နယ်များနှင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း မုံရွာခရိုင်တို့တွင် ရာသီဥတုကြောင့် လိုင်းပြတ်တောက်မှုများ ကြုံတွေ့နေရခြင်းဖြစ်သည်။ မြစ်ကြီးနားမြို့တွင် လိုင်းပြတ်တောက်နေသည်မှာ လေးရက်ခန့်ရှိပြီဖြစ်ကြောင်း ဒေသခံတစ်ဦးက ပြောသည်။ မိုးသည်းထန်စွာရွာသွန်းခြင်းအပါအဝင် မိုးသည်းထန်စွာရွာသွန်းခြင်းကြောင့် ကွန်ရက်ပြတ်တောက်မှုများ ဖြစ်နေခြင်းဖြစ်ကာ အမြန်ဆုံးပြန်လည်ပြင်ဆင်လျက်ရှိကြောင်းနှင့် ပြင်ဆင်ပြီးပါက သတင်းထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **သူရဖြိုး**

# နေပြည်တော်တစ်ဝိုက် MPT ၏ မိုဘိုင်းဆက်သွယ်မှုများ ပြန်လည်ကောင်းမွန်

**ရန်ကုန် ဇူလိုင် ၂၄**

နေပြည်တော်တစ်ဝိုက်တွင် ဖိုက်ဘာဆက်ကြောင်းပြတ်တောက်မှုကြောင့် မြန်မာ့ဆက်သွယ်ရေး MPT ၏ မိုဘိုင်းဖုန်းဆက်သွယ်မှုများ ပြတ်တောက်ခဲ့မှုကို အချိန်တိုအတွင်း ပြန်လည်ပြင်ဆင်ပြီးနောက် လိုင်းများပြန်ကောင်းနေပြီဖြစ်ကြောင်း သိရသည်။

မြန်မာ့ဆက်သွယ်ရေးက ရန်ကုန်နှင့် နေပြည်တော်ကြား ချိတ်ဆက်ထားသော Link အချို့ ဇူလိုင် ၂၀ ရက်က ချွတ်ယွင်းခဲ့ခြင်းကြောင့် GSM နှင့် WCDMA မိုဘိုင်းဖုန်းများ ဆက်သွယ်ခေါ်ဆိုရခက်ခဲမှုများ ဖြစ်ပေါ်ခဲ့သည်။ ချွတ်ယွင်းမှုဖြစ်ပေါ်ခဲ့သော Link များကို ရှာဖွေဖော်ထုတ်၍ သက်ဆိုင်ရာလမ်းကြောင်းများကို အခြားကောင်းမွန်သောလမ်းကြောင်းများပေါ်သို့ ယာယီပြောင်းရွှေ့ချိတ်ဆက်ပေးခဲ့ကာ အချိန်တိုအတွင်း ဖုန်းခေါ်ဆိုမှုများ ပြန်လည်ရရှိကြောင်း၊ ယာယီချိတ်ဆက်မှုလုပ်ထားပြီးနောက် ချို့ယွင်းမှုဖြစ်ပေါ်ခဲ့သော Link များကို ပြန်လည်စစ်ဆေးပြုပြင်မှုများ ပြုလုပ်ခဲ့ကာ မူလဆက်သွယ်ရေး Link များဖြင့် ပြန်လည်အသုံးပြုနိုင်ခဲ့ကြောင်းနှင့် မိုဘိုင်းဖုန်းခေါ်ဆိုရခက်ခဲမှုများ ထပ်မံမဖြစ်ပေါ်ရန်အတွက်လည်း သက်ဆိုင်ရာ Link များကို ၂၄ နာရီ ဆက်လက်စောင့်ကြည့်ထိန်းသိမ်းထားကြောင်း မြန်မာ့ဆက်သွယ်ရေးက ထုတ်ပြန်ထားသည်။

ထို့အတူ နေပြည်တော်တွင် တပ်ဆင်ပေးထားသည့် GSM နှင့် WCDMA ရေဒီယိုစခန်းများသို့ ဆက်သွယ်ပေးထားသည့် နေပြည်တော်မြို့တွင်း ပင်မ ဖိုင်ဘာဆက်ကြောင်းသည် ဇူလိုင် ၂၂ ရက်တွင် ပြတ်တောက်ခဲ့ပြီး နာရီပိုင်းအတွင်း ပြန်လည်ပြင်ဆင်နိုင်ခဲ့ကာ ယခုအခါ ဖုန်းဆက်သွယ်မှုများ ပုံမှန်ပြန်ဖြစ်နေပြီဖြစ်ကြောင်း သိရသည်။ **သူရဖြိုး**

# ၂၀၁၅ နှစ်ဝက်အတွင်း ဟွာဝေး၏ ဝင်ငွေ ၃၀ ရာခိုင်နှုန်း တိုးမြင့်လာကြောင်းထုတ်ပြန်ကြေညာ

**ရန်ကုန် ဇူလိုင် ၂၄**

ပြည်တွင်းစမတ်ဖုန်းဈေးကွက်၌ ရောင်းအားအကောင်းဆုံးအမှတ်တံဆိပ် နေရာကိုရရှိထားသော ဟွာဝေးသည် နိုင်ငံတကာ စမတ်ဖုန်းဈေးကွက်တွင်လည်း ရောင်းအားတိုးတက်လျက်ရှိပြီး ၂၀၁၅ ခုနှစ် ပထမခြောက်လအတွင်း ဟန်းဆက်အပါအဝင် ထုတ်ကုန်နှင့် ဝန်ဆောင်မှုအမျိုးမျိုးမှ စုစုပေါင်းဝင်ငွေ ယွမ် ၁၇၅ ဒသမ ၉ ဘီလီယံရရှိခဲ့ကြောင်းနှင့် ယမန်နှစ်ထက် ၃၀ ရာခိုင်နှုန်း တိုးမြင့်လာခဲ့ခြင်းဖြစ်ကြောင်း ဇူလိုင် ၂၂ ရက်တွင် ထုတ်ပြန်ကြေညာသည်။

"၂၀၁၅ ခုနှစ် ရဲ့ ပထမနှစ်ဝက်မှာ ဟွာဝေးကုမ္ပဏီက မိမိကုမ္ပဏီရဲ့ စီးပွားရေးနယ်ပယ် သုံးခုစလုံးမှာ အောင်မြင်မှုများ စဉ်ဆက်မပြတ်ရရှိခဲ့ပါတယ်။ ကျွန်မတို့ရဲ့ cloud computing၊ storage၊ agile network စတဲ့ အရေးကြီးတဲ့ ထုတ်ကုန်နဲ့ဖြေရှင်းမှုနည်းလမ်းများကို တရုတ်နိုင်ငံအတွင်းနဲ့ နိုင်ငံခြားတိုင်းပြည်မှာရှိတဲ့ finance၊ ပညာရေးနဲ့ ISP တို့နဲ့ပတ်သက်တဲ့ကဏ္ဍမှာ ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုလာတဲ့အတွက် ဖွံ့ဖြိုးတိုးတက်မှု များစွာရရှိခဲ့ပါတယ်"ဟု ဟွာဝေး၏ Chief Financial Officer ဖြစ်သူ Ms. Meng Wanzhou က ပြောသည်။ Consumer Business လုပ်ငန်းကြီးများတွင် ဟွာဝေးကုမ္ပဏီ၏ အရည်အသွေးမြင့် ထုတ်ကုန်များကိုသုံးစွဲသူများက ကြိုက်နှစ်သက်ကြသည့်အပြင် ဟွာဝေး၏ အလယ်အလတ်ဟန်းဆက်အမျိုးအစားဖြစ်သော Honor စီးရီးနှင့် အဆင့်မြင့်ဟန်းဆက်အမျိုးအစားများဖြစ်သည့် P စီးရီးဟန်းဆက်များသည် ကမ္ဘာ့ဈေးကွက်တွင် အောင်မြင်မှုရရှိခဲ့ကြောင်း သိရသည်။ **သွန်းဝဿန်**


# ပိုင်ရှင်ကိုယ်တိုင်အမြန်ရောင်းမည်

၁။ ဒဂုံတက္ကသိုလ်မျက်စောင်းထိုး၊ စက်မှုဇုန်များအနီး၊ တက္ကသိုလ်ရိပ်မွန်အရှေ့၊ မျက်နှာစာနှစ်ဖက်ပါ၊ မင်းရဲကျော်စွာလမ်းနှင့် ကျန်စစ်သားလမ်းထောင့်၊ ကျန်စစ်သားလမ်းမကြီးပေါ်၊ မျက်နှာစာ ပေ၁၀၀၊ Sqft 6324၊ ဘဏ်ဖွင့်လိုသူများအတွက် နေရာကောင်း၊ မည်သည့်ဘဏ်မျှမရှိသေးသောနေရာ၊ Super Market ၊ အိမ်ဆောက်ပစ္စည်းဆိုင်၊ လက်ဖက်ရည်ဆိုင်ကြီးများဖွင့်လိုသူများအတွက် နေရာကောင်း၊ ငွေရှိပြီး ဘာမှမလုပ်တတ်သူများအတွက် စီးပွားရေးလုပ်ရန်ကောင်းသောနေရာ အချက်အချာကျ၊ ခြံစည်းရိုးခတ်ပြီး၊ ရေ၊ မီးပါ။ **ကျပ် သိန်း (၄၉၀၀)**

၂။ သန်လျင်မြို့အဝင်တွင် အေးအေးဆေးဆေးနေလိုသူများအတွက် ဗိုလ်ချုပ်နေဝင်းလမ်းမကြီးပေါ်၊မြေအကျယ် (၅၅ပေ×၁၄၅ပေ)၊ ပြင်ဆင်ပြီးအသင့်နေထိုင်နိုင်သော ရှေးဟောင်းနှစ်ထပ်အိမ်ကြီးတစ်လုံးပါ၊ ဘဏ်ဖွင့်ရန်၊ စားသောက်ဆိုင်ဖွင့်ရန်၊ စီးပွားရေးလုပ်ရန် အချက်အချာကျ နေရာကောင်း၊ လုံးချင်းအိမ်ဖြင့်နေလိုသူများအတွက်၊ ကွန်ဒိုတိုက်ခန်းဈေး တစ်ခန်းမျှသာရှိသော၊ အလွန်သက်သာသောဈေးနှုန်း၊ Master bed room နှစ်ခန်း၊ ရိုးရိုးအိပ်ခန်းတစ်ခန်း၊ အောက်ထပ်ကြမ်းခင်း တစ်ခုလုံးကြွေပြားအပြည့်ခင်း၊ ရေ၊ မီး အပြည့်အစုံ။ **ကျပ် သိန်း (၃၅၀၀)**

**ဆက်သွယ်ရန်ဖုန်း - 09-5178979, 09-420301091, 01-560787, 01-572224**

**ဖခင်အမည်မှန်**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့၊ အမှတ်(၂) အထက၊ တက္ကသိုလ်ဝင်တန်း(G)မှ မအေးမြသွယ်၏ဖခင်အမည်မှန်မှာ ဦးတင့်ဇော် ၉/ကပတ(နိုင်)၁၅၁၉၂၀ ဖြစ်ပါသည်။ **ဦးတင့်ဇော်**

**ဖခင်အမည်မှန်**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့နယ် အမှတ်(၂)အထက နဝမတန်း(F)မှ မမျိုးမျိုး၏ ဖခင်အမည်မှန်မှာ ဦးတင်ဆွေ ၉/ကပတ(နိုင်)၀၈၁၃၉၃ ဖြစ်ပါသည်။ **ဦးတင်ဆွေ**

**ဖခင်အမည်မှန်**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့ အမှတ်(၂)အထက တက္ကသိုလ်ဝင်တန်း(C)မှ မသင်းကလျာကြူ၏ဖခင်အမည်မှန်မှာ ဦးကံထွန်း ၉/ကပတ(နိုင်) ၁၄၁၂၄၇ ဖြစ်ပါသည်။ **ဦးကံထွန်း**

**ဖခင်အမည်မှန်**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့နယ် အမှတ် (၂) အထက တက္ကသိုလ်ဝင်တန်း(F)မှ မသဲစုလှိုင်၏ဖခင်အမည်မှန်မှာ ဦးဉာဏ်ထွန်း ၉/ကပတ(နိုင်) ၁၀၀၃၅၅ ဖြစ်ပါသည်။ **ဦးဉာဏ်ထွန်း**

**ဖခင်အမည်မှန်**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့နယ် အမှတ်(၂)အထက နဝမတန်း(D)မှ မောင်ကျော်ဟိန်း၏ ဖခင်အမည်မှန်မှာ ဦးဇော်နိုင်လင်း ၉/ကပတ(နိုင်) ၀၈၇၈၆၅ဖြစ်ပါသည်။ **ဦးဇော်နိုင်လင်း**

**ဖခင်အမည်မှန်**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့နယ် အမှတ်(၂)အထက နဝမတန်း(E)မှ မချိုရီခိုင်၏ ဖခင်အမည်မှန်မှာ ဦးဝင်းကိုကို ၉/ကပတ(နိုင်)၁၅၁၃၅၄ ဖြစ်ပါသည်။ **ဦးဝင်းကိုကို**

# တင်ဒါခေါ်ယူခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီး မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းနှင့် စစ်ကိုင်းတိုင်းဒေသကြီး စက်မှုလယ်ယာဦးစီးဌာနတို့မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း အသုံးစရိတ်ရန်ပုံငွေဖြင့် အောက်ပါလုပ်ငန်းများအတွက် တင်ဒါခေါ်ယူလိုပါသဖြင့် တင်ဒါတင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်-

(က) **စစ်ကိုင်းတိုင်းဒေသကြီးမြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း**
- မုံရွာမြို့၊ နန္ဒဝန်ရပ်ကွက်ရှိ ဌာနပိုင်မြေနေရာတွင် ရုံးအဆောက်အအုံ တည်ဆောက်ခြင်း၊ (၁၈×၃၀×၉)ပေ (RC Structure, Brik, Walling, CGL Sheet Roating) ဖြည့်စွက်လုပ်ငန်းနှင့် Latrine (W.C)& Septic Tank ဆောက်လုပ်ခြင်း၊

(ခ) **စစ်ကိုင်းတိုင်းဒေသကြီးစက်မှုလယ်ယာဦးစီးဌာန**
- ယင်းမာပင်ခရိုင် အမှတ်(၄၁) စက်မှုလယ်ယာစခန်း (၁၀၀×၂၈×၁၂)ပေ ထွန်စက်ဂိုဒေါင် အဖွင့် Steel Structure တစ်လုံးဆောက်လုပ်ခြင်း၊
- ရွှေဘိုခရိုင် အမှတ်(၃) စက်မှုလယ်ယာစခန်း (၆၀×၂၈×၁၂)ပေ Steel Structure Machine တစ်လုံးဆောက်လုပ်ခြင်း

၂။ တင်ဒါလျှောက်လွှာများ အောက်ပါအစီအစဉ်အတိုင်း တင်သွင်းရန်ဖြစ်ပါသည်-

**တင်ဒါလျှောက်လွှာယူရန်** - ၂၇-၇-၂၀၁၅ ရက်မှ ၂၀-၈-၂၀၁၅ ရက်အထိ
**တင်ဒါတင်သွင်းရန်** - ၂၈-၈-၂၀၁၅ ရက် ၁၆း၀၀ နာရီ
**တင်ဒါတင်သွင်းမည့်နေရာ** - စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့

၃။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၇၁-၂၄၃၁၅ နှင့် ၀၇၁-၂၃၇၇၁/၂၄၈၅၂ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရေးကော်မတီ**

---

**ဆောက်လုပ်ရေးဝန်ကြီးဌာန**
**တံတားဦးစီးဌာန**
**တည်ဆောက်ရေးအဖွဲ့(၂)**
**လက်ပံခြေပေါ်-ညောင်ဦးမြို့**

# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ တံတားဦးစီးဌာန၊ တည်ဆောက်ရေးအဖွဲ့(၂)မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် တိုင်းဒေသကြီးရန်ပုံငွေဖြင့် မကွေးတိုင်းဒေသကြီးအတွင်းရှိ (ပခုက္ကူ-ပေါက်-ထီးလင်း-ဂန့်ဂေါလမ်းပေါ်ရှိ) ညောင်ကိုင်းချောင်းတံတားနှင့် (ပခုက္ကူ-ပေါက်-ကျောက်ထု-ကံကြီး-မင်းတပ်လမ်းပေါ်ရှိ)ရှုခြီးတံတားတည်ဆောက်ရာတွင် လိုအပ်သော အောက်ဖော်ပြပါပစ္စည်းများကို (မြန်မာကျပ်ငွေဖြင့်) ဝယ်ယူလိုပါသည်-

| စဉ် | ပေးသွင်းရမည့်ပစ္စည်း | အရေအတွက် | ပေးသွင်းရမည့်နေရာ |
|---|---|---|---|
| ၁ | ဘိလပ်မြေ(ထိုင်း-ဆင်)/မြင်းခေါင်း | ၁၈၆ တန် | လုပ်ငန်းခွင်အရောက် |
| ၂ | (H.S.D) ဒီဇယ် | ၆၀၀၀ ဂါလန် | ။ |
| ၃ | D25mmØ M.S Rod(သံချောင်းလုံး) | ၃၉.၇၂၅ တန် | ။ |
| ၄ | D20mmØ M.S Rod(သံချောင်းလုံး) | ၄.၀၀၄ တန် | ။ |
| ၅ | D16mmØ M.S Rod(သံချောင်းလုံး) | ၂၀.၁၂၇ တန် | ။ |
| ၆ | D12mmØ M.S Rod(သံချောင်းလုံး) | ၂၀.၀၄၃ တန် | ။ |
| ၇ | D10mmØ M.S Rod(သံချောင်းလုံး) | ၆.၈၈၅ တန် | ။ |
| ၈ | D8mmØ M.S Rod(သံချောင်းလုံး) | ၀.၀၅၅ တန် | ။ |

**တင်ဒါဖွင့်မည့်ရက်၊ အချိန်** - ၂-၈-၂၀၁၅ ရက် ၁၀း၀၀ နာရီ
**တင်ဒါလျှောက်လွှာပိတ်သည့်ရက်၊ အချိန်** - ၁-၈-၂၀၁၅ ရက် ၁၆း၀၀ နာရီ
**တင်ဒါဖွင့်မည့်နေရာ** - မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံး၊ ပေါက်မြို့

၂။ တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို တည်ဆောက်ရေးအဖွဲ့(၂)၊ လက်ပန်ခြေပေါ်၊ ညောင်ဦးမြို့နယ်၌ ၂၆-၇-၂၀၁၅ ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**တည်ဆောက်ရေးအဖွဲ့(၂)**
**လက်ပံခြေပေါ်၊ ညောင်ဦးမြို့နယ်၊**
**ဖုန်း-၀၉-၈၃၀၄၅၉၃**

---

# ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုခဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**အောင်မြေသာစံမြို့နယ်တရားရုံးတော်**
**၂၀၁၅ခုနှစ် တရားမကြီးမှုအမှတ်-၂၇**

ဒေါ်သီတာမော် **နှင့်** ဒေါ်ခင်လှလှ
**တရားလို** **တရားပြိုင်**

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ သမန်းကုန်း၊ ညည-၃၀၊ ၅၆လမ်းနေ ဒေါ်ခင်လှလှ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက ချေးထားသောငွေ ၄၀၀၀၀၀၀ိ/-ရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၅ ခုနှစ် ဩဂုတ် ၃ရက် (၁၃၇၇ခုနှစ် ဒုတိယဝါဆိုလပြည့်ကျော် ၃ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွပ်စွဲချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၄င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းပြင် တရားလိုကကြည့်ရှုလိုသည့် သက်ဆိုင်သည့်စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၅ခုနှစ် ဇူလိုင် ၂၁ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ရည်ရည်မွန်)**
**တွဲဖက်မြို့နယ်တရားသူကြီး(၂)**
**အောင်မြေသာစံမြို့နယ်တရားရုံး**

---

**ပို့ဆောင်ရေးဝန်ကြီးဌာန**
**မြန်မာအမျိုးသားလေကြောင်း**

# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပို့ဆောင်ရေးဝန်ကြီးဌာန၊ မြန်မာအမျိုးသားလေကြောင်းဌာနများမှ လိုအပ်လျက်ရှိသော အောက်ဖော်ပြပါ ရုံးသုံးစက်ပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

(က) Canon image Runner ADVANCE C2225 Color Printer
(ခ) Core i5 3.2GHz 4460 Desktop Computer
(ဂ) Lenovo IdeaPad G5070 Notebook

၂။ အိတ်ဖွင့်တင်ဒါပေးသွင်းမှုကို ၇-၈-၂၀၁၅ ရက် ၁၆း၀၀ နာရီတွင် မြန်မာအမျိုးသားလေကြောင်း(ရုံးချုပ်)သို့ နောက်ဆုံးထားပေးပို့ရမည်။

၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်။

**မြန်မာအမျိုးသားလေကြောင်း**
**အမှတ် ၁၀၄၊ ကမ်းနားလမ်း၊ ရန်ကုန်မြို့**

---

# ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄)၊ မြေကွက်အမှတ် ၅၄ အား မြေငှားစာချုပ်(အထူးဂရန်)ပြုလုပ်ပေးပါရန် ဦးမြင့်သိန်းမှ လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ဤဦးစီးဌာနသို့ သက်ဆိုင်ရာစာရွက်စာတမ်း အထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သက်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေငှားစာချုပ်(အထူးဂရန်)ထုတ်ပေးရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြေယာဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ နေပြည်တော်**

---

# ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်မြို့မဈေး ဆိုင်ခန်းအမှတ်(စီ-၄)အား ကျောင်းကုန်းမြို့၊ ရတနာပုံလမ်း၊ အမှတ်(၂)ရပ်ကွက်နေ ဦးမြင့်ထွန်း ၁၄/ကကန(နိုင်)၀၇၅၇၉၂ အမည်ပေါက်ပိုင်ဆိုင်ပြီး ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ပုသိမ်ညွန့်ရပ်ကွက်၊ (၄)လမ်း၊ အမှတ်(၁၉)နေ ဒေါ်ခင်မိုးမိုး ၁၂/မဂတ(နိုင်)၀၀၃၅၂၃ သို့ အခွန်ထမ်းအမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာခြင်းအား ကန့်ကွက်လိုပါက ဤကြော်ငြာစာပါသည့်ရက်မှ ၁၄ရက်အတွင်း အထောက်အထားအပြည့်အစုံဖြင့် ဈေးများဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက ရုံးလုပ်ငန်းကိစ္စရပ်များကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဈေးများဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

---

# ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်း-၂၀)**
**ရွှေပြည်သာမြို့နယ်တရားရုံး**
**၂၀၁၅ ခုနှစ် တရားမကြီးမှုအမှတ်-၆၃**

ဒေါ်နိုင်နိုင်မော်-ပါ(၂) **နှင့်** ဦးလေးမောင်
**တရားလိုများ** **တရားပြိုင်**

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၇၊ လူနေရပ်ကွက်အမှတ် ၈၊ ဗိုလ်မင်းရောင်လမ်း၊ မြေကွက်အမှတ် ၄၇၂နေ ဦးလေးမောင်(ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ် ဒေါ်နိုင်နိုင်မော် ပါ(၂)မှ ပဋိညာဉ်အတိုင်း အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၅ခုနှစ် ဩဂုတ် ၃ရက် (၁၃၇၇ခုနှစ် ဒုတိယဝါဆိုလပြည့်ကျော် ၃ရက်) မွန်းမတည့်မီ ၁၀း၀၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၄င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၄င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၅ခုနှစ် ဇူလိုင် ၂၁ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(စံသိန်း)**
**မြို့နယ်တရားသူကြီး**
**ရွှေပြည်သာမြို့နယ်တရားရုံး**

---

# ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်း-၂၀)**
**ရွှေပြည်သာမြို့နယ်တရားရုံး**
**၂၀၁၅ခုနှစ် တရားမကြီးမှုအမှတ်-၆၄**

ဒေါ်ဥမ္မာဖေ **နှင့်** ဦးဇော်ဇော်ဗို
**တရားလို** **တရားပြိုင်**

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၁၊ လူနေရပ်ကွက်အမှတ် ၂၊ စံပယ်လမ်း၊ မြေကွက်အမှတ် ၁၃၅ နေ ဦးဇော်ဇော်ဗို (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ် ဒေါ်ဥမ္မာဖေက ပဋိညာဉ်အတိုင်း အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၅ခုနှစ် ဩဂုတ် ၃ရက် (၁၃၇၇ခုနှစ် ဒုတိယဝါဆိုလပြည့်ကျော် ၃ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၄င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၄င်းအပြင် တရားလိုက ကြည့်ရှုလိုသည့်စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၅ခုနှစ် ဇူလိုင် ၂၁ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(စံသိန်း)**
**မြို့နယ်တရားသူကြီး**
**ရွှေပြည်သာမြို့နယ်တရားရုံး**

---

# မြန်မာ့ဆိပ်ကမ်းအာဏာပိုင် အလုပ်ပိတ်ရက်ကြော်ငြာ

ရန်ကုန်ဆိပ်ကမ်းရှိ တံတားများ၊ ကုန်လှောင်ရုံများနှင့် ချလန်ရုံးများကို ၂၀၁၅ ခုနှစ် ဇူလိုင် ၃၁ ရက် (ဝါဆိုလပြည့်နေ့)တွင် ပိတ်ထားမည်ဖြစ်ပါ၍ ကုန်တင်/ကုန်ချနှင့် ကုန်ထုတ်ယူလိုပါက ပိတ်ရက်ခကြေးပေးဆောင်ရမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

---

# ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံးကိုခဥပဒေအမိန့်-၅၊ နည်းဥပဒေ-၁နှင့် ၅)**
**ထားဝယ်ခရိုင်တရားမရုံးတော်၌**
**၂၀၁၄ ခုနှစ် တရားမကြီးမှုအမှတ်-၇**

| | | | |
|---|---|---|---|
| ၁။ ဒေါ်စန်းစန်းမူ | | **နှင့်** | ၁။ ဦးလွင်ကျော် |
| ၂။ ဒေါ်မြင့်မြင့်မူ | ၄င်းတို့အထွေထွေ | | ၂။ ဒေါ်သန်းငွေ(၄င်း၏အထွေထွေ ကိုယ်စားလှယ်လွှဲစာရသူ ဦးစန်းတင့်) |
| ၃။ ဒေါ်နီနီလွင် | ကိုယ်စားလှယ်လွှဲ | | |
| ၄။ ဒေါ်မိုးမိုးလွင် | စာရသူဦးမောင် | | ၃။ ဦးငင်စိန် |
| ၅။ ဒေါ်မျိုးမျိုးလွင် | မောင်လွင် | | |
| ၆။ ဦးမောင်မောင်လွင် | | | |
| **တရားလိုများ** | | | **တရားပြိုင်များ** |

အမှတ် ၁၃၊ မင်္ဂလာလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့နေ ဦးငင်စိန် သိစေရမည်။

**၂၀၁၀ ခုနှစ် တရားမကြီးမှုအမှတ်-၁၇**

သင့်အပေါ်၌ ဒေါ်စန်းစန်းမူ ပါ(၆)ဦးက အမွေပုံပစ္စည်းစီမံခန့်ခွဲပေးစေလိုမှု ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၅ ခုနှစ် ဇူလိုင် ၂၈ရက် (၁၃၇၇ခုနှစ် ဒုတိယဝါဆိုလဆန်း ၁၂ရက်) မွန်းမတည့်မီ ၁၀း၀၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့ လာရောက်ရမည်။ ၄င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၅ခုနှစ် ဇူလိုင် ၂၁ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(သန်းသန်းလွင်)**
**ခရိုင်တရားသူကြီး**
**ထားဝယ်ခရိုင်တရားရုံး**

---

# ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုခဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**မအူပင်ခရိုင်တရားရုံးတော်**
**၂၀၁၅ ခုနှစ် တရားမကြီးမှုအမှတ်-၁၈**

ဒေါ်ဥမ္မာထွေး (၄င်း၏အခွင့်ရကိုယ်စားလှယ်ဦးတွမ်ဖေခိုင်) **နှင့်** ဦးလင်းမြင့်
**တရားလို** **တရားပြိုင်**

အထက်ပါအမှုမှ တရားပြိုင် ဦးလင်းမြင့် အမှတ် ၈၊ အာဇာနည်လမ်း၊ ညောင်တုန်းမြို့နယ်၊ မအူပင်ခရိုင်၊ ဧရာဝတီတိုင်းဒေသကြီး(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင်တို့အပေါ်၌ တရားလိုက နှစ်ဦးသဘောတူကတိစာချုပ်အရ ကျန်ငွေ(၁၇၄၅၀၀၀ိ/-) ရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၅ခုနှစ် ဩဂုတ် ၁၀ရက် (၁၃၇၇ခုနှစ် ဒုတိယဝါဆိုလပြည့်ကျော် ၁၀ရက်) မွန်းမတည့်မီ ၁၀း၀၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားစွဲချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၄င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၄င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြလိုသော စာရွက်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမတိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၅ခုနှစ် ဇူလိုင် ၂၀ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(လှလှဋ္ဌေး)**
**ဒုခရိုင်တရားသူကြီး**
**မအူပင်ခရိုင်တရားရုံး**

---

# ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်း-၂၀)**
**အင်းစိန်မြို့နယ်တရားရုံး**
**၂၀၁၅ ခုနှစ် တရားမကြီးမှုအမှတ်-၃၆**

ဦးခင်ဇော်-ပါ၄ **နှင့်** ဦးရဲမြင့်-ပါ၃
**တရားလိုများ** **တရားပြိုင်များ**

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ နံ့သာကုန်းရပ်ကွက်၊ နံ့သာကုန်းရိပ်သာလမ်း၊ အမှတ် ၁၃၃ နေ တရားပြိုင် ဦးရဲမြင့် (ယခုနေရပ်မသိသူ) သိစေရမည်။

သင့်အပေါ် တရားလိုများက ပဋိညာဉ်အတိုင်း အရောင်းအဝယ်မှတ်ပုံတင် စာချုပ်ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၅ခုနှစ် ဩဂုတ် ၄ရက် (၁၃၇၇ခုနှစ် ဝါခေါင်လပြည့်ကျော် ၄ရက်) မွန်းမတည့်မီ ၁၀း၃၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုများ စွဲချက်ကို ထုချေရှင်းလင်းရန် ရုံးသို့ လာရောက်ရမည်။ ၄င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၄င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၅ခုနှစ် ဇူလိုင် ၂၀ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မင်းသီတာဝေ)**
**တွဲဖက်မြို့နယ်တရားသူကြီး**
**အင်းစိန်မြို့နယ်တရားရုံး**


myanmar national airlines
New international route from Yangon to Singapore starting 17th August.
Fly round trip from US$239
Be among the first to fly our new Myanmar National Airlines international service to Singapore. Flights depart from Mandalay, Thandwe and Bagan, via Yangon with exclusive, one-time check-in and immigration clearance at your point of departure.
Book now, contact our hotline on: 01 378 603 or call centre on: 01 377 840 ~ 843 or 09 254219651 or online: www.flymna.com
XY-ALB
myanmar
Sun Far Travel & Tours Tel. 01 243993
Columbus Travels Tel. 01 229245, 01 378535
Nice Fare Travel Tel. 01 255699, 01 255897
Seven Diamond Express Tel. 01 392974, 01 392975
Like us on Myanmar National Airlines
Journey of a lifetime

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သတ္တုတွင်းဝန်ကြီးဌာန
## ကျောက်မျက်ရတနာလုပ်ကွက်များ ခွင့်ပြုမိန့်ချထားပေးရေး၊ စစ်ဆေးရေးနှင့် ကြီးကြပ်ရေးလုပ်ငန်းကော်မတီ
## ကျောက်မျက်ရတနာသတ်မှတ်/ဖော်ထုတ်လုပ်ကွက်များနှင့် လစ်လပ်လုပ်ကွက်များအတွက် အဆိုပြုလွှာများတင်သွင်းရန် ကြေညာချက်(၈/၂၀၁၅)
### နေပြည်တော်၊ ၁၃၇၇ ခုနှစ် ဒုတိယဝါဆိုလဆန်း ၆ ရက် (၂၀၀၅ ခုနှစ် ဇူလိုင် ၂၂ ရက်)

၁။ ကျောက်မျက်ရတနာနယ်မြေများတွင် နိုင်ငံသားပုဂ္ဂလိက၊ ကုမ္ပဏီ၊ သမဝါယမအသင်းများက မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ ခွင့်ပြုမိန့်များရယူ၍ ကျောက်မျက်တူးဖော်ထုတ်လုပ်နေသည့် ကျောက်မျက်လုပ်ကွက်များမှ ၂၀၁၅ ခုနှစ် အောက်တိုဘာ၊ နိုဝင်ဘာ၊ ဒီဇင်ဘာလများအတွင်း သက်တမ်းကုန်ဆုံးမည့် သတ်မှတ်လုပ်ကွက်များ၊ ဖော်ထုတ်လုပ်ကွက်များနှင့် လစ်လပ်လုပ်ကွက်များကို မြန်မာ့ကျောက်မျက်ရတနာဥပဒေ(ပုဒ်မ-၁၂)၊ (ပုဒ်မ-၁၃)၊(ပုဒ်မ-၁၅)တို့နှင့်အညီ ဈေးပြိုင်စနစ်ဖြင့် ခွင့်ပြုမိန့်များထုတ်ပေးရေးဆောင်ရွက်မည်ဖြစ်ပါသည်။

၂။ လုပ်ကွက်များအတွက် အဆိုပြုလျှောက်ထားသောကုမ္ပဏီသည် အဆိုပြုလွှာနှင့်အတူ ငွေရေးကြေးရေးခိုင်မာမှုရှိကြောင်း မြန်မာ့စီးပွားရေးဘဏ်(သို့မဟုတ်) နိုင်ငံတော်က အသိအမှတ်ပြုထားသည့် ပုဂ္ဂလိကဘဏ်တစ်ခုခုမှ (Bank Statement)ကို ပူးတွဲတင်ပြ လျှောက်ထားရမည်ဖြစ်ပါသည်။

၃။ လုပ်ငန်းမှတ်ပုံတင်ခြင်း၊ အဆိုပြုလွှာထုတ်ယူခြင်းနှင့် အဆိုပြုလွှာပြန်လည်တင်သွင်းခြင်းများကို မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)နှင့်ဆက်သွယ်၍ အောက်ပါအတိုင်း ဆောင်ရွက်ရန်ဖြစ်ပါသည်-

(က) လုပ်ငန်းမှတ်ပုံတင်ခြင်းနှင့် အဆိုပြုလွှာထုတ်ယူခြင်း ။ ၂၀၁၅ ခုနှစ် ဇူလိုင် ၂၇ ရက်မှစ၍ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)၊ မြန်မာ့ကျောက်မျက်ရတနာ ပြတိုက်(နေပြည်တော်)တွင် မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ မှတ်ပုံတင်ကြေးငွေများပေးသွင်း၍ မှတ်ပုံတင်ပြီး အဆိုပြုလွှာထုတ်ယူခြင်း၊ လုပ်ကွက်မြေပုံများကို ကြည့်ရှုလေ့လာခြင်းများ ဆောင်ရွက်နိုင်ပါသည်။

(ခ) အဆိုပြုလွှာများတင်သွင်းခြင်း။ အဆိုပြုလွှာတင်သွင်းလိုသူများသည် သတ်မှတ်လုပ်ကွက်များအတွက် သတ်မှတ်အဆိုပြုလွှာ(မကလ-၂)နှင့် ပုံစံ(သမ-၁)တို့တွင် လည်းကောင်း၊ ဖော်ထုတ်လုပ်ကွက်များအတွက် ဖော်ထုတ်လုပ်ကွက်အဆိုပြုလွှာ (မကလ-၅)နှင့် ပူးတွဲပုံစံ(ဖထ-၁)တို့တွင်လည်းကောင်း လိုအပ်သည်များကို ပြည့်ပြည့်စုံစုံရေးသွင်းရပါမည်။ ၄င်းအဆိုပြုလွှာများကို တစ်စောင်စီခွဲ၍ စာအိတ်နှစ်ထပ်တွင် အတွင်းအပြင်ချိတ်ထိုးပြီး ၂၀၁၅ ခုနှစ် ဇူလိုင် ၂၇ ရက်မှ ဩဂုတ် ၂၆ ရက်အတွင်း မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)၊ မြန်မာ့ကျောက်မျက်ရတနာပြတိုက်(နေပြည်တော်)တွင် သတ်မှတ်ချက်များနှင့်အညီ တင်သွင်းရပါမည်။

၄။ ကျောက်မျက်ရတနာလုပ်ကွက်များအတွက် ဈေးပြိုင်စနစ်ဖြင့် ချိပ်ပိတ်အဆိုပြုလွှာများတင်သွင်းရာတွင် အဆိုပြုလွှာတစ်စောင်(လုပ်ကွက်တစ်ကွက်)အတွက် အာမခံစပေါ်ငွေ (Deposit) ကျပ်တစ်ဆယ်သိန်းကို မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း သို့ အဆိုပြုလွှာ တင်သွင်းရာတွင် ပေးသွင်းရပါမည်။

၅။ အမည်မည်း(Black List)စာရင်း တင်သွင်းခံရသည့် လူပုဂ္ဂိုလ်နှင့် ကုမ္ပဏီများကို ကျောက်စိမ်း၊ ကျောက်မျက်လုပ်ကွက်များအတွက် အဆိုပြုလျှောက်ထားခွင့်မပြု(မပြု)ပါ။

၆။ ကြေညာခေါ်ယူမည့်လုပ်ကွက်များစာရင်းနှင့် မြေပုံများအားလုံးကို မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)၊ နေပြည်တော်တွင်လည်းကောင်း၊ သက်ဆိုင်ရာရတနာနယ်မြေများအလိုက် ကြေညာခေါ်ယူမည့်လုပ်ကွက်များစာရင်းနှင့်မြေပုံများကို မိုးကုတ်မြို့နှင့် မိုင်းရှူးမြို့များတွင်ရှိသည့် ကျောက်မျက်တူးဖော်ရေးဌာနများတွင်လည်းကောင်း၊ ဖားကန့်မြို့၊ မိုးညှင်းမြို့နှင့် ခန္တီးမြို့များတွင်ရှိသည့် ကျောက်စိမ်းတူးဖော်ရေးစခန်းများတွင်လည်းကောင်း၊ ကြော်ငြာသင်ပုန်းများတွင် ကြေညာထားပါသဖြင့် အသေးစိတ်သိရှိလိုသူများသည် ၄င်းဌာနများသို့ သွားရောက်ဆက်သွယ်ကြည့်ရှုနိုင်ပါသည်။

**ကျောက်မျက်ရတနာလုပ်ကွက်များခွင့်ပြုမိန့်ချထားပေးရေး**
**စစ်ဆေးရေးနှင့်ကြီးကြပ်ရေးလုပ်ငန်းကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ဇဗ္ဗူသီရိမြို့နယ်၊သီရိရတနာအဆင့်မြင့်ဈေး၊ ဆိုင်ခန်းမြေကွက်အမှတ် (၆၀)အား ရန်ကုန်တိုင်းဒေသကြီး၊ဗဟန်းမြို့နယ်၊ကမ္ဘာအေးဘုရားလမ်း၊အိမ်အမှတ် (၁၂၆)နေ ဦးစိုးနိုင်(ခ)ဒေါက်တာကိုကိုကြီး ၁၂/ကတတ(နိုင်)၀၁၂၂၄၃ အမည်ပေါက် ပိုင်ဆိုင်ပြီးရှမ်းပြည်နယ်၊တောင်ကြီးမြို့၊ ရေအေးကွင်းရပ်၊ရန်ကြီးအောင်လမ်း၊အမှတ် (၁၈/၁၂)နေ ဦးလင်းယု(ခ)ဝမ်ရှန်ရင် ၁၃/တကန(နိုင်)၀၀၆၃၉၄ အခွန်ထမ်းအမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာခြင်းအား ကန့်ကွက်လိုပါက ဤကြော်ငြာစာပါသည့်ရက်မှ ၁၄ရက်အတွင်းအထောက်အထားအပြည့်အစုံဖြင့် ဈေးများဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိက ရုံးလုပ်ငန်းကိစ္စရပ်များကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဈေးများဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ၅၄ ရပ်ကွက်၊ ချယ်ရီလမ်း၊ အမှတ်(၁၄၀/ခ)ရှိ (အလျား ပေ ၂၀×အနံ ပေ ၆၀) ဒေါ်အေးတင် (ZLN-၀၀၈၉၅၃) အမည်ပေါက် ပါမစ်မြေနှင့် မြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အား စာချုပ်အဆက်စပ်များအရ ဝယ်ယူပိုင်ဆိုင်လက်ရှိထားသူဟု ဝန်ခံသူ ဒေါ်ဝင်းမာအေး (HTYA-၀၀၃၅၄၅)ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မြဝင်း ၁၀/ပမန(နိုင်)၁၂၈၅၁၄ က ဝယ်ယူရန်အတွက် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့်အတူ လာရောက်ကန့်ကွက်နိုင်ပါသည်။သတ်မှတ်ရက် ကျော်လွန်က အပြီးသတ်အရောင်းအဝယ်စာချုပ်ချုပ်ဆိုသွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။ **လွှဲအပ်ချက်အရ-**

**ဦးတင်အေး (တရားလွှတ်တော်ရှေ့နေ) ၆၈၅၈**
**၁၄၉၊ လမ်း (၄၀)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်၊ ဖုန်း-၀၉-၅၀၅၇၈၂၁**

## လူပျောက်

တာချီလိတ်မြို့၊ ဆန်ဆိုင်း(ခ)ရပ်ကွက်၊ ဝမ်မိုင်ရွာနေ ဒေါ်သန်းသန်းလတ်၏ခင်ပွန်း မသဉ္ဇာစန်းယုမြင့်၏ဖခင်၊ ဦးစန်းယုမြင့် အသက် (၄၃)နှစ် ၁၃/တခလ(နိုင်)၀၂၆၆၂၈ သည် တာချီလိတ်မြို့မှ ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ထောက်ကြန့်ဘုရားလေးကွေ့၊ တောရကျောင်းလမ်းတွင် နေထိုင်သည့်အစ်ကိုဖြစ်သူထံ သွားရောက်စဉ် ၁၁-၅-၂၀၁၅ ရက်တွင် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိရာအရပ်မှ မိဘဆွေမျိုးများ၊ လုပ်ဖော်ကိုင်ဖက်များထံ ဖော်ပြပါဖုန်းများသို့ ဆက်သွယ်အကြောင်းကြားပေးကြပါရန် အိမ်ထောင်ရေးပျက်ပြားအောင် လက်ခံထားသူများကို သွေးဆောင်ဖြားယောင်းမှု၊ လိမ်လည်မှု၊ ထိမ်ချန်မှု၊ အားပေးကူညီမှုတို့ဖြင့် ဥပဒေအရ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။ **ဇနီး ဒေါ်သန်းသန်းလတ်၊ သမီး မသဉ္ဇာစန်းယုမြင့်**
**ဖုန်း-၉၃၀၂၈၁၁၃၇**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၀ယ/၆၃၅၂၄ YIN XIANG 125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ကျော် ၇/ဝမန(နိုင်)၀၀၁၃၉၃ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မူဆယ်)၊ မူဆယ်မြို့**

## စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း (၇/၂၀၁၅)

၁။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းမှ အောက်ဖော်ပြပါမြန်မာကျပ်ငွေဖြင့် လုပ်ငန်းဆောင်ရွက်ခြင်းအတွက် တင်ဒါခေါ်ယူလိုပါသည်-

Gas Engine Generator (4 Units) & Accessories (1 Lot) စုစုပေါင်းအလေးအချိန် 140 တန်ခန့်အား ရန်ကုန်ဆိပ်ကမ်းမှ အမှတ် (၂)ရေနံဓာတ်ငွေ့ရည်စက်ရုံ (ညောင်တုန်း)သို့ သယ်ယူပို့ဆောင်ခြင်းလုပ်ငန်းအတွက် Transporter ယာဉ်များငှားရမ်းခြင်း

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၂၈-၇-၂၀၁၅ရက်
**တင်ဒါပိတ်မည့်ရက်/အချိန်** - ၁၄-၈-၂၀၁၅ရက်၊ ၁၂း၀၀နာရီ

၃။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကိုအောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**စွမ်းအင်ဝန်ကြီးဌာန**
**မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ စီမံရေးဌာန/ဘဏ္ဍာရေးဌာန**
**ရုံးအမှတ် (၄၄)၊ နေပြည်တော်၊**
**ဖုန်း-၀၆၇-၄၁၁၁၂၃၊ ၀၆၇-၄၁၁၁၉၃**

## The Republic of the Union of Myanmar
## Yangon Region Government
## Tender Evaluation and Selection Committee(DICTCS)
## Invitation for Expression of Interest(EOI)
## On
## Design,Installation and Commissioning of Yangon Comprehensive Traffic Control System(DICTCS)

1. Yangon Region Government,Hereby invites competent Local/Joint Venture of Local and Foreign Company(ies) for submission of EOI on Design, Installation and Commissioning of Comprehensive Traffic Control System(DICTCS)for Yangon City.
2. The scope of DICTCS includes,but not limited to,the following:
   (a) Traffic signal and Control System
   (b) Transmission Infrastructure
   (c) Command and Control Center including Building
   (d) Data Collection System
   (e) IP Video and Video Analysis
   (f) Public Information and Dissemination
   (g) Intelligent Transport and Public Surveillance
3. EOI to be submitted by interested Companies Shall include the following informaton:
   (a) Details and Status of Company(ies),detailed statment of the nationality of shareholder(s) and their holding(s)(%),evidence of Company Registration (Certified copy to be attached)
   (b) Company Profile(s)(in English)
   (c) Aggregate value of contracts executed by the Company(ies) over the last 3 years.
   (d) Experience of works in a nature similar to DICTCS. [If any,applied technologies and location(s)]
   (e) Names and qualification of senior management and technical personnel,engineers to be assigned by Company(ies)for DICTCS.
   (f) Information on any litigation in which the applicant(s) was involved during last 3 years and is involved at present including the names of the parties concerned and the amounts in dispute.
4. EOI in the form of hard copy and soft copy shall be delivered in person at Engineering Department (roads and Bridges) YCDC, not later than 1 pm(local time)on 7th August 2015(Friday). The EOI submitted later than the designated time and date will not be Considered.
5. The Companies which have been determined as qualified for DICTCS will be invited for purchase and submission of tender as early as possible after scrutiny of EOIs submitted.

**Tender Evaluation and Selection Committee(DICTCS)**

## အမည်ပြောင်း

ဦးစိုးမိုးသူ၏သမီး ဒဂုံမြို့နယ်၊ အထက(၁) ဒဂုံတက္ကသိုလ်ဝင်တန်း (C)မှ မအေးငြိမ်းစံ အား ယနေ့မှစ၍ မအေးငြိမ်းချိုဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မအေးငြိမ်းချို**

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ပျော်ဘွယ်မြို့နယ်၊ အထက(၃)ယင်းတော် တက္ကသိုလ်ဝင်တန်း(က) မှ မသဲအိချို ကျောင်းဝင်အမှတ် (က-၄၉၉၇)၏ ဖခင်အမည်မှန်သည် ဦးကျော်စိုး ၉/ပဘန(နိုင်)၀၄၄၆၂၁ ဖြစ်ပါသည်။

**ဦးကျော်စိုး**

## ဖခင်အမည်မှန်ဖြစ်ကြောင်း

အထက(၄)၊ အလုံ အဌမတန်း(က) မှ မောင်စညာဏ်လင်းထူး၏ ဖခင်အမည်မှန်မှာ ဦးစသန်းမင်းဦးဖြစ်ကြောင်းနှင့် ဦးစသန်းမင်းဦးနှင့် ဦးသန်းမင်းဦးမှာ တစ်ဦးတည်းဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

## အမည်မှန်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ အထက (၃) မရမ်းကုန်း တက္ကသိုလ်ဝင်တန်း(A)မှ မခင်သန်းဝေနှင့် နဝမတန်း(C) မှ မလှပြည့်စုံတို့၏ ဖခင်အမည်မှန်မှာ ဦးတင်ဝင်း ၁၂/မရက(နိုင်)၁၂၈၇၇၈ ဖြစ်ပါကြောင်း။

**ဦးတင်ဝင်း**

## အမည်ပြောင်း

ဦးထိုက်စိုး ၁၀/ရမန(နိုင်)၁၁၅၂၀၁၏သား မော်လမြိုင် အထက(၆) အဌမတန်း(F)မှ မောင်သိုက်ချမ်း၏ အမည်မှန်မှာ မောင်သိုက်ဆာန် ဖြစ်ပါကြောင်း။

**မောင်သိုက်ဆာန်**

## (၃၅)နှစ်မြောက် ကျောက်စိမ်းရတုမင်္ဂလာတောင်းဆုပန်လွှာ

ချစ်သောဖေဖေ ဒုဗိုလ်မှူးကြီးစိန်အေး(ငြိမ်း)နှင့် ချစ်သောမေမေ ဒေါ်နိုင်နိုင်အေးတို့၏ ၂၅-၇-၂၀၁၅ရက်တွင် ကျရောက်သော(၃၅)နှစ်ပြည့်မင်္ဂလာရက်မြတ်မှသည် မင်္ဂလာရတုပေါင်းများစွာတိုင်အောင် ချစ်သောသားသမီးများနှင့်အတူ ကျန်းမာပျော်ရွှင်စွာဖြင့် လောကီလောကုတ္တရာနှစ်ဖြာသောအကျိုး သယ်ပိုးနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်-

**ဖေဖေ မေမေရဲ့ချစ်သော**
**ချစ်သား ဗိုလ်ကြီးကျော်စောထက်**
**DSTA တပ်မတော်(ရေ)**
**ချစ်သမီး ဗိုလ်ကြီးသက်အောင်-မချောစုစုနိုင်**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ရန်ကုန်တိုင်းဒေသကြီးအစိုးရ
## တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ (DICTCS)
## Yangon Comprehensive Traffic Control System
## ဒီဇိုင်းရေးဆွဲခြင်း၊ တပ်ဆင်ခြင်းနှင့်လည်ပတ်ခြင်းဆိုင်ရာ စိတ်ပါဝင်စားမှုဖော်ပြချက် (EOI) ဖိတ်ခေါ်ခြင်း

(၁) ရန်ကုန်တိုင်းဒေသကြီးအစိုးရသည် ရန်ကုန်မြို့တော်တွင် ဒီဇိုင်းရေးဆွဲခြင်း၊ တပ်ဆင်ခြင်းနှင့် လည်ပတ်ခြင်းဆိုင်ရာ Yangon Comprehensive Traffic Control System (DICTCS) လုပ်ငန်းအတွက်အရည်အချင်းပြည့်စုံသော ပြည်တွင်း/ပြည်တွင်းနှင့် ပြည်ပကုမ္ပဏီတို့ပါဝင်သော ဖက်စပ်လုပ်ငန်းများအား စိတ်ပါဝင်စားမှု ဖော်ပြချက်အဆိုပြုလွှာ (EOI) တင်သွင်းရန် ဖိတ်ခေါ်ပါသည်။

(၂) DICTCS တွင် အောက်ပါတို့ပါဝင်ပါသည် (ကန့်သတ်ထားခြင်းမဟုတ်ပါ။)
   (က) Traffic Signal and Control System
   (ခ) Transmission Infrastucture
   (ဂ) Command and Control Center including building
   (ဃ) Data Collection System
   (င) IP Video and Video Analysis
   (စ) Public Information and Dissemination
   (ဆ) Intelligent Transport and Public Surveillance

(၃) စိတ်ပါဝင်စားသည့်ကုမ္ပဏီများတင်သွင်းသော EOI တွင် အောက်ဖော်ပြပါအချက်အလက်များ ဖော်ပြပါရှိရပါမည်-
   (က) ကုမ္ပဏီ(များ)၏ အဆင့်အခြေအနေနှင့် အသေးစိတ်အချက်အလက်များ၊ အစုရှယ်ယာဝင်များ၏ နိုင်ငံသားဖြစ်မှုဆိုင်ရာ အသေးစိတ်ဖော်ပြချက်များနှင့် ၎င်းတို့၏ ထည့်ဝင်ပိုင်ဆိုင်မှုရာခိုင်နှုန်း၊ ကုမ္ပဏီမှတ်ပုံတင်အထောက်အထား(မှတ်ပုံတင်မိတ္တူ ပူးတွဲတင်ပြရန်)
   (ခ) ကုမ္ပဏီ(များ)အကြောင်းအရာဖော်ပြချက်များ(အင်္ဂလိပ်ဘာသာဖြင့်)
   (ဂ) လွန်ခဲ့သောသုံးနှစ်အတွင်း ကုမ္ပဏီ(များ)မှချုပ်ဆိုခဲ့သော စာချုပ်များ၏ စုစုပေါင်းတန်ဖိုး
   (ဃ) DICTCS နှင့် အလားတူလုပ်ငန်းအတွေ့အကြုံ (ရှိခဲ့ပါက အသုံးပြုခဲ့သော နည်းပညာ၊ ဆောင်ရွက်ခဲ့သောဒေသ)
   (င) DICTCS အတွက် ကုမ္ပဏီ(များ)က တာဝန်ပေးအပ်မည့် အကြီးတန်းစီမံခန့်ခွဲမှုနှင့် ကျွမ်းကျင်မှုဆိုင်ရာပုဂ္ဂိုလ်များ၊ အင်ဂျင်နီယာများ၏အမည်နှင့် အရည်အချင်း
   (စ) လွန်ခဲ့သောသုံးနှစ်အတွင်း လျှောက်ထားသူ(များ)မှ တရားအမှုအခင်းတွင် ပါဝင်ခဲ့မှု သတင်းအချက်အလက်များ၊အမှုတွင် ပါဝင်ပတ်သက်သည့်ပုဂ္ဂိုလ် အဖွဲ့အစည်းများအမည်နှင့် ငွေကြေးပမာဏ

(၄) EOI ကို အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား)၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသို့ ၂၀၁၅ ခုနှစ် ဩဂုတ် ၇ ရက် (သောကြာနေ့)မွန်းလွဲ ၁နာရီတွင် (ဒေသစံတော်ချိန်)ထက် နောက်မကျစေဘဲ Hard Copy and Soft Copy နှင့်အတူ လူကိုယ်တိုင် အရောက်ပေးပို့ရမည်။ သတ်မှတ်ရက်၊ အချိန်ထက်နောက်ကျတင်သွင်းသော EOI များကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

(၅) တင်သွင်းလာသော EOI များအားစိစစ်၍ DICTCS အတွက် အရည်အချင်းပြည့်မီသည်ဟု သတ်မှတ်ခြင်းခံရသည့်ကုမ္ပဏီများအား တင်ဒါဝယ်ယူတင်သွင်းနိုင်ရန် အမြန်ဆုံး ဖိတ်ကြားခြင်းပြုပါမည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ(DICTCS)**

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့၊ အမှတ် (၂)၊ အထက၊ တက္ကသိုလ်ဝင်တန်း(E) မှ မအိသူ၏ဖခင်အမည်မှန်မှာ ဦးပေါ ၉/ကပတ(နိုင်) ၁၃၂၀၅၆ ဖြစ်ပါသည်။

**ဦးပေါ**

## ဦးရဲဝင်းအောင်နှင့်အများသိစေရန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ဆားလင်းကြီးမြို့နယ်၊ ထန်းတောကျေးရွာနေ ဦးအောင်ဇော်မြင့် ၅/ဆလက(နိုင်)၀၇၃၂၉၇ပိုင်ဆိုင်သည့် န/၅၆၆ နီဆန်း Contor (ကား)အား စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့၊ စက်မှုဇုန် (၁)နေ ဦးရဲဝင်းအောင် ၅/ပလန(နိုင်)၁၂၄၉၄၆မှ ၃-၁၂-၂၀၁၄ရက်တွင် တစ်လလျှင် (၃)သိန်းကျပ်နှုန်းဖြင့် (၆)လစာချုပ် ချုပ်ဆိုငှားရမ်းခဲ့ပါသည်။ ဦးရဲဝင်းအောင်မှာ ကားငှားရမ်းခ (၄)လစာပေးရန် ကျန်ရှိသည့်အပြင် (၆)လပြည့်ပြီးနောက်ပိုင်းတွင်လည်း ကားရောလူပါ အဆက်အသွယ်မရကာ ကားကိုလည်း ဦးအောင်ဇော်မြင့်ထံ ယခုအချိန်အထိ ပြန်လည်အပ်နှံခြင်းမရှိခဲ့ပါ။ သို့ပါ၍ ဦးရဲဝင်းအောင်အနေဖြင့် ကားအားအမြန်ဆုံး လာရောက်အပ်နှံပေးပါရန်နှင့် လာရောက်အပ်နှံခြင်းမရှိပါက တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆိုသွားမည်ဖြစ်ကြောင်း ဦးရဲဝင်းအောင်သိစေရန် ကြေညာအပ်ပါသည်။

**ဦးအောင်ဇော်မြင့်၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမိုးကျော်သူ**
**အထက်တန်းရှေ့နေ စဉ်-၄၅၁၆၇**
**တမာကုန်းရပ်၊**
**အိုးတော်ရပ်ကွက်၊ အမရပူရမြို့နယ်၊**
**ဖုန်း-၀၉-၉၇၀၂၂၅၉၂၁**

## ဝမ်းနည်းကြေကွဲခြင်း

**သီရိပျံချီဦးအောင်သောင်း**
**ဝန်ကြီး(ငြိမ်း)**
**ဥက္ကဋ္ဌ၊ ဘဏ္ဍာရေးနှင့်ငွေကြေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ**
**ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်**
**မန္တလေးတိုင်းဒေသကြီး၊ တောင်သာမဲဆန္ဒနယ်**
**အသက်(၇၉)နှစ်**

ပြည်သူ့လွှတ်တော်၊ ဘဏ္ဍာရေးနှင့်ငွေကြေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ၊ မန္တလေးတိုင်းဒေသကြီး၊ တောင်သာမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် သီရိပျံချီ ဦးအောင်သောင်းသည် ၂၃-၇-၂၀၁၅ရက်(ကြာသပတေးနေ့)နံနက် ၈း၁၅နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ထပ်မျှဝမ်းနည်းကြေကွဲ ရပါသည်။

**ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊**
**အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ**
**တနင်္သာရီတိုင်းဒေသကြီး**

## ဝမ်းနည်းကြေကွဲခြင်း

**သီရိပျံချီဦးအောင်သောင်း**
**ဝန်ကြီး(ငြိမ်း)**
**ဥက္ကဋ္ဌ၊ ဘဏ္ဍာရေးနှင့်ငွေကြေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ**
**ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်**
**မန္တလေးတိုင်းဒေသကြီး၊ တောင်သာမဲဆန္ဒနယ်**
**အသက်(၇၉)နှစ်**

ပြည်သူ့လွှတ်တော်၊ ဘဏ္ဍာရေးနှင့်ငွေကြေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ၊ မန္တလေးတိုင်းဒေသကြီး၊ တောင်သာမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် သီရိပျံချီ ဦးအောင်သောင်းသည် ၂၃-၇-၂၀၁၅ရက်(ကြာသပတေးနေ့) နံနက် ၈း၁၅နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊**
**အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ**
**မန္တလေးတိုင်းဒေသကြီး**

## ဝမ်းနည်းကြေကွဲခြင်း

**သီရိပျံချီဦးအောင်သောင်း**
**ဝန်ကြီး(ငြိမ်း)**
**ဥက္ကဋ္ဌ၊ ဘဏ္ဍာရေးနှင့်ငွေကြေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ**
**ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်**
**မန္တလေးတိုင်းဒေသကြီး၊ တောင်သာမဲဆန္ဒနယ်**
**အသက်(၇၉)နှစ်**

ပြည်သူ့လွှတ်တော်၊ ဘဏ္ဍာရေးနှင့်ငွေကြေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ၊ မန္တလေးတိုင်းဒေသကြီး၊ တောင်သာမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် သီရိပျံချီ ဦးအောင်သောင်းသည် ၂၃-၇-၂၀၁၅ရက်(ကြာသပတေးနေ့)နံနက် ၈း၁၅နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ထပ်မျှဝမ်းနည်းကြေကွဲရပါသည်။

**ဘဏ္ဍာရေးနှင့်ငွေကြေးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးကော်မတီ**
**ပြည်သူ့လွှတ်တော်**

## ဝမ်းနည်းကြေကွဲခြင်း

**သီရိပျံချီဦးအောင်သောင်း**
**ဝန်ကြီး(ငြိမ်း)**
**ဥက္ကဋ္ဌ၊ ဘဏ္ဍာရေးနှင့်ငွေကြေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ**
**ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်**
**မန္တလေးတိုင်းဒေသကြီး၊ တောင်သာမဲဆန္ဒနယ်**
**အသက်(၇၉)နှစ်**

ပြည်သူ့လွှတ်တော်၊ ဘဏ္ဍာရေးနှင့်ငွေကြေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ၊ မန္တလေးတိုင်းဒေသကြီး၊ တောင်သာမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် သီရိပျံချီ ဦးအောင်သောင်းသည် ၂၃-၇-၂၀၁၅ရက်(ကြာသပတေးနေ့)နံနက် ၈း၁၅နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ထပ်မျှဝမ်းနည်းကြေကွဲရပါသည်။

**ဦးတင်မောင်နှင့်ဇနီး ဒေါ်ခင်မြမြ**
**ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ချမ်းမြသာစည်မဲဆန္ဒနယ်**
**သူရိန်နန်း(ကိုယ်ပိုင်အထက်တန်းကျောင်းမိသားစု)၊ မန္တလေးမြို့**

## ဝမ်းနည်းကြေကွဲခြင်း

**ဒေါ်တင်နွယ်**
**အသက်(၆၆)နှစ်**

သူငယ်ချင်း ဒေါက်တာတင်အုန်း (ကိုတင်အုန်းတာယာရောင်းဝယ်ရေး)၏မိခင် ဒေါ်တင်နွယ်သည် ၂၁-၇-၂၀၁၅ ရက်(အင်္ဂါနေ့) နံနက် ၇း၀၀နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**BVS (၁၉၈၃-၁၉၈၆)မှ**
**သူငယ်ချင်းများ**

## အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
ဒေါ်ခင်ဝင်းကြည် (၅၇)နှစ်

မန္တလေးမြို့၊ လမ်း ၂၉ x ၃၀၊ ၇၀ x ၇၂ လမ်းကြား၊ ရွှေလုံရပ်၊ သစ္စာလမ်းသွယ်၊ အိမ်အမှတ်(၃၁/၂၀)နေ ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာ(ဦးစက်တင်)+ဒါယိကာမ ဒေါ်ခင်လှ(ဇမ္ဗူအောင်မိသားစု)တို့၏သမီးကြီး၊ ဒေါ်ခင်ဝင်းရီ၊ ဦးစန်းအောင် + ဒေါ်ခင်ဝင်းသီ၊ ဦးဝင်းအောင်+ဒေါ်နန်းမွှေးကြိုင် (Mandalay Golden Wing Construction Ltd)၊ ဦးဝင်းမောင်တို့၏ ချစ်လှစွာ သောအစ်မကြီး၊ မောင်အောင်ထက်ကျော်၊ မလမင်းအိမ်တို့၏ ကြီးကြီး ဒေါ်ခင်ဝင်းကြည်သည် ၂၀-၇-၂၀၁၅(တနင်္လာနေ့) နံနက် ၄း၀၀ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်း ကြေကွဲရပါသည်။

ဦးထွန်းထွန်းအောင်၊ ဦးသော်တာမြင့်၊ ဦးခင်မောင်ဝင်း
Aye Yar River View Resort ဝန်ထမ်းမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

ကိုပြည့်ဖြိုးဦး
အသက်(၂၅)နှစ်

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ ရေဦးမြို့၊ အောင်ရတနာယာဉ်အသင်း၏ ဥက္ကဋ္ဌ ဦးမြင့်ဦး-ဒေါ်စန်းစန်းဝေတို့၏ တစ်ဦးတည်းသောသားဖြစ်သူ ကိုပြည့်ဖြိုးဦးသည် ၁၆-၇-၂၀၁၅ ရက်နေ့ နံနက် ၅း၀၀ နာရီတွင် ကွယ်လွန်သွားကြောင်းသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

(ရေဦး) အောင်ရတနာယာဉ်အသင်း
ရန်ကုန်ဂိတ် ဝန်ထမ်းမိသားစုများ

## ဝမ်းနည်းကြေကွဲခြင်း

**ဒေါ်ညွန့်ရင်**
**ဓမ္မရက္ခိတဆန်စက်၊ ကျိုက်လတ်မြို့**
**အသက်(၉၆)နှစ်**

